# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**သူတော်ကောင်းတရား ကြားနာရခြင်း**

လူအဖြစ်ကို ရခြင်းသည် ခဲယဉ်း၏။ သတ္တဝါတို့၏ အသက်ရှင်ခြင်းသည် ခဲယဉ်း၏။ သူတော်ကောင်း တရားကို ကြားနာရခြင်းသည် ခဲယဉ်း၏။ ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်လာရခြင်းသည် ခဲယဉ်း၏။

ဗုဒ္ဓဝဂ်(ဓမ္မပဒ-၁၈၂)


၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၆ ရက် | ၂၀၂၅ ခုနှစ်၊ စက်တင်ဘာ ၁၂ ရက်၊ သောကြာနေ့ | အတွဲ (၆၄)၊ အမှတ်(၃၄၃)


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစုများ၏ ၂၀၂၅ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

## “နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့” ဆိုသည့်ဆောင်ပုဒ်အား အထူးအလေးအနက်ထားဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၁၁**

သဘာဝပတ်ဝန်းကျင်အား ထိန်းသိမ်းနိုင်စေရန်နှင့် ရာသီဥတုကို အထောက်အကူဖြစ်စေရန်၊ အရိပ်အာဝါသရရှိစေရန်၊ နိုင်ငံ့စီးပွားရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် တိုင်းစစ်ဌာနချုပ်အသီးသီးတို့တွင် ၂၀၁၁ ခုနှစ်မှစ၍ နှစ်စဉ်မိုးရာသီ တစ်အုပ်တစ်မ သစ်ပင်စိုက်ပျိုးပွဲများ ကျင်းပပြုလုပ်လျက်ရှိသည်။

ယနေ့တွင် ၂၀၂၅ ခုနှစ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းဆည်အနီး၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်၍ ရတနာတန်းဝင်ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးသည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ၊ ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့်


*စာမျက်နှာ ၃ ကော်လံ ၁ ➡*




နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အရာရှိ၊ စစ်သည်မိသားစုများ၏ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုအား လှည့်လည်ကြည့်ရှုအားပေးစဉ်။




# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာ မဟုတ်

**ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာ မဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာမဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန်နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။**

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)





နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရတနာတန်းဝင်ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးစဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ ရတနာတန်းဝင်ကျွန်းပင်ကိုဦးဆောင်စိုက်ပျိုးပေးစဉ်။

❍ *ရှေ့ဖုံးမှ*

ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ သင်တန်းသားအရာရှိကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ရှိ ရုံးဌာနအသီးသီးမှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များ တက်ရောက်ကြသည်။

**ဆုံးရှုံးလစ်ဟာသွားသည့် သစ်ပင်သစ်တောများ ပြန်လည်အစားထိုးဖြည့်သွင်းစိုက်ပျိုး**

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် မိုးရာသီကာလသို့ ရောက်ရှိလာပြီဆိုပါက မြေဆီမြေနှစ်များနိုးကြားပြီး ထိုအချိန်တွင် တပ်မတော်အနေဖြင့် သစ်ပင်စိုက်ပျိုးပွဲများကို ကျင်းပပြုလုပ်၍ သစ်ပင်များကို စဉ်ဆက်မပြတ် စိုက်ပျိုးခဲ့ကြောင်း၊ ယခုပြုလုပ်သည့် သစ်ပင်စိုက်ပျိုးပွဲသည် ယခုနှစ်အတွက် တတိယအကြိမ်စိုက်ပျိုးသည့်ပွဲဖြစ်ကြောင်း၊ သစ်ပင်စိုက်ပျိုးခြင်း၏ အဓိကရည်ရွယ်ချက်မှာ သစ်ပင်သစ်တောများကို ထိန်းသိမ်းစောင့်ရှောက်ရန်ဖြစ်ကြောင်း၊ ထို့အပြင် အကြောင်းအမျိုးမျိုးကြောင့် ဆုံးရှုံးလစ်ဟာသွားသည့် သစ်ပင်သစ်တောများ ပြန်လည်အစားထိုးဖြည့်သွင်းစိုက်ပျိုးခြင်းလည်းဖြစ်ကြောင်း။

❖ **သစ်ပင်သစ်တောများအား အကြောင်းအမျိုးမျိုးကြောင့် ခုတ်ယူခြင်းများရှိသဖြင့် သစ်တောသစ်ပင်များ နည်းပါးလာပြီး ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုများကြောင့် ရာသီဥတုများ စံချိန်တင်ပူပြင်းခြင်း၊ မုန်တိုင်းများ ဖြစ်ပွားမှုကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းများကို ကမ္ဘာပေါ်ရှိလူသားများ ခံစားနေရ**

❖ **လူသားများ၏ လုပ်ဆောင်မှုများကြောင့် ရာသီဥတုများ ပြောင်းလဲလာခြင်းဖြစ်သဖြင့် လူသားများကပင် ပြန်လည်ထိန်းသိမ်းဆောင်ရွက်ကြရန်လို**

❖ **ထို့ကြောင့် သစ်တောသစ်ပင်များ စိုက်ပျိုးပေးခြင်း၊ ထိန်းသိမ်းခြင်းနှင့် စောင့်ရှောက်ပေးခြင်းများသည် သဘာဝဘေးအန္တရာယ်ကို အထိုက်အလျောက် ထိန်းချုပ်ပေးသည့် အခြေခံအကြောင်းအရာတစ်ခုဖြစ်**

သစ်တောသစ်ပင် မျိုးနွယ်စိတ်များသည် လူနှင့် သတ္တဝါများအတွက် အသက်ရှင်သန်ရန် နေ့စဉ်စားသုံးနေရသည့် အစာကွင်းဆက်တွင် အဓိကအကျဆုံး မူလအရင်းအမြစ်လည်းဖြစ်ကြောင်း၊ ထို့ပြင် သက်ရှိသတ္တဝါများအားလုံး အသက်ရှင်နေထိုင်နိုင်ရန်အတွက် အပြန်အလှန်သက်ရောက်မှီခိုနေရသည့် သဘာဝဂေဟစနစ် ကောင်းမွန်စွာလည်ပတ်နိုင်ရေးအတွက် အဓိကမောင်းနှင်အား အရင်းအမြစ်လည်းဖြစ်ကြောင်း၊ ထို့ကြောင့် ဆုံးရှုံးလစ်ဟာသွားသည့် သစ်တောသစ်ပင်များ အမြန်ဆုံးကုစားစိုက်ပျိုးခြင်းသည် လူသားတိုင်း ကိုယ်စီပြုမူသင့်သည့် အလေ့အထကောင်းတစ်ခုဖြစ်ကြောင်း။

သစ်ပင်သစ်တောများအား အကြောင်းအမျိုးမျိုးကြောင့် ခုတ်ယူခြင်းများရှိသဖြင့် သစ်တောသစ်ပင်များ နည်းပါးလာပြီး ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုများကြောင့် ရာသီဥတုများ စံချိန်တင်ပူပြင်းခြင်း၊ မုန်တိုင်းများဖြစ်ပွားမှုကြောင့် မိုးသည်းထန်စွာ ရွာသွန်းခြင်းများကို ကမ္ဘာပေါ်ရှိလူသားများ ခံစားနေရကြောင်း၊ လူသားများ၏ လုပ်ဆောင်မှုများကြောင့် ရာသီဥတုများပြောင်းလဲလာခြင်းဖြစ်သဖြင့် လူသားများကပင် ပြန်လည်ထိန်းသိမ်းဆောင်ရွက်ကြရန် လိုကြောင်း၊ ထို့ကြောင့် သစ်တောသစ်ပင်များ စိုက်ပျိုးပေးခြင်း၊ ထိန်းသိမ်းခြင်းနှင့် စောင့်ရှောက်ပေးခြင်းများသည် သဘာဝဘေးအန္တရာယ်ကို အထိုက်အလျောက် ထိန်းချုပ်ပေးသည့် အခြေခံအကြောင်းအရာတစ်ခု ဖြစ်ကြောင်း။

သစ်ပင်စိုက်ပျိုးခြင်းအလေ့အထသည် မြန်မာလူမှုပတ်ဝန်းကျင်တွင် **"တစ်သက်ပျော်ချင် သစ်ပင်စိုက်"** ဆိုသည့် အဆိုအမိန့်စကားတစ်ရပ်ရှိကြောင်း၊ အဓိကအားဖြင့် သစ်ပင်စိုက်ပျိုးခြင်းသည် ပတ်ဝန်းကျင်ကောင်းကို ဖန်တီးပေးခြင်းပင်ဖြစ်ကြောင်း၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အနေဖြင့် **"နိုင်ငံတော်ရွေးသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့"**၊

*စာမျက်နှာ ၄ သို့*



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ရတနာတန်းဝင် ကျွန်းပင်ကို စိုက်ပျိုးပေးစဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွယ် ရတနာတန်းဝင် ကျွန်းပင်ကို စိုက်ပျိုးပေးစဉ်။

*စာမျက်နှာ ၃ မှ*

**“နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့”၊ “နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့”** ဆိုသည့် ဆောင်ပုဒ်များကို ချမှတ်ထားကြောင်း၊ နိုင်ငံတော်သာယာရန်အတွက် လူတိုင်းလိုလားကြကြောင်း၊ မိမိတို့အနေဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် တာဝန်ထမ်းဆောင်သည့် ၂၀၁၁ ခုနှစ်မှ စတင်၍ သစ်ပင်စိုက်ပျိုးပွဲများကို ကျင်းပပြီး သစ်ပင်များကို စိုက်ပျိုးခဲ့ကြောင်း၊ ထိုသို့ စိုက်ပျိုးခဲ့မှုများကြောင့် ယခုအခါ ရေဆင်းဆည်ပတ်ဝန်းကျင်တွင် စိမ်းလန်းစိုပြည်လျက်ရှိခြင်း ဖြစ်ကြောင်း၊ ယခင်က တပ်မတော်တွင်တာဝန်ထမ်းဆောင်ခဲ့သည့် အငြိမ်းစားအရာရှိကြီးများအနေဖြင့်လည်း နေပြည်တော်သို့ ရောက်ရှိချိန်တွင် ၎င်းတို့ ယခင်က စိုက်ပျိုးခဲ့သည့်သစ်ပင်များ ရှင်သန်ဖြစ်ထွန်းပြီး ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်မှုကို ကြည့်ရှု၍ စိတ်ကြည်နူးချမ်းမြေ့ရသည်ကို မိမိကိုပြောကြားကြကြောင်း၊ ယခုစိုက်ပျိုးသည့် သစ်ပင်များသည်လည်း နောင်အခါတွင် ရှင်သန်ဖြစ်ထွန်းပြီး သဘာဝပတ်ဝန်းကျင်ကို ယခုထက် ပိုမိုစိမ်းလန်းစိုပြည်စေကာ မိမိတို့အတွက် အမှတ်တရဖြစ်စေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် သစ်ပင်စိုက်ပျိုးခြင်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ အိမ်တိုင်း၊ လမ်းတိုင်း၊ ရပ်ကွက်တိုင်း သစ်ပင်စိုက်ပျိုးရန် မိမိအနေဖြင့် အမြဲတိုက်တွန်းပြောကြားလျက်ရှိကြောင်း။

ယခုအခါ စိမ်းလန်းစိုပြည်သာယာမှုများမှာ အထိုက်သင့်ရှိလာပြီဖြစ်ကြောင်း၊ **သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် သစ်တောသစ်ပင်များကို စိုက်ပျိုးထိန်းသိမ်းခြင်း၊ စောင့်ရှောက်ခြင်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်သွားမည်ဆိုပါက မိမိတို့၏ ဆောင်ရွက်မှုများသည် သားစဉ်မြေးဆက်အထိ အကျိုးခံစားရမည်ဖြစ်**ကြောင်း၊ သစ်ပင်စိုက်ပျိုးရာတွင် အချိန်၊ ငွေကြေးနှင့်လူအင်အားများ စိုက်ထုတ်သုံးစွဲရသဖြင့် တာဝန်အရစိုက်ပျိုးခြင်းမျိုးမဟုတ်ဘဲ စေတနာထား၍ စိုက်ပျိုးသွားကြရန် လိုကြောင်း၊ ထို့ကြောင့် မိမိတို့စိုက်ပျိုးခဲ့သည့်သစ်ပင်များအား တစ်ပင်စိုက်တစ်ပင်ရှင်ဖြစ်စေရန်အတွက် စနစ်တကျ



ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း ရတနာတန်းဝင် ကျွန်းပင်ကို စိုက်ပျိုးပေးစဉ်။

စိုက်ပျိုးရန်နှင့်ရှင်သန်ဖြစ်ထွန်းရန်အတွက် ဆက်လက်ဆောင်ရွက်ရမည့်သူများကလည်း အထူးအလေးအနက်ထား၍ စနစ်တကျဖြင့်ထိန်းသိမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

**နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့က ရတနာတန်းဝင်ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုး**

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က ရတနာတန်းဝင်ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးကြသည်။ ဆက်လက်ပြီး ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) နှင့် ဇနီး၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အခမ်းအနားတက်ရောက်လာကြသည့် အရာရှိ၊ စစ်သည် မိသားစုများက သတ်မှတ်နေရာအသီးသီးတွင် သစ်ပင်များကို စိုက်ပျိုးကြသည်။ ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် အရာရှိ၊ စစ်သည် မိသားစုများ၏ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုအား လှည့်လည်ကြည့်ရှုအားပေးကြသည်။

**၂၀၁၁ ခုနှစ်မှ ၂၀၂၅ ခုနှစ် တတိယအကြိမ် သစ်ပင်စိုက်ပျိုးပွဲအထိ ရေဆင်းဆည် ပတ်ဝန်းကျင်၌ ရတနာတန်းဝင်ပင်၊ နှစ်ရှည်သီးနှံပင်နှင့်အရိပ်ရ လေကာပင် စုစုပေါင်း ၂၀၈၄၂၅ ပင် အား စိုက်ပျိုးခဲ့ပြီးဖြစ်**

ယနေ့ပြုလုပ်သည့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ တတိယအကြိမ် သစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင်ကျွန်းပင် ၉၀၀၊ ပျဉ်းကတိုးပင် ၆၀၀၊ ပိတောက်ပင် ၃၀၀၊ မဟော်ဂနီပင် ၆၀၀ စုစုပေါင်းအပင် ၂၄၀၀ အား စုပေါင်းစိုက်ပျိုးခဲ့ကြသည်။ ရေဆင်းဆည်ပတ်ဝန်းကျင်၌ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ထိန်းသိမ်းရေးအတွက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများအနေဖြင့် ၂၀၁၁ ခုနှစ်မှ ၂၀၂၅ ခုနှစ် တတိယအကြိမ် သစ်ပင်စိုက်ပျိုးပွဲအထိ သစ်ပင်စိုက်ပျိုးပွဲတော် စုစုပေါင်း ၄၄ ကြိမ် ကျင်းပပြုလုပ်၍ ရတနာတန်းဝင်ပင်၊ နှစ်ရှည်သီးနှံပင်နှင့် အရိပ်ရလေကာပင် စုစုပေါင်း ၂၀၈၄၂၅ ပင်အား စိုက်ပျိုးခဲ့ပြီးဖြစ်သည်။

**တပ်မတော်တစ်ရပ်လုံးအနေဖြင့် ယနေ့တွင် စုစုပေါင်းသစ်ပင် ၁၈၆၃၁၂ ပင်ကို စုပေါင်း စိုက်ပျိုးပေးနိုင်ခဲ့**

အလားတူ တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီး၌လည်း မိုးရာသီသစ်ပင်စိုက်ပွဲများ ကျင်းပ၍ ရတနာတန်းဝင်ပင်၊ စက်မှုကုန်ကြမ်းသီးနှံပင်၊ နှစ်ရှည်စားသုံးသီးနှံပင်၊ အရိပ်ရလေကာပင်များကို စုပေါင်းစိုက်ပျိုးကြရာတွင် နေပြည်တော်တိုင်းစစ်ဌာနချုပ်၌ သစ်ပင် ၁၁၃၅၀၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၌ သစ်ပင် ၆၃၉၀၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၉၀၀၉ ပင်၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၁၈၇၉၅ ပင်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်၌ ၂၁၅၉၄ ပင်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်၌ ၁၀၀၄၇ ပင်၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၌ ၁၅၈၈၁ ပင်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်၌ သစ်ပင် ၁၈၂၀၀၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်၌ ၆၁၄၅ ပင်၊ အနောက်မြောက် တိုင်းစစ်ဌာနချုပ်၌ ၂၀၂၇၆ ပင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၂၉၂၁၄ ပင်နှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၁၇၀၁၁ ပင်တို့ကို တိုင်းမှူးများနှင့် တာဝန်ရှိသူများက စုပေါင်းစိုက်ပျိုးခဲ့ကြပြီး ယနေ့တွင် တပ်မတော်အနေဖြင့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုဝင်များအပါအဝင် တိုင်းစစ်ဌာနချုပ်အသီးသီးနှင့် တပ်ရင်း၊ တပ်ဖွဲ့များ၌ စုစုပေါင်းသစ်ပင် ၁၈၆၃၁၂ ပင်ကို စိုက်ပျိုးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီး၌ မိုးရာသီသစ်ပင်စိုက်ပွဲများ ကျင်းပစဉ်။

## လွတ်ငြိမ်းချမ်းသာခွင့်အမိန့်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ**
အမိန့်အမှတ်၊ ၇ /၂၀၂၅
၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၅ ရက်
(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်)
**လွတ်ငြိမ်းချမ်းသာခွင့်အမိန့်**

ယာယီသမ္မတသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၄၊ ပုဒ်မခွဲ(ခ)တွင် ပြဋ္ဌာန်းထားသည့် အခွင့်အာဏာကို ကျင့်သုံးလျက် စစ်တွေခရိုင်တရားရုံးက ရာဇဝတ်ကြီးအမှုအမှတ်၊ ၉/၂၀၁၈၊ ရာဇသတ်ကြီးပုဒ်မ ၅၀၅၊ ပုဒ်မခွဲ(ခ)နှင့် ရာဇဝတ်ကြီးအမှုအမှတ်၊ ၃/၂၀၁၈၊ ရာဇသတ်ကြီး ပုဒ်မ ၁၂၂၊ ပုဒ်မခွဲ(၁)တို့အရ ပြစ်မှုထင်ရှားစီရင်ခဲ့သဖြင့် ပြစ်ဒဏ်ကျခံခဲ့ရပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်အရ ပြန်လည်လွတ်မြောက်လာခဲ့သည့် ဒေါက်တာအေးမောင် သည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော နိုင်ငံတော်၏ ဦးတည်ချက်များကို အစဉ်တစိုက် မမိုတ်မသုန် စွဲမြဲစွာ ခံယူစောင့်ထိန်းသွားမည်ဟု သန္နိဋ္ဌာန်ပြုကာ စစ်မှန်စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရာတွင် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ရန် ကတိကဝတ်ပြုမှုအရ ၎င်းအပေါ် ပြစ်မှုထင်ရှားစီရင်ထားသည့် ပြစ်မှုနှင့် ပြစ်ဒဏ်များအား အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ထောက်ခံချက်ဖြင့် လွတ်ငြိမ်းချမ်းသာခွင့် ပြုလိုက်သည်။

ပုံ

မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ယာယီသမ္မတ

## မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၁၁**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ပေါ်ရှိသံဃာတော်များအား ယနေ့ နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါမြို့ရှိ အောင်ဇေရန်အောင်ကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၃၂ ပါးအား ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်ကူး၍ ရောဂါရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ဆောင်ရွက်နေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး အောင်ဇေရန်အောင်ကျောင်းတိုက်ဆရာတော် အမှူးပြုသော သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## စာပေဗိမာန်စာအုပ်အသင်း စာအုပ်ဖြန့်ချိ

**နေပြည်တော် စက်တင်ဘာ ၁၁**

ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်စာအုပ်အသင်းက ပခုက္ကူစာပေဆု၊ ဝတ္ထုတိုပေါင်းချုပ်၊ ပထမဆုရ **"အမေ့သား(နတ်မောက်)"** ရေးသားသည့် **"မုသားချိုချိုနှင့် အခြားဝတ္ထုတိုများ"** စာအုပ်ကို ၂၀၂၅ ခုနှစ် စက်တင်ဘာလ အသင်းပေး စာအုပ်အဖြစ် စာအုပ်အသင်းဝင်များထံသို့ ဖြန့်ချိလျက်ရှိသည်။ ရန်ကုန်မြို့ရှိ စာအုပ်အသင်းဝင်များသည် အမှတ် (၅၂၉/၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်အသင်းတွင် လာရောက်ထုတ်ယူနိုင်ပြီး ကျန်အသင်းဝင်များသို့ စာတိုက်မှတစ်ဆင့် ပေးပို့လျက်ရှိသည်။

စာပေဗိမာန်စာအုပ်အသင်းဝင်လိုပါက အတွင်းရေးမှူး၊ စာပေဗိမာန်စာအုပ်အသင်းအမှတ် (၅၂၉/၅၃၁)ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၄၉၀၃၁၊ ၃၈၁၄၄၈ သို့ လိပ်မူ၍ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) (၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပရေး ဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၁**

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) (၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနားကျင်းပရေး ဦးစီးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော် မင်္ဂလာသီရိဟိုတယ် Grand Ball Room ၌ ကျင်းပပြုလုပ်သည်။

NCA လက်မှတ်ရေးထိုးပြီးချိန်မှစ၍ NCA အထိမ်းအမှတ် နှစ်ပတ်လည်နေ့ အခမ်းအနားများကို နှစ်စဉ်ကျင်းပပြုလုပ်ခဲ့ရာ လာမည့် ၂၀၂၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် ကျရောက်မည့် NCA (၁၀) နှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနားအား နေပြည်တော်၌ နိုင်ငံရေးအနှစ်သာရ ရှိရှိဖြင့် ခမ်းနားစွာ ကျင်းပမည်ဖြစ်ပြီး တစ်ဆက်တည်း NCA အထိမ်းအမှတ် အလုပ်ရုံဆွေးနွေးပွဲကိုလည်း ကျင်းပပြုလုပ်ရန် စီမံဆောင်ရွက်လျက်ရှိသည်။



NCA (၁၀) နှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနားကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) (၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနားကျင်းပရေး ဦးစီးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

### တက်ရောက်

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ NCA (၁၀) နှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနားကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်နှင့် ကော်မတီဝင်များ၊ ဦးစီးကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

### အတွေ့အကြုံများ မျှဝေဖလှယ်

အစည်းအဝေးတွင် ဦးစီးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က အဖွင့်အမှာစကားပြောကြားရာတွင် NCA သည် ငြိမ်းချမ်းရေးအတွက် အရေးကြီးကြောင်း၊ NCA နှစ်ပတ်လည်နေ့အခမ်းအနားနှင့် အလုပ်ရုံဆွေးနွေးပွဲတို့၌ NCA တွင် ပါဝင်ခဲ့ကြသူများ၊ ငြိမ်းချမ်းရေးနှင့် နိုင်ငံရေးဖြစ်စဉ်တွင် ပါဝင်ခဲ့ကြသည့် Stakeholders များ၊ ပြည်တွင်း/ပြည်ပ ပညာရှင်များနှင့် ကဏ္ဍအသီးသီးမှ တက်ရောက်လာကြသူများအနေဖြင့် NCA ၏ ၁၀ နှစ်တာကာလအတွင်း ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အကောင်အထည်ဖော်မှုများ၊ အောင်မြင်မှုများနှင့် သင်ခန်းစာများအပေါ် အချင်းချင်း အမြင်သဘောထားများ၊ အတွေ့အကြုံများ မျှဝေဖလှယ်ပြီး အလွတ်သဘောကျယ်ပြန့်စွာ ဆွေးနွေးနိုင်ရန် အခမ်းအနားကို ကျင်းပမည်ဖြစ်ကြောင်း၊ NCA (၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနားအား အသွင်သဏ္ဌာန်နှင့် အနှစ်သာရရှိရှိ ကျင်းပနိုင်ရေး၊ အခမ်းအနားကျင်းပရေးလုပ်ငန်းကော်မတီများ ဖွဲ့စည်းမှုနှင့် လုပ်ငန်းတာဝန်များအပေါ် လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးပေးနိုင်ရေးကိစ္စများ၊ နယ်စပ်ဒေသရှိ တိုင်းရင်းသားနယ်မြေများတွင် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးမှုလုပ်ငန်း ဆောင်ရွက်ချက်များကို သက်ဆိုင်ရာဝန်ကြီးဌာနများက ပြခန်းများတွင် ပါဝင်ခင်းကျင်းပြသနိုင်ရေးကိစ္စများအား ပြောကြားသည်။

### အကြံပြုဆွေးနွေး

ဆက်လက်၍ အခမ်းအနားကျင်းပရေး ဦးစီးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်က NCA (၁၀) နှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနားကျင်းပရေးကြိုတင်ပြင်ဆင်ဆောင်ရွက်မှုအခြေအနေနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များက လုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းများအား ရှင်းလင်းဆွေးနွေးကြပြီး တက်ရောက်လာသူများက လိုအပ်သည်များ အကြံပြုဆွေးနွေးကြသည်။

ယင်းနောက် အခမ်းအနားကျင်းပရေး ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက လူငယ်နှင့် ငြိမ်းချမ်းရေးကဏ္ဍအရေးပါမှု အခြေအနေ၊ လက်ရှိနိုင်ငံ၏ ပကတိဖြစ်ပေါ်တိုးတက်မှုနှင့် NCA အခမ်းအနား၏ အရေးပါမှုအခြေအနေနှင့် အခမ်းအနားကျင်းပရေးနှင့်ပတ်သက်၍ လိုအပ်ချက်များအား ဖြည့်စွက်ဆွေးနွေးသည်။

### နိဂုံးချုပ်အမှာစကားပြောကြား

ယင်းနောက် ဦးစီးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

NCA (၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားနှင့် အလုပ်ရုံဆွေးနွေးပွဲ ဆောင်ပုဒ်အဖြစ် **"NCA မှသည် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးဖြင့် အနာဂတ်ကို ပုံဖော်မည်"** ဟု သတ်မှတ်ထားပြီး **"မြန်မာနိုင်ငံ၏ ငြိမ်းချမ်းသာယာသော အနာဂတ်တည်ဆောက်ရန်အတွက် ဆက်လက်ဆောင်ရွက်ရမည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ဖော်ထုတ်ခြင်း"** Theme ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် စက်တင်ဘာ ၁၁**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် မိုးပိုနေမည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ရှစ်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

# မြန်မာနိုင်ငံနှင့် ရွေးကောက်ပွဲစနစ်သစ် Mixed Member Proportional System (MMP)

ဦးရွှေဦး

**နိဒါန်း**

ရွေးကောက်ပွဲစနစ် Electoral System ဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ၏ ပြည်သူများကို ကိုယ်စားပြုရန်အတွက် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲများတွင် လွှတ်တော်ကိုယ်စားလှယ်များကို ရွေးချယ်ရာ၌ အသုံးပြုသည့်စနစ်တစ်ခုပင် ဖြစ်သည်။ ရွေးကောက်ပွဲများတွင် အရေးအကြီးဆုံးမှာ ရွေးကောက်ပွဲစနစ်ပင်ဖြစ်သည်။ ရွေးကောက်ပွဲစနစ်တစ်ခု ပြောင်းလဲကျင့်သုံးခြင်းသည် နိုင်ငံရေးပါတီမျိုးစုံပါဝင်နိုင်မှုနှင့် နိုင်ငံရေးစနစ်ပြောင်းလဲမှုကို အရှိန်အဟုန်မြှင့်တင်ပေးနိုင်သည်။ တိုင်းရင်းသားကိုယ်စားလှယ်များ စုံညီစွာပါဝင်နိုင်ခြင်းနှင့် အများပြည်သူ လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်အတွက် တရားဝင်ကိုယ်စားလှယ်များ ပါဝင်ဆောင်ရွက်နိုင်ခြင်း အကျိုးတရားများ ရရှိစေနိုင်ပါသည်။

ဒီမိုကရေစီကျင့်စဉ်များတွင် ရွေးကောက်ပွဲစနစ်ရွေးချယ်မှုသည် ဥပဒေရေးရာမူဘောင်များအနက် အရေးကြီးသောကဏ္ဍတစ်ရပ် ဖြစ်ပါသည်။ ရွေးချယ်လိုက်သည့် ရွေးကောက်ပွဲစနစ်တစ်ခုသည် နိုင်ငံတစ်နိုင်ငံ၏အနာဂတ်နှင့် နိုင်ငံရေးပုံရိပ်တို့အပေါ်တွင် နက်နဲစွာ အကျိုးသက်ရောက်မှု ရှိနေပါသည်။ ထိုသို့ရွေးချယ်မှုသည် ကြိုတင်မျှော်မှန်းထားသည့် အကျိုးသက်ရောက်မှုများ ရရှိနိုင်သကဲ့သို့ မျှော်မှန်းမထားသည့် အကျိုးဆက်များလည်း ပေါ်ပေါက်စေနိုင်သည်။ အချို့ရွေးကောက်ပွဲစနစ်များက တစ်ပါတီတည်းက ကြီးစိုးသည့်အခြေအနေကို ဖြစ်ပေါ်စေပြီး အချို့ရွေးကောက်ပွဲစနစ်များက ညွန့်ပေါင်းအစိုးရတစ်ရပ်ရပ်ကို ဖြစ်ပေါ်စေနိုင်ပါသည်။ အချို့ရွေးကောက်ပွဲစနစ်များက မဲဆန္ဒရှင်များအားလုံး၏ ကိုယ်စားပြုမှုကို အချိုးကျဖော်ဆောင်ပေးနိုင်ပြီး အချို့ရွေးကောက်ပွဲစနစ်များသည် တစ်မဲသာသူက အနိုင်ရရှိပြီး ကျန်မဲဆန္ဒရှင်များ၏ ကိုယ်စားပြုမှုကို လျစ်လျူပြုရာရောက်ခြင်းများလည်းရှိနိုင်ပါသည်။ မည်သည့်ရွေးကောက်ပွဲစနစ်ပင်ဖြစ်စေ လွှတ်တော်များတွင် အားကောင်းမောင်းသန် ဆောင်ရွက်နိုင်သည့် လွှတ်တော်ကိုယ်စားလှယ် လူတော်လူကောင်းများကို ရွေးချယ်ပေးနိုင်ရန် အရေးကြီးပါသည်။ ထို့ကြောင့် မိမိနိုင်ငံ၊ မိမိပြည်သူနှင့် သင့်လျော်သော ရွေးကောက်ပွဲစနစ်များကို ရွေးချယ်၍လည်းကောင်း၊ တီထွင်ဖန်တီး၍လည်းကောင်း ရွေးကောက်ပွဲစနစ်တစ်ခုမှတစ်ခုသို့ ပြောင်းလဲ၍လည်းကောင်း ရေးဆွဲကျင့်သုံးကြရာတွင် အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ်ဖြစ်နိုင်ခြေများကိုလည်း ကြိုတင်မြော်တွေး၍ ဆင်ခြင်သုံးသပ်ဆောင်ရွက်ရန် လိုအပ်မည် ဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများ၌ ရွေးကောက်ပွဲစနစ်များကို ပြည်သူ့လွှတ်တော်အတွက် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) ဖြင့်လည်းကောင်း၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အတွက် ရောနှောထားသောကိုယ်စားလှယ် အချိုးကျစနစ် (MMP) ဖြင့်လည်းကောင်း ကျင်းပဆောင်ရွက်မည်ဖြစ်ရာ ပြည်သူ့လွှတ်တော်အတွက် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) ဖြင့် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် ၃၃၀၊ အမျိုးသားလွှတ်တော်အတွက် ရောနှောထားသော ကိုယ်စားလှယ်အချိုးကျစနစ် (MMP) ဖြင့် ဆောင်ရွက်နိုင်ရန် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ခြောက်နယ်အပါအဝင် မဲအများဆုံးရသူ အနိုင်ယူစနစ် (FPTP) ဖြင့် ကျင်းပမည့် မဲဆန္ဒနယ် ၈၄ နယ်၊ အချိုးကျကိုယ်စားပြုစနစ် (PR) ဖြင့် ကျင်းပမည့် မဲဆန္ဒနယ် ၂၆ နယ်၊ စုစုပေါင်းမဲဆန္ဒနယ် ၁၁၀၊ တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်များအတွက် ရောနှောထားသော ကိုယ်စားလှယ်အချိုးကျစနစ် (MMP) ဖြင့် ဆောင်ရွက်ရာတွင် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) ဖြင့် မဲဆန္ဒနယ် ၃၂၂ နှင့် အချိုးကျကိုယ်စားပြုစနစ် (PR)ဖြင့် ကျင်းပမည့် မဲဆန္ဒနယ် ၄၂ နယ် စုစုပေါင်း မဲဆန္ဒနယ် ၃၆၄ နယ်ကို ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။

**ရွေးကောက်ပွဲစနစ်များ**

နိုင်ငံတကာတွင် ကျင့်သုံးဆောင်ရွက်နေသည့် ရွေးကောက်ပွဲစနစ်များကို လေ့လာရာတွင် ရွေးကောက်ပွဲစနစ် လေးမျိုးကို အောက်ပါအတိုင်း တွေ့ရှိရမည်ဖြစ်သည်-




အထက်ပါရွေးကောက်ပွဲစနစ်များအနက် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ ၁၉၃ နိုင်ငံတွင် မဲအများဆုံးရသူအရွေးခံရသည့်စနစ် ကျင့်သုံးသည့်နိုင်ငံ ၇၄ နိုင်ငံ၊ အချိုးကျကိုယ်စားပြုစနစ် ၁၁၁ နိုင်ငံနှင့် အခြားစနစ်ကျင့်သုံးသည့်နိုင်ငံ ရှစ်နိုင်ငံရှိကြောင်း အောက်ပါအတိုင်းတွေ့ရှိရပါသည်-

**နိုင်ငံတကာတွင် ကျင့်သုံးလျက်ရှိသည့် ရွေးကောက်ပွဲစနစ်များ**

| စဉ် | အကြောင်းအရာ | အသုံးပြုနိုင်ငံ | မှတ်ချက် |
|---|---|---|---|
| ၁ | စာရင်းအလိုက် အချိုးကျ ကိုယ်စားပြုစနစ် (List Proportional Representation-List PR) | ၇၄ | ၇၈ |
| ၂ | လွှဲပြောင်း၍ရသောမဲပေးစနစ် (Single Transferable Vote- STV) | ၄ | |
| ၃ | ရောနှောထားသော ကိုယ်စားလှယ်အချိုးကျစနစ် (Mixed Member Proportional - MMP) | ၇ | ၃၃ |
| ၄ | ပူးတွဲစင်ပြိုင်စနစ် (Parallel System - PS) | ၂၆ | |
| ၅ | အနိုင်ရသူအကုန်ယူစနစ် (First Past The Post-FPTP) စနစ် | ၄၉ | ၇၄ |
| ၆ | နှစ်ကျော့ပြန်စနစ် (Two Round System- TRS) | ၁၉ | |
| ၇ | ကိုယ်စားလှယ် ဗဟိုပြု ဗဟု/အများစုစနစ် (Block Vote) | ၅ | |
| ၈ | ကြိုက်နှစ်သက်မှုဦးစားပေး ဗဟု/အများစုစနစ်(Alternative Vote-AV) | ၁ | |
| ၉ | အခြားစနစ်အသုံးပြုသည့်နိုင်ငံ | ၈ | |

**မြန်မာနိုင်ငံတွင် ဆောင်ရွက်ခဲ့သည့် ရွေးကောက်ပွဲစနစ်များ**

မြန်မာနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သော ရွေးကောက်ပွဲများမှာ ဗြိတိသျှကိုလိုနီခေတ် (၁၉၂၂-၁၉၄၇) ဥပဒေပြုလွှတ်တော်ရွေးကောက်ပွဲ လေးကြိမ် ကျင်းပဆောင်ရွက်ခဲ့ပါသည်။ ဥပဒေပြုလွှတ်တော် နှစ်ရပ်ရှိပြီး အထက်လွှတ်တော် (Senate)နှင့် အောက်လွှတ်တော် (House of Representatives) တို့ ပါဝင်ကြသည်။ အထက်လွှတ်တော်အမတ် ၃၆ ဦးပါဝင်၍ တစ်ဝက်ကို အစိုးရကခန့်အပ်ပြီး တစ်ဝက်ကို အောက်လွှတ်တော်က ရွေးချယ်တင်မြှောက်သည်။ အောက်လွှတ်တော်အမတ်များထဲမှ အချိုးကျကိုယ်စားလှယ် (PR) စနစ်ကို ကျင့်သုံးသည်။ လွတ်လပ်ရေးရပြီးခေတ် (၁၉၄၈-၁၉၆၂) တွင် ရွေးကောက်ပွဲ သုံးကြိမ်ပြုလုပ်ခဲ့ပါသည်။ ရွေးကောက်ပွဲများတွင် နိုင်သူအကုန်ယူစနစ် {First Past the Post (FPTP)}ကို ကျင့်သုံးခဲ့သည်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ခေတ် (၁၉၆၂- ၁၉၈၈) တွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲနှင့် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးကောက်ပွဲများ ကျင်းပပြုလုပ်ခဲ့သည်။ ပါတီစုံဒီမိုကရေစီခေတ် ၂၀၁၀ ပြည့်နှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ အထွေထွေရွေးကောက်ပွဲ သုံးကြိမ်၊ ကြားဖြတ်ရွေးကောက်ပွဲ သုံးကြိမ် ကျင်းပခဲ့ရာ နိုင်သူအကုန်ယူစနစ်ကိုသာ ကျင့်သုံးခဲ့ကြောင်း တွေ့ရှိရပါသည်။

**ရွေးကောက်ပွဲစနစ် ပြောင်းလဲကျင့်သုံးရန်ဆောင်ရွက်ခြင်း**

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲများကို အချိုးကျကိုယ်စားပြုစနစ်ကျင့်သုံးရန်နှင့် ဥပဒေပြင်ဆင်ရေးလုပ်ငန်းများကို လိုအပ်သလို ဆောင်ရွက်ပေးရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အား တိုက်တွန်းကြောင်းအဆိုကို ( ၃-၆-၂၀၁၄ ) ရက်နေ့တွင် ကျင်းပခဲ့သည့် အမျိုးသားလွှတ်တော်အစည်းအဝေး သတ္တမမြောက်ရက်နေ့က တင်သွင်းခဲ့သည်။ အမျိုးသားလွှတ်တော်က ယင်းအဆိုကို မဲခွဲဆုံးဖြတ်ရာ အဆိုအောင်မြင်ခဲ့ပြီး အမျိုးသားလွှတ်တော် ရွေးကောက်ပွဲများတွင် အချိုးကျကိုယ်စားပြုစနစ် (PR) ကျင့်သုံးရေးဆိုင်ရာအဆိုကို အကောင်အထည်ဖော်ရေးကော်မရှင် ဖွဲ့စည်းဆောင်ရွက်ခဲ့သည်များလည်း ရှိခဲ့ပါသည်။ အကောင်ထည်ဖော်ရေးကော်မရှင်၏ သုံးသပ်အကြံပြုချက်မှာ ကမ္ဘာ့နိုင်ငံအသီးသီးက ကျင့်သုံးလျက်ရှိသော ရွေးကောက်ပွဲစနစ်များကို လေ့လာဖော်ထုတ်ရာတွင် အလွှာစုံ၊ ဒေသစုံ၊ ပါတီစုံ၊ တွေးခေါ်မြော်မြင်မှုသဘောတရားအစုံနှင့် ပြည်သူတို့၏ဆန္ဒအစုံကို ကိုယ်စားပြုလျက် အဓိပ္ပာယ်ပြည့်ဝပြီး မဲပေးရလွယ်ကူသော ရွေးကောက်ပွဲမျိုးဖော်ဆောင်လျက် တည်ငြိမ်ပြီးစွမ်းရည်ရှိသော အစိုးရမျိုးဖွဲ့စည်းနိုင်သည့် ရွေးကောက်ပွဲစနစ်မျိုးဖြစ်ရန် လိုအပ်ကြောင်း အကြံပြုခဲ့သည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲ ခြောက်ကြိမ် ပြုလုပ်ခဲ့ကြောင်း၊ ၁၉၅၆ ခုနှစ် ပါလီမန်အထွေထွေရွေးကောက်ပွဲ ၁၉၆၀ ပြည့်နှစ် ပါလီမန်လွှတ်တော်ရွေးကောက်ပွဲ၊ ၁၉၉၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲနှင့် ၂၀၁၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတို့အား လေ့လာခဲ့ရာ ရွေးကောက်ပွဲတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အနိုင်ရသောမဲများ၏ ရာခိုင်နှုန်းနှင့် လွှတ်တော်အမတ်ရရှိမှုရာခိုင်နှုန်း အချိုးအစားမကျမှု များပြားခဲ့ခြင်းအပေါ် ရွေးကောက်ပွဲစနစ်ကြောင့် ဖြစ်သည်ဟု သုံးသပ်ခဲ့ကြပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အနေဖြင့် ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ၊ မေလနှင့် အောက်တိုဘာလများတွင် နိုင်ငံရေးပါတီများနှင့် တွေ့ဆုံ၍ မြန်မာနိုင်ငံနှင့်သင့်လျော်ကိုက်ညီသည့် ရွေးကောက်ပွဲစနစ် ပြောင်းလဲကျင့်သုံးရေးကို ဆွေးနွေးခဲ့ရာ နိုင်ငံရေးပါတီ ၅၃ ပါတီမှ ကိုယ်စားလှယ် ၉၃ ဦး၊ စိတ်ပါဝင်စားသူ ၂၀ စုစုပေါင်း ၁၁၃ ဦး တက်ရောက်ခဲ့ပြီး နိုင်ငံရေးပါတီ ၁၆ ပါတီက စာတမ်းများ တင်ပြခဲ့သည်။ ထိုစာတမ်းများတွင် မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲစနစ် ပြုပြင်ပြောင်းလဲရေးကိစ္စသည် တစ်မျိုးသားလုံး၏အကျိုးစီးပွားနှင့်သက်ဆိုင်သည့် အပြင် နိုင်ငံတော်၏သမိုင်းကြောင်း၊ ဖြစ်ပေါ်တိုးတက်လာသည့် နိုင်ငံရေးဖြစ်စဉ်များနှင့်လည်း သက်ဆိုင်နေကြောင်း၊ သမိုင်း၏တောင်းဆိုမှုအရ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုသစ်ဆီသို့ အရောက်ချီတက်မည်ဆိုပါက ရွေးကောက်ပွဲစနစ် ပြုပြင်ပြောင်းလဲရေးသည် မရှိမဖြစ်ဖြတ်ကျော်ရမည့် အရေးကြီးသော အခန်းကဏ္ဍဖြစ်ကြောင်း၊ ငြိမ်းချမ်းရေး၊ ညီညွတ်ရေးမှသည် တစ်မျိုးသားလုံး သွေးစည်းညီညွတ်ရေးအတွက် လွှတ်တော်အသီးသီးတွင် အားလုံးပါဝင်စေသောကိုယ်စားပြုမှုကို ဆောင်ရွက်ပေးရန်လိုကြောင်း၊ ပါတီစုံဒီမိုကရေစီစနစ်ကို ဖော်ဆောင်နိုင်ရေးအတွက် ပြည်ထောင်စုမြန်မာနိုင်ငံနှင့် လိုက်လျောညီထွေဖြစ်သည့် ရွေးကောက်ပွဲစနစ်ဖြစ်ပေါ်လာရေးကို ဆောင်ရွက်ရန် လိုအပ်နေပြီဖြစ်ကြောင်း ရွေးကောက်ပွဲစနစ် ပြောင်းလဲကျင့်သုံးခြင်းဖြင့် ပါတီငယ်လေးများ၊ တိုင်းရင်းသားမျိုးနွယ်စုငယ်လေးများ လွှတ်တော်တွင်း ဝင်ရောက်နိုင်မှုအခွင့်အရေး ပိုမိုရရှိလာနိုင်ခြင်း၊ မဲဆန္ဒရှင်တစ်ဦးချင်း၏ အခွင့်အရေးကို အာမခံနိုင်ခြင်း၊ မဲအဟောသိကံဖြစ်မှုမရှိနိုင်ခြင်း၊ ရွေးကောက်ပွဲများအပေါ် ပြည်သူစိတ်ဝင်စားမှုရှိလာပြီး မဲလာပေးမှု (Voter Turnout) ကောင်းလာနိုင်ခြင်း၊ အားလုံးပါဝင်ဆောင်ရွက်မှု (All Inclusiveness) ပိုမိုရရှိလာနိုင်ခြင်း၊ အမျိုးသမီးကိုယ်စားလှယ် ၃၀ ရာခိုင်နှုန်း ပါဝင်နိုင်ရေးကို လက်တွေ့ကျင့်သုံးလာနိုင်ခြင်း၊ ပါတီတစ်ခုတည်း၏

*စာမျက်နှာ ၇ သို့*

စာမျက်နှာ ၆ မှ

ကြီးစိုးလွှမ်းမိုးမှုကို လျှော့ချနိုင်ခြင်း စသည့်အကျိုးစီးပွားများကို ရရှိလာနိုင်ကြောင်း၊ ရွေးကောက်ပုံစံသစ်ကို အရေးပေါ်ကာလ လုပ်ငန်းတာဝန်များပြီးဆုံးပြီးနောက် ကျင်းပမည့် ရွေးကောက်ပွဲတွင် စတင်အသုံးပြုနိုင်အောင် ဆောင်ရွက်သင့်ကြောင်း ဆွေးနွေးခဲ့ကြပါသည်။

### ရောနှောထားသောကိုယ်စားလှယ်အချိုးကျ Mixed Member Proportional (MMP) စနစ်

MMP စနစ် အသုံးပြုရခြင်း၏ ရည်ရွယ်ချက်သည် အလုံးစုံအချိုးညီမျှမှုရှိစွာ ဆောင်ရွက်နိုင်ရန်အတွက်ဖြစ်ရာ မတူညီသည့် ရွေးကောက်ပွဲစနစ်နှစ်ခုအား တစ်ခုနှင့်တစ်ခု ချိတ်ဆက်ထားရပေသည်။ အများစုကိုယ်စားပြုမှု (Majoritarian) ရလဒ်အားမဲအများဆုံးရသူအနိုင်ယူစနစ် FPTP ဖြင့် ဦးစွာအတည်ပြုရွေးချယ်ပေးပြီး ယင်းနောက် ပါတီကိုယ်စားပြုရွေးချယ်မှုအား အချိုးကျကိုယ်စားပြုစနစ်(PR)ဖြင့် အချိုးညီမျှမှုရှိစွာ ဆက်လက်ဆောင်ရွက်သည်။ FPTP စနစ်နှင့် PR စနစ်ကို ပေါင်းစပ်အသုံးပြုထားခြင်းဖြစ်သည်။ မဲဆန္ဒရှင်များက ကိုယ်စားလှယ် (Constituency Vote) အတွက် FPTP ဖြင့် မဲပေးပြီးပါတီ (Party Vote) အတွက် PR ဖြင့် မဲပေးရခြင်းဖြစ်သည်။ ပါတီများ၏ ကိုယ်စားလှယ်နေရာခွဲဝေမှုမှာ FPTP ဖြင့် အနိုင်ရထားသည့် ကိုယ်စားလှယ်နေရာများကို ထည့်တွက်ပြီး PR စနစ်ဖြင့် အချိုးကျတွက်ချက်ခဲ့ဝေသည်။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင် ၁၉၃ နိုင်ငံအနက် MMP စနစ်ကျင့်သုံးသည့်နိုင်ငံ ခုနစ်နိုင်ငံရှိကြောင်း လေ့လာတွေ့ရှိရသည်။

### မြန်မာနိုင်ငံ

၂၀၂၅ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ပြည်သူ့လွှတ်တော်အတွက် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) ဖြင့် လွှတ်တော်ကိုယ်စားလှယ် ၃၃၀၊ အမျိုးသားလွှတ်တော်အတွက် ရောနှောထားသောကိုယ်စားလှယ်အချိုးကျစနစ် Mixed Member Proportional (MMP) စနစ်ဖြင့် လွှတ်တော်ကိုယ်စားလှယ် ၁၆၈ ဦးနှင့် တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်အတွက် ရောနှောထားသောကိုယ်စားလှယ်အချိုးကျစနစ် Mixed Member Proportional (MMP) စနစ်ဖြင့် မြို့နယ်တစ်မြို့နယ်လျှင် ကိုယ်စားလှယ်နှစ်ဦးကျစီဖြင့် ရွေးချယ်ရမည်ဖြစ်သည်။ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့တွင် ဆောင်ရွက်မည့်စနစ်မှာ Mixed Member Proportional (MMP) စနစ်ဖြစ်ပြီး FPTP စနစ်နှင့် PR စနစ်တို့ကို ပေါင်းစပ်၍ ဆောင်ရွက်ခြင်းဖြစ်သည်။

အမျိုးသားလွှတ်တော်အတွက် တိုင်းဒေသကြီး၊ ပြည်နယ်တစ်ခုလျှင် လွှတ်တော်ကိုယ်စားလှယ် ၁၂ ဦး ရွေးကောက်တင်မြှောက်ရမည်ဖြစ်ရာ တိုင်းဒေသကြီး၊ ပြည်နယ်တစ်ခုလုံးကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများအပါအဝင် FPTP မဲဆန္ဒနယ် ခြောက်နယ်သတ်မှတ်ပြီး ကိုယ်စားလှယ်တစ်ဦးကျစီဖြင့် ခြောက်ဦးကို FPTP စနစ်ဖြင့် ဦးစွာ ရွေးကောက်တင်မြှောက်ရပါမည်။ ထို့နောက် မြို့နယ်အရေအတွက်နှင့် လူဦးရေအချိုးတို့အရ PR မဲဆန္ဒနယ်များကိုသတ်မှတ်ပြီး FPTP မဲဆန္ဒနယ်များမှ ပါတီကိုယ်စားပြုကိုယ်စားလှယ်များ ရရှိသည့်မဲများကို ပါတီအသီးသီးက ရရှိသည့်မဲများအဖြစ် သတ်မှတ်၍ PR မဲဆန္ဒနယ်များအတွက် ကိုယ်စားလှယ်ခြောက်ဦးကို အချိုးကျကိုယ်စားပြုစနစ် (Closed List PR) စနစ်ဖြင့် ရွေးကောက်တင်မြှောက်ခြင်းဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်အားလုံးအတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၁၆၈ ဦးကို ရွေးချယ်ပေးရမည်ဖြစ်သည်။ အလားတူ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် မြို့နယ်တစ်မြို့နယ်လျှင် ကိုယ်စားလှယ်နှစ်ဦး ရွေးကောက်တင်မြှောက်ရမည်ဖြစ်ရာ ကိုယ်စားလှယ်တစ်ဦးအား FPTP စနစ်ဖြင့်လည်းကောင်း၊ ကျန်ကိုယ်စားလှယ်တစ်ဦးအား (Closed List PR) စနစ်ဖြင့် လည်းကောင်း ရွေးကောက်တင်မြှောက်နိုင်ရန် တိုင်းဒေသကြီး၊ ပြည်နယ်များအတွင်းရှိ မြို့နယ်များကို မြို့နယ်တစ်မြို့နယ်တွင် FPTP မဲဆန္ဒနယ်တစ်နယ် သတ်မှတ်၍ ကိုယ်စားလှယ်တစ်ဦးစီကို ဦးစွာ ရွေးချယ်တင်မြှောက်ရမည်။ ထို့နောက် မြို့နယ်အရေအတွက်နှင့် လူဦးရေအချိုးတို့အရ PR မဲဆန္ဒနယ်များကို သတ်မှတ်ပြီး FPTP မဲဆန္ဒနယ်များမှ ပါတီကိုယ်စားပြုကိုယ်စားလှယ်များရရှိသည့်မဲများကို ပါတီအသီးသီးက ရရှိသည့်မဲများအဖြစ် သတ်မှတ်၍ PR မဲဆန္ဒနယ်များအတွက် ကိုယ်စားလှယ်တစ်ဦးကို အချိုးကျကိုယ်စားပြုစနစ် (Closed List PR) စနစ်ဖြင့် ရွေးကောက်တင်မြှောက်ခြင်းဖြစ်သည်။ အထက်ပါအတိုင်းမတူညီသော ရွေးကောက်ပွဲစနစ်နှစ်ခုကို ပေါင်းစပ်ဆောင်ရွက်ခြင်းဖြင့် MMP စနစ်သည် FPTP စနစ်၏ အားသာချက်များနှင့် PR စနစ်၏ အချိုးညီမျှမှုများကို တစ်ပေါင်းတည်းရရှိနိုင်မည်ဖြစ်ပါသည်။

> **“FPTP နှင့် Constituency Vote များအပေါ်တွင် အခြေတည်ထားသည့်အတွက် တည်ငြိမ်သော အစိုးရအဖွဲ့ကို ဖွဲ့စည်းနိုင်မှုမြင့်မားခြင်း၊ PR စနစ်အပေါ်တွင် အခြေခံထားသောကြောင့် ပါတီကြီးများအပြင် တိုင်းရင်းသားပါတီများ ပါဝင်ခွင့်ရှိခြင်း၊ လူပုဂ္ဂိုလ် (ပါတီကိုယ်စားလှယ်) နှင့် ပါတီကို မဲပေးဆောင်ရွက်ရသဖြင့် ပြည်သူ့စိတ်ကြိုက် ရွေးချယ်တင်ပြနိုင်ခြင်း၊ ပြည်သူ့ရွေးချယ်မှုအရ တန်ဖိုးရှိသော ကိုယ်စားလှယ် / ပါတီများ လွှတ်တော်များတွင် ကိုယ်စားပြုမှုရရှိခြင်း၊ တစ်နိုင်ငံလုံး စည်းရုံးဆောင်ရွက်မည့်ပါတီများအပြင် တိုင်းရင်းသားပါတီများ၊ နယ်မြေအခြေစိုက်ပါတီများ ပြည့်စုံစွာပါဝင်နိုင်သဖြင့် နိုင်ငံရေးပါဝင်မှု တိုးမြှင့်စေခြင်းတို့အပြင် မဲဆန္ဒရှင်ပြည်သူများ၏ အခွင့်အရေးများ နစ်နာမှုမရှိစေနိုင်သည့် အကျိုးကျေးဇူးများရှိ”**

### FPTP ၊ PR ၊ MMP စနစ်တို့၏ မျှဝေမှုနှင့် နှိုင်းယှဉ်မှုဇယား

| စနစ် | FPTP | PR | MMP |
|---|---|---|---|
| စနစ်ရိုးရှင်း | ✓ | ✗ | ✗ |
| တရားမျှတမှု | ✗ | ✓ | ✓ |
| တိုင်းရင်းသား/လူနည်းစုပါဝင်မှု | ✗ | ✓ | ✓ |
| အစိုးရတည်ငြိမ်မှု | ✓ | ✗ | ✓ |
| ပါတီငယ်များပါဝင်နိုင်မှု | ✗ | ✓ | ✓ |
| စနစ်နားလည်ရလွယ်မှု | ✓ | ✗ | ✗ |

### အီတလီနိုင်ငံ

အီတလီနိုင်ငံ ပါလီမန်ကို အောက်လွှတ်တော်နှင့် အထက်လွှတ်တော်ဟူ၍ လွှတ်တော်နှစ်ရပ်ဖြင့် ဖွဲ့စည်းထားသည်။ လွှတ်တော်နှစ်ရပ်လုံး၏ ရွေးကောက်ပွဲကို Mixed System အသုံးပြု ရွေးကောက်တင်မြှောက်သည်။ အောက်လွှတ်တော်ကို ကိုယ်စားလှယ် ၄၀၀ ဖြင့် ဖွဲ့စည်းထားပြီး ကိုယ်စားလှယ်စုစုပေါင်း၏ ၃၇ ရာခိုင်နှုန်းဖြစ်သည့် ၁၄၇ နေရာကို FPTP စနစ်ဖြင့်လည်းကောင်း၊ ၆၃ ရာခိုင်နှုန်းဖြစ်သည့် ၂၅၃ နေရာကို PR စနစ်ဖြင့် လည်းကောင်း ရွေးကောက်တင်မြှောက်သည်။ အောက်လွှတ်တော်ရွေးကောက်ပွဲတွင် မဲဆန္ဒရှင်တစ်ဦးလျှင် ဆန္ဒမဲလက်မှတ်တစ်စောင်ဖြင့် ဆန္ဒပြုမဲပေးရမည်ဖြစ်သည်။ အဆိုပါ ဆန္ဒမဲလက်မှတ်တွင် ကိုယ်စားလှယ်အမည်နှင့် ပါတီအမည် ပါဝင်မည်ဖြစ်ရာ မဲဆန္ဒရှင် ဆန္ဒပြုရွေးချယ်လိုက်သည့် ကိုယ်စားလှယ်လောင်းသည် FPTP စနစ်ဖြင့် မဲဆန္ဒနယ်အလိုက် ကိုယ်စားလှယ်များ ရွေးချယ်မှုတွင် ထည့်သွင်းတွက်ချက်သွားမည်ဖြစ်ပြီး ယင်းကိုယ်စားလှယ်လောင်းကိုယ်စားပြုသည့် ပါတီသည် PR စနစ်ဖြင့် ပါတီကိုယ်စားပြုစာရင်းတွင် ထည့်သွင်းတွက်ချက်သွားမည်ဖြစ်သည်။ စနစ်နှစ်မျိုးဖြင့် ကိုယ်စားလှယ်များ ရွေးချယ်မှုသည် သီးခြားစီ တွက်ချက်ရွေးချယ်သွားခြင်းဖြစ်သည်။

### ဟန်ဂေရီနိုင်ငံ

ဟန်ဂေရီနိုင်ငံတွင် အမျိုးသားလွှတ်တော် (National Assembly) ဟုခေါ်သော လွှတ်တော်တစ်ရပ်သာရှိသည်။ အမျိုးသားလွှတ်တော် (National Assembly) တွင် ကိုယ်စားလှယ် ၁၉၉ ဦးရှိပြီး မဲဆန္ဒနယ်ကိုယ်စားပြုကိုယ်စားလှယ် ၁၀၆ ဦးနှင့် လူမျိုးစုကိုယ်စားပြုကိုယ်စားလှယ် ၉၃ ဦး တို့ပင်ဖြစ်သည်။ မဲဆန္ဒနယ်ကိုယ်စားပြု ကိုယ်စားလှယ်များ FPTP စနစ် အသုံးပြုရွေးကောက်တင်မြှောက်ပြီး လူမျိုးစုကိုယ်စားပြုကိုယ်စားလှယ်များကို Closed List PR အသုံးပြု ရွေးကောက်တင်မြှောက်သည်။ မဲဆန္ဒရှင်တစ်ဦးလျှင် ဆန္ဒမဲလက်မှတ်နှစ်စောင်ဖြင့် ဆန္ဒပြုရသည်။ ပထမမဲ (First Vote) သည် မဲဆန္ဒနယ်ကိုယ်စားပြုကိုယ်စားလှယ် ၁၀၆ ဦးအတွက်ဖြစ်ပြီး ဒုတိယမဲ (Second Vote) သည် နိုင်ငံရေးပါတီနှင့် လူမျိုးစုကိုယ်စားပြု ကိုယ်စားလှယ် ၉၃ ဦးအတွက်ဖြစ်သည်။ Threshold သတ်မှတ်ချက်အနေဖြင့် ပါတီတစ်ပါတီသည် ပါတီခိုင်လုံမဲအနည်းဆုံး ငါးရာခိုင်နှုန်း၊ ပူးတွဲပါတီနှစ်ပါတီဖြစ်ပါက ခိုင်လုံမဲ ၁၀ ရာခိုင်နှုန်း၊ ပူးတွဲပါတီ သုံးပါတီဖြစ်ပါက ခိုင်လုံမဲ ၁၅ ရာခိုင်နှုန်းရရှိမှသာလျှင် လွှတ်တော်တွင်း ကိုယ်စားလှယ်နေရာရရှိခွင့်ရှိမည်ဖြစ်သည်။ ကိုယ်စားလှယ်နေရာ ခွဲဝေသတ်မှတ်ရာတွင် D'Hondt method အသုံးပြု၍ ခွဲဝေသတ်မှတ်သည်။

MMP စနစ်သည် တရားမျှတမှု၊ တိုင်းရင်းသားလူနည်းစုပါဝင်မှု၊ အစိုးရတည်ငြိမ်မှု၊ ပါတီငယ်များ ပါဝင်နိုင်မှု အားသာချက်များရှိကြောင်း တွေ့ရှိရသည်။ FPTP စနစ်၏အားသာချက်မှာ ရိုးရှင်းပြီး တည်ငြိမ်သည့်အစိုးရဖွဲ့စည်းနိုင်သည်။ အားနည်းချက်အနေဖြင့် အဟောသိကံဖြစ်သောမဲများ ပါဝင်ပြီး ပါတီငယ်များအတွက် ကိုယ်စားလှယ်ရရှိမှုနည်းပါးသည်။ PR စနစ်၏အားသာချက်မှာ မဲဆန္ဒရှင်များအတွက် ကိုယ်စားပြုမှု ပိုမိုမျှတပြီး လူနည်းစု တိုင်းရင်းသားပါတီငယ်များ အခွင့်အရေး ပိုမိုရရှိသည်။ အားနည်းချက်အနေဖြင့် ညွန့်ပေါင်းအစိုးရများ ဖြစ်ပေါ်နိုင်ပြီး လွှတ်တော်အတွင်း ဆုံးဖြတ်ချက်ချရန် နှောင့်နှေးမှုများရှိလာနိုင်သည်။ MMP စနစ်၏ အားသာချက်မှာ FPTP စနစ်၏ရိုးရှင်းမှုနှင့် PR စနစ်၏မျှတမှုတို့ကို ပေါင်းစပ်ထားခြင်းဖြစ်သည်။ ဒေသဆိုင်ရာကိုယ်စားပြုမှုနှင့် ပါတီအချိုးကျကိုယ်စားပြုမှုတို့ကို ဟန်ချက်ညီစေသည်။ အားနည်းချက်အနေဖြင့် စနစ်မှာ အနည်းငယ်ရှုပ်ထွေးပြီး မဲရေတွက်ရာတွင် နှောင့်နှေးကြန့်ကြာမှုများ ရှိလာနိုင်သည်။

### နိဂုံး

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံ စုစည်းနေထိုင်သည့်နိုင်ငံဖြစ်သည့်အပြင် နိုင်ငံရေးပါတီများမှာလည်း တစ်နိုင်ငံလုံးစည်းရုံးမည့် ပါတီကြီးများအပြင် ဒေသတွင်းစည်းရုံးသည့် ပါတီများ၊ တိုင်းရင်းသားလူမျိုးစုပါတီများ၊ နိုင်ငံရေးခံယူချက်ဖြင့် ဖွဲ့စည်းသည့်ပါတီများ၊ ပါတီအရေအတွက် စုံလင်များပြားစွာဖြင့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ပါသည်။ သို့ဖြစ်၍ MMP စနစ်သည် အထက်ပါ သုံးသပ်ချက်များအရ မြန်မာနိုင်ငံအတွက် အသင့်လျော်ဆုံး စနစ်ဖြစ်ကြောင်း တွေ့ရှိရမည်ဖြစ်ပါသည်။ FPTP နှင့် Constituency Vote များ အပေါ်တွင် အခြေတည်ထားသည့်အတွက် တည်ငြိမ်သော အစိုးရအဖွဲ့ကို ဖွဲ့စည်းနိုင်မှုမြင့်မားခြင်း၊ PR စနစ်အပေါ်တွင် အခြေခံထားသောကြောင့် ပါတီကြီးများအပြင် တိုင်းရင်းသားပါတီများ ပါဝင်ခွင့်ရှိခြင်း၊ လူပုဂ္ဂိုလ် (ပါတီကိုယ်စားလှယ်) နှင့် ပါတီကို မဲပေးဆောင်ရွက်ရသဖြင့် ပြည်သူ့စိတ်ကြိုက် ရွေးချယ်တင်ပြနိုင်ခြင်း၊ ပြည်သူရွေးချယ်မှုအရ တန်ဖိုးရှိသော ကိုယ်စားလှယ်/ပါတီများ လွှတ်တော်များတွင် ကိုယ်စားပြုမှုရရှိခြင်း၊ တစ်နိုင်ငံလုံးစည်းရုံးဆောင်ရွက်မည့်ပါတီများအပြင် တိုင်းရင်းသားပါတီများ၊ နယ်မြေအခြေစိုက်ပါတီများ ပြည့်စုံစွာပါဝင်နိုင်သဖြင့် နိုင်ငံရေးပါဝင်မှု တိုးမြှင့်စေခြင်းတို့အပြင် မဲဆန္ဒရှင်ပြည်သူများ၏ အခွင့်အရေးများ နစ်နာမှုမရှိစေနိုင်သည့် အကျိုးကျေးဇူးများရှိသဖြင့် ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များ၌ Mixed Member Proportional (MMP) စနစ်ဖြင့် ရွေးကောက်ပွဲကျင်းပခြင်းကို ကြိုဆိုလိုက်ရပါသည်။ ။

# ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းနှင့် ဒေသန္တရစီမံကိန်းများဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၁**

၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ အမျိုးသားစီမံကိန်းနှင့် ဒေသန္တရစီမံကိန်းများဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ အမျိုးသားစီမံကိန်းကော်မရှင်အတွင်းရေးမှူး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး၊ ပြည်နယ် စီးပွားရေးရာဝန်ကြီးများက Video Conference ဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ အမျိုးသားစီမံကိန်းနှင့် ဒေသန္တရစီမံကိန်းများရေးဆွဲရာတွင် နိုင်ငံတော်၏ ဦးတည်ချက်၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်များကို ဦးစားပေးရေးဆွဲရေး၊ ယခင်ရေးဆွဲထားသည့်စီမံကိန်းဆိုင်ရာကိစ္စရပ်များ၊ စီမံကိန်းများကို ဘက်ပေါင်းစုံရှုထောင့်မှ ဗျူဟာမြောက်ရေးဆွဲနိုင်ရေး၊ ဘဏ္ဍာငွေ လေလွင့်ဆုံးရှုံးမှုမဖြစ်ပေါ်စေရေး၊ ပြည်ထောင်စုဝန်ကြီးဌာနများ၏ ကဏ္ဍဆိုင်ရာစီမံကိန်းများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များ၏ ဒေသန္တရစီမံကိန်းများ လိုက်လျောညီထွေရှိရေး၊ Top-down နှင့် Bottom-down Approach ကို ပေါင်းစပ်ဆောင်ရွက်ရာတွင် နိုင်ငံတော်၏မူဝါဒနှင့်အညီ ဆောင်ရွက်နိုင်ရေး၊ စီမံကိန်းရေးဆွဲရာတွင် ဦးစားပေးနှင့် ရှေ့နောက်ညီညွတ်မှုရှိစေရေး၊ စီမံကိန်းများနှင့် အချိတ်အဆက်မိမိ ရေးဆွဲနိုင်ရေးမှာကြားသည်။(ယာပုံ)



ထို့နောက် တက်ရောက်လာသူများက ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ အမျိုးသားစီမံကိန်းနှင့် ဒေသန္တရစီမံကိန်းရေးဆွဲထားရှိမှုအခြေအနေ၊ နိုင်ငံတော်၏ လမ်းညွှန်ချက်များ၊ ဆောင်ပုဒ်များနှင့်အညီ ထုတ်လုပ်မှုလျာထားချက်များ တိုးမြှင့်ဆောင်ရွက်နိုင်မည့် အခြေအနေနှင့် ရင်းနှီးမြှုပ်နှံမှုလျာထားချက်များကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# (၂၂) ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲ(၂၀၂၅)၌ မြန်မာနိုင်ငံကိုယ်စားပြုပြခန်းများ အဆင့်အတန်းပြည့်မီစွာခင်းကျင်းပြသနိုင်ရေး ညှိနှိုင်းစည်းဝေး

**နေပြည်တော် စက်တင်ဘာ ၁၁**

(၂၂)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့၌ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာ ၁၇ ရက်မှ ၂၁ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အဆိုပါကုန်စည်ပြပွဲအဆင့်အတန်းပြည့်မီစွာ ခင်းကျင်းပြသနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ညီလာခံခန်းမ၌ ကျင်းပသည်။



အစည်းအဝေးသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေ၊ ဒုတိယဝန်ကြီး ဦးကျော်ရွှေထွန်း၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ညီနောင်အသင်းအဖွဲ့များမှ ကုန်စည်လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအနေဖြင့် တရုတ် - အာဆီယံ ကုန်စည်ပြပွဲ၏ ကုန်စည်ပြခန်းဆောင်တွင် ပြခန်း ၁၂၀ ဖြင့် ဆန်၊ ပဲမျိုးစုံ၊ ပြောင်း၊ နှမ်း၊ စားသောက်ကုန်၊ ကော်ဖီ၊ အထည်အလိပ်၊ လက်မှုအနုပညာပစ္စည်းများ၊ ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ ပယင်း စသည့် ကျောက်မျက်လက်ဝတ်ရတနာများအပြင် မြန်မာနိုင်ငံ၏ ဉာဏ်ရည်တုနည်းပညာ ဆက်စပ်ထုတ်ကုန်နှင့် ဝန်ဆောင်မှုများကိုပါ ခင်းကျင်းပြသမည်ဖြစ်ကြောင်း၊ မြန်မာ့ထုတ်ကုန်များ တရုတ်နိုင်ငံနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၌ ဈေးကွက်ရရှိရေးအတွက် လိုက်ပါပြသမည့် ကုန်စည်လုပ်ငန်းရှင်များအနေဖြင့် ဝိုင်းဝန်းပူးပေါင်းပါဝင်ကြရန်လိုအပ်ကြောင်း၊ ကုန်စည်ပြပွဲသို့ တက်ရောက်ကြသူများသည် တရုတ်နိုင်ငံနှင့် အာဆီယံနိုင်ငံများမှ တက်ရောက်လာသူများနှင့် ရင်းနှီးမှုရရှိရေး၊ ဆက်သွယ်မှုရရှိရေးအတွက် သတင်းအချက်အလက်များစုဆောင်းကာ Business Networking ကို တည်ဆောက်ရန်လိုအပ်ကြောင်း၊ မြန်မာနိုင်ငံသို့ လာရောက်ရင်းနှီးမြှုပ်နှံရေးအတွက်လည်း ဖိတ်ခေါ်ကြစေလိုကြောင်းနှင့် တရုတ်နိုင်ငံကသတ်မှတ်ထားသည့် ကုန်စည်ပြပွဲ စည်းမျဉ်းစည်းကမ်းများကို အလေးထားလိုက်နာကြရန် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# (၂၂) ကြိမ်မြောက် အာဆီယံလေတပ်ဦးစီးချုပ်များအစည်းအဝေး (22nd ASEAN Air Chiefs Conference–22nd AACC) သို့ ကာကွယ်ရေးဦးစီးချုပ်(လေ)ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တက်ရောက်

**နေပြည်တော် စက်တင်ဘာ ၁၁**

အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပမည့် (၂၂)ကြိမ်မြောက် အာဆီယံလေတပ်ဦးစီးချုပ်များအစည်းအဝေး (22nd ASEAN Air Chiefs Conference–22nd AACC) သို့ တက်ရောက်ရန်အတွက် ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၆ ရက်တွင် လေကြောင်းခရီးဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ထွက်ခွာခဲ့သည်။ အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့သို့ ရောက်ရှိနေသည့် ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၇ ရက် ညနေပိုင်းတွင် လာအိုလေတပ်ဦးစီးချုပ် Major General Khamlek Sengphachanh ၊ ဘရူနိုင်းလေတပ်ဦးစီးချုပ် Brigadier General (U) Haji Haszahaidi bin Haji Ahmad Daud နှင့် အင်ဒိုနီးရှားလေတပ်ဦးစီးချုပ် Air Chief Marshal Mohamad Tonny Harjono တို့နှင့် သီးခြားစီတွေ့ဆုံ၍ နှစ်နိုင်ငံလေတပ်များအကြား ကိစ္စရပ်များအား ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်(လေ) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၈ ရက် နံနက်ပိုင်းတွင် ဂျကာတာမြို့ရှိ The Ritz-Carlton Ballroom ၌ ကျင်းပပြုလုပ်သော (၂၂)ကြိမ်မြောက် အာဆီယံလေတပ်ဦးစီးချုပ်များအစည်းအဝေး(22nd ASEAN Air Chiefs Conference–22nd AACC) တက်ရောက်ကြသည်။ အာဆီယံလေတပ်ဦးစီးချုပ်များက "ASEAN Inclusivity and Sustainability of Non-Combatant Evacuation Operations" အကြောင်းအရာအား တစ်ဦးချင်းဆွေးနွေးခဲ့ကြပြီးနောက် အစည်းအဝေးသဘောတူဆုံးဖြတ်ချက်များ အတည်ပြု လက်မှတ်ရေးထိုးကြသည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်(လေ)ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ညပိုင်းတွင် အင်ဒိုနီးရှားလေတပ်ဦးစီးချုပ်က တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲသို့ အာဆီယံလေတပ်ဦးစီးချုပ်များနှင့်အတူ တက်ရောက်ခဲ့ကြသည်။




အဆိုပါ (၂၂) ကြိမ်မြောက် အာဆီယံလေတပ်ဦးစီးချုပ်များ အစည်းအဝေး (22nd ASEAN Air Chiefs Conference–22nd AACC) သို့ တက်ရောက်ခဲ့သော ကာကွယ်ရေးဦးစီးချုပ်(လေ)ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၁၀ ရက် ညပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ရာ တိုင်းမှူး ဗိုလ်ချုပ် ပြည့်စုံလင်းနှင့် တပ်မတော်အရာရှိကြီးများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မြန်မာတက်ဂ်ဘောအသင်း ထိုင်းနိုင်ငံသို့ Joint Training ပြုလုပ်ရန်ထွက်ခွာ

**ရန်ကုန် စက်တင်ဘာ ၁၁**

(၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ တက်ဂ်ဘော(Teqball)ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ရမည့် ပဏာမမြန်မာ့လက်ရွေးစင် တက်ဂ်ဘောအသင်းသည် ပြိုင်ပွဲအကြို ကြိုတင်ပြင်ဆင်မှုအနေဖြင့် ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ထိုင်းတက်ဂ်ဘောလက်ရွေးစင်အသင်းနှင့် Joint Training ပြုလုပ်ရန် ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ ယနေ့ညနေပိုင်းကထွက်ခွာသွားသည်။

အဆိုပါပဏာမမြန်မာတက်ဂ်ဘောလက်ရွေးစင်အသင်းကို မြန်မာနိုင်ငံတက်ဂ်ဘောအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာထက်ခိုင်ဝင်း ဦးဆောင်၍ အဖွဲ့ချုပ်တာဝန်ရှိသူများ၊ အုပ်ချုပ်/ နည်းပြအဖွဲ့ဝင်များနှင့် ပဏာမလက်ရွေးစင်ကစားသမား ၁၂ ဦး လိုက်ပါသွားကြသည်။

ယင်းပဏာမမြန်မာ့လက်ရွေးစင်တက်ဂ်ဘောအသင်းသည် ဗန်ကောက်မြို့၌ စက်တင်ဘာ ၁၁ ရက်မှ ၃၀ ရက်အထိ လေ့ကျင့်မှုများပြုလုပ်မည်ဖြစ်ကာ ကမ္ဘာ့အဆင့်ရှိ ထိုင်းတက်ဂ်ဘောလက်ရွေးစင်အသင်းနှင့် ခြေစမ်းပွဲများ ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတက်ဂ်ဘောအဖွဲ့ချုပ်သည် ၂၀၂၅ ခုနှစ် မေ ၂၃ ရက်ကဖွဲ့စည်းခဲ့သော အားကစားအဖွဲ့ချုပ်ဖြစ်ရာ လာမည့်ဆီးဂိမ်းပြိုင်ပွဲသို့ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားအဖွဲ့ချုပ်ဖြစ်သော်လည်း ပြင်ဆင်မှုအားကောင်းသည့် အားကစားအဖွဲ့ဖြစ်ကာ ယခု Joint Training ခရီးစဉ်အပြီးတွင် အောင်တိုဘာ ၁၇ ရက်မှ ၁၉ ရက်အထိ ဗန်ကောက်မြို့၌ကျင်းပမည့် ကမ္ဘာ့တက်ဂ်ဘောအဖွဲ့ချုပ်(FITEQ)၏ နိုင်ငံတကာတက်ဂ်ဘောပြိုင်ပွဲကို ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။ **အာကာစိုး**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း စက်ပစ္စည်းကြီးကြပ်မှုကော်မတီ၏ (၃/ ၂၀၂၅-၂၀၂၆) ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေး တက်ရောက်

**နေပြည်တော် စက်တင်ဘာ ၁၁**

စက်ပစ္စည်းကြီးကြပ်မှုကော်မတီ၏ (၃/၂၀၂၅-၂၀၂၆) ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် စက်မှုဝန်ကြီးဌာန ရုံးအမှတ် (၃၀) အစည်းအဝေးခန်းမ၌ကျင်းပရာ စက်ပစ္စည်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ဝန်ကြီးဌာနအသီးသီးမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်သည်။

ဦးစွာ စက်ပစ္စည်းကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက ယခုအစည်းအဝေးတွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် စက်ပစ္စည်းကြီးကြပ်မှုကော်မတီသို့ ဝန်ကြီးဌာန/ အဖွဲ့အစည်းများက တင်ပြလာသည့် ရန်ပုံငွေလွှဲပြောင်းသုံးစွဲခြင်းအမှာစာ ငါးစောင်အား အတည်ပြုဆွေးနွေးရန်နှင့် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အစိုးရဌာနဆိုင်ရာ စက်ပစ္စည်းများ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ထိရောက်လျင်မြန်စွာဆောင်ရွက်ရေးအတွက် ရည်ရွယ်ကျင်းပရခြင်းဖြစ်ကြောင်း။

မိမိတို့အနေဖြင့် သဘာဝဘေးအန္တရာယ်နှင့်အကြောင်းအမျိုးမျိုးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အစိုးရဌာနဆိုင်ရာ စက်ပစ္စည်းများ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် ထပ်မံဖြစ်ပွားလာနိုင်သည့် သဘာဝဘေးအန္တရာယ်များကိုလည်း ကြိုတင်တွက်ဆပြီး ဖြစ်ပွားလာပါက စက်ပစ္စည်းများ ထိခိုက်ပျက်စီးပြီး လုပ်ငန်းများထိခိုက်ရပ်တန့်မှုမရှိစေရေး ကာကွယ်ဆောင်ရွက်မည့်အစီအမံများကိုလည်း ထည့်သွင်းစဉ်းစား ဆောင်ရွက်ရန်လိုကြောင်း၊ စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရည်အသွေးအာမခံစနစ် ထူထောင်ထားရှိရေးသည် အဓိကအရေးပါသည့် အခန်းကဏ္ဍတွင် ပါဝင်နေသည့်အတွက် ဆောက်လုပ်ရေးလုပ်ငန်းပိုင်းတွင်သာမက စက်နှင့် စက်ပစ္စည်းများ၏ အရည်အသွေးပြည့်မီစေရေးအတွက် ကော်မတီဝင်များအနေဖြင့် အထူးအလေးထား ကြပ်မတ်ဆောင်ရွက်ပေးကြစေလိုကြောင်း၊ သဘာဝဘေးအန္တရာယ်များကြောင့် စက်နှင့်စက်ပစ္စည်းများ ထိခိုက်ဆုံးရှုံးမှုမရှိစေရေး လိုက်နာဆောင်ရွက်ရမည့်အချက်များကိုလည်း အကြံပြုဆွေးနွေးတင်ပြပေးစေလိုကြောင်း၊ စက်ပစ္စည်းကြီးကြပ်မှုကော်မတီ၏ မူဝါဒလုပ်ငန်းတာဝန်များနှင့်အညီ လုပ်ငန်းများ ပိုမိုထိရောက်အောင်မြင်စွာ



ဆောင်ရွက်နိုင်စေရေးအဖွဲ့ဝင်များက ကြိုးပမ်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားသည်။(**အပေါ်ပုံ**)

ထို့နောက် ဝန်ကြီးဌာန/ အဖွဲ့အစည်းများက တင်ပြသည့် အမှာတွဲငါးစောင်ကို သက်ဆိုင်ရာကော်မတီဝင်နှင့် ဝန်ကြီးဌာနကိုယ်စားလှယ်များက ရှင်းလင်းတင်ပြခြင်း၊ စက်ကိရိယာပစ္စည်းစီမံခန့်ခွဲမှု လုပ်ထုံးလုပ်နည်းများ(မူကြမ်း)ကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့မှ ရှင်းလင်းဆွေးနွေးခြင်း၊ စက်ကိရိယာပစ္စည်းစီမံခန့်ခွဲမှုလုပ်ထုံးလုပ်နည်းများ(မူကြမ်း)အား ကော်မတီအဖွဲ့ဝင်များက အကြံပြုဆွေးနွေးခြင်းများ ဆောင်ရွက်ပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အာဆီယံ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုကော်မတီ(COSTI) အဖွဲ့ဝင်များ၏ ညှိနှိုင်းဆွေးနွေးပွဲကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၁**

အာဆီယံ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ကော်မတီ (ASEAN Committee on Science, Technology and Innovation–COSTI) အဖွဲ့ဝင်များ၏ ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းက သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ Hybrid စနစ်ဖြင့် ကျင်းပသည်။



ဆွေးနွေးပွဲတွင် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော်က COSTI အဖွဲ့ဝင်များသည် နိုင်ငံအလိုက် အမျိုးသားအဆင့် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု မူဝါဒများ၊ လမ်းပြမြေပုံများ၊ မဟာဗျူဟာများချမှတ်ပြီး အာဆီယံ လုပ်ငန်းအစီအစဉ် (Plan of Actions) များနှင့် ကိုက်ညီအောင် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း၊ နှစ်စဉ် အာဆီယံ သိပ္ပံနှင့် နည်းပညာဝန်ကြီးအဆင့် အစည်းအဝေးများတွင် အာဆီယံနိုင်ငံများက မိတ်ဖက်နိုင်ငံများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး ဦးစားပေးဆောင်ရွက်ရမည့် စီမံကိန်းများ၊ စီးပွားရေးဖွံ့ဖြိုးမှုကို ရှေးရှုသော စီမံကိန်းများ၊ စဉ်ဆက်မပြတ်ပြောင်းလဲနေသော နည်းပညာပိုင်းဆိုင်ရာ အမြင်ဖလှယ်ခြင်းများကို အဖွဲ့ဝင်နိုင်ငံများ၏ လူမှုအကျိုးစီးပွား မြှင့်တင်နိုင်ရန် ဆွေးနွေးကြကြောင်း။

မြန်မာနိုင်ငံအနေဖြင့် အနာဂတ်ကာလ ၂၀၂၆ ခုနှစ်မှ ၂၀၃၅ ခုနှစ်အတွင်း အာဆီယံ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအဖြစ် APASTI (2026–2035) ကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် အာဆီယံ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ကော်မတီ၊ ဆပ်ကော်မတီ ကိုးခု၊ Task Force အဖွဲ့ခွဲ ငါးခုတို့၏ တာဝန်ခံများက ယခင်ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့သော လုပ်ငန်းစဉ်များ တင်ပြခြင်းနှင့် APASTI (2026–2035) နှင့်အတူ နိုင်ငံ့အကျိုးအတွက် ရှေ့ဆက်လက်ပူးပေါင်းဆောင်ရွက်သင့်သော လုပ်ငန်းစဉ်များအား အကြံပြုတင်ပြဆွေးနွေးပေးသွားရန် လိုအပ်ကြောင်း ပြောကြားသည်။(**ဝဲပုံ**)

ထို့နောက် ပြည်ထောင်စုဝန်ကြီးက UL Research institu–tes–ASEAN–U.S. Science prize for Women 2024 ၌ National Finalist အဖြစ် Senior Level အတွက် ရွေးချယ်ခံရသူ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာ နီနီတင့်နှင့် Mid–Career Level အတွက် ရွေးချယ်ခံရသူ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန Naypyitaw State Polytechnic University မှ ညွှန်ကြားရေးမှူး ဒေါက်တာသိမ့်သိမ့်ဝင်းတို့ကို ဂုဏ်ပြုလက်မှတ်ချီးမြှင့်သည်။

ယင်းနောက် မြန်မာနိုင်ငံ၊ အာဆီယံ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ကော်မတီ၊ National COSTI Chair၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်က ညှိနှိုင်းဆွေးနွေးပွဲကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍအလိုက်ဆွေးနွေးကာပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် လာမည့် စက်တင်ဘာ ၁၂ ရက်တွင် Naypyitaw State Polytechnic University ၌ ကျင်းပမည့် Engineering & ICT Project Show, 2025 အတွက် အကြိုခြင်းကျင်းပြင်ဆင် ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အူရီဒူးမြန်မာက U9 ဟု အမည်သစ်ပြောင်းလဲပြီး ဝန်ဆောင်မှုများပေးသွားမည်

**နေပြည်တော် စက်တင်ဘာ ၁၁**

အူရီဒူးမြန်မာက U9 ဟု အမည်သစ်ပြောင်းလဲပြီး ဝန်ဆောင်မှုများ ပေးသွားမည်ဖြစ်ကာ အဆိုပါ U9 ဟု ခေါ်ဆိုပြောင်းလဲခြင်းကို စက်တင်ဘာ ၂၀ ရက်တွင် စတင်သွားမည်ဖြစ်ကြောင်း အူရီဒူးမြန်မာမှ သိရသည်။

U9 ဟု အမည်ပြောင်းလဲသွားသော်လည်း အူရီဒူးဆင်းကတ်အသုံးပြုသူများအနေဖြင့် တစ်စုံတစ်ရာ ပြောင်းလဲမှုရှိမည်မဟုတ်ဘဲ သုံးစွဲသူများအသုံးပြုနေသည့် အစီအစဉ်များ၊ လက်ကျန်ငွေများနှင့် ဝယ်ယူထားသော ဝန်ဆောင်မှုအစီအစဉ်များသည် ယခင်အတိုင်း




ဆက်လက် အသုံးဝင်မည်ဖြစ်ကြောင်း၊ သုံးစွဲသူများအနေဖြင့် လက်ရှိဝန်ဆောင်မှုများ ဆက်လက်ရရှိရန်အတွက် မည်သည့်ဆောင်ရွက်မှုမှပြုလုပ်ရန်မလိုဘဲ သုံးစွဲသူဝန်ဆောင်မှုစင်တာ ဖုန်းနံပါတ်များသည်လည်း ယခင်အတိုင်းပင်ဆက်လက်ရှိမည်ဖြစ်ကြောင်း သိရသည်။

"U9 ဆိုတာ U က သုံးစွဲသူများ၊ စီးပွားရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် လူမှုအသိုင်းအဝိုင်းများဖြစ်သည့် လူကြီးမင်းများကို ရည်ရွယ်ပြီး 9 သည် ဆက်သွယ်ရေးနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ ကတိကဝတ်များကို အသစ်တစ်ဖန်ပြန်လည်လုပ်ဆောင်ရင်း စဉ်ဆက်မပြတ်ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို ရည်ရွယ်ပါတယ်။ အခုလိုအသွင်ကူးပြောင်းမှုဟာ ကျွန်မတို့ကုမ္ပဏီအတွက်သာမက ဆက်သွယ်ရေးနယ်ပယ်အတွက်ပါ အရေးပါပါတယ်"ဟု U9 အမှုဆောင်အရာရှိချုပ်(CEO) ဒေါ်ကာရိုလိုင်းယဉ်ယဉ်ဌေးက ပြောသည်။

U9 အက်ပလီကေးရှင်းအသစ်ကို Apple App Store နှင့် Google Play တို့တွင် ရယူနိုင်မည်ဖြစ်ပြီး သုံးစွဲသူများအနေဖြင့် အူရီဒူးမြန်မာ App အသုံးပြုစဉ်က အကောင့်အချက်အလက်များအတိုင်း ဝင်ရောက်နိုင်မည်ဖြစ်သည်။ စက်တင်ဘာ ၂၀ ရက်တွင် 9999 အား Hello U9 ဟု စာတိုပေးပို့ပါက 9 GB အထိ ဒေတာများ အခမဲ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဟိန်းထက်ဇော်**

# အင်းလေးဒေသအတွင်းရှိ သမဝါယမအသင်းလုပ်ငန်းများ ပြန်လည်ဆောင်ရွက်နိုင်ရေး ကွင်းဆင်းဆောင်ရွက်

**ညောင်ရွှေ စက်တင်ဘာ ၁၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် အင်းလေးဒေသရှိ မန္တလေးငလျင်ကြီးဒဏ်ခံစားခဲ့ရသော အင်းခြံကေလာကျေးရွာ ရွှေကြာခိုင်လယ်ယာနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်အသင်း၏ အသင်းလုပ်ငန်းများ ပြန်လည်ဆောင်ရွက်နိုင်ရေးနှင့် ငလျင်ဘေးသင့် သမဝါယမအသင်းသားများအား ထောက်ပံ့ပေးနိုင်ရေးအစီအစဉ်များ ဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီက အဆိုပါကျေးရွာရှိ အသင်းအမှုဆောင် ဦးထွန်းရင်နေအိမ်၌ ပြုလုပ်သည်။

အစည်းအဝေးတွင် ညောင်ရွှေမြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးမြင့်ထွန်းက သမဝါယမအသင်းလုပ်ငန်းများ ပြန်လည်ဆောင်ရွက်နိုင်ရေး ပေါင်းစပ်ဆောင်ရွက်သင့်သည့် လုပ်ထုံးလုပ်နည်းများကို ရှင်းလင်းပြောကြားပြီး မြို့နယ်အသင်းစုဥက္ကဋ္ဌ ဦးလှထွန်းက ရှေ့ဆက် ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းဆွေးနွေး၍ အသင်းသားများ၏ တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**စိုင်းအယ်ဘဲ**

# နိုင်ငံတကာကျောင်းသားများအတွက် သက်မွေးပညာသင်ကြားရာ Luban Workshop အစီအစဉ်

သျှင်မေ

**Luban ဆိုတာ ရှေးခေတ်တရုတ်နိုင်ငံက ထင်ရှားတဲ့လက်မှုပညာရှင်တစ်ဦးဖြစ်ပါတယ်။ တရုတ်နိုင်ငံမှာတော့ သူ့ကိုနည်းပညာအားလုံးရဲ့ အစလို့တောင် တင်စားခေါ်ဝေါ်ကြပါတယ်။ ပညာရှင်ကြီး Luban ကို ဂုဏ်ပြုတဲ့အနေနဲ့ တရုတ်နိုင်ငံက Luban Workshop ကို ၂၀၀၈ ခုနှစ်မှာ စတင်အကောင်အထည်ဖော်ခဲ့ပါတယ်။**



Luban Workshop Experience Museum ၌ ပြသထားသည့် ရထားမောင်းနှင်မှု ထိန်းချုပ်ခြင်းဆိုင်ရာ မြင်ကွင်း။

> ❝ Luban Workshop က တရုတ်နိုင်ငံနဲ့ ပြည်ပနိုင်ငံတွေအကြား ယဉ်ကျေးမှုဖလှယ်ခြင်းနဲ့ အသက်မွေးဝမ်းကျောင်းဆိုင်ရာ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုတွေ အတွက် နာမည်ကျော် အမှတ်တံဆိပ်တစ်ခုလည်းဖြစ်ပါတယ်။ BRI ရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို နောက်ခံထားပြီး နိုင်ငံတကာက ကျောင်းတွေနဲ့ ပူးပေါင်းဆောင်ရွက်ပေးတဲ့ စက်မှုနဲ့ ပညာရေး ပေါင်းစပ်မှုကျောင်းလို့ ဆိုနိုင်ပါတယ် ❞

**ကျွမ်းကျင်မှုသင်တန်းတွေ ပံ့ပိုးပေး**

ကမ္ဘာ့အရပ်ရပ်မှာရှိတဲ့ နည်းပညာစိတ်ဝင်စားပြီး အသက်မွေးဝမ်းကျောင်းအဖြစ် ပညာသင်ယူလိုကြတဲ့ လူငယ်တွေကို အကူအညီပေးတဲ့အစီအစဉ်ဖြစ်တဲ့ Luban Workshop က Vocational Training တစ်ခုဖြစ်ပြီး နိုင်ငံတကာက လူငယ်တွေ အားလုံးသင်ယူနိုင်ဖို့အခွင့်အလမ်းရှိပါတယ်။ အဲဒီသင်တန်းတွေကို တရုတ်နိုင်ငံက ကောလိပ်နဲ့ တက္ကသိုလ်တွေမှာ ချိတ်ဆက်ထားပြီး နိုင်ငံခြားတိုင်းပြည်တွေနဲ့ Shanghai Cooperation Organisation (SCO) အဖွဲ့ဝင်နိုင်ငံတွေမှာ အများဆုံးဖွင့်လှစ်ကာ ကျွမ်းကျင်မှုသင်တန်းတွေ ပံ့ပိုးပေးနေတာပါ။

သင်ကြားပေးတဲ့နည်းပညာတွေကတော့ စက်မှုနည်းပညာ၊ စွမ်းအင်နည်းပညာ၊ အင်ဂျင်နီယာဘာသာရပ်အမျိုးမျိုးအပြင် အလိုလျောက်စနစ်၊ စက်ရုပ်နည်းပညာစတာတွေ ပါဝင်ပါတယ်။ သင်ကြားခြင်းအပြင် လက်တွေ့ကျွမ်းကျင်မှုအတွက် internship အခွင့်အလမ်းတွေကိုလည်း စီစဉ်ပေးပါတယ်။

Luban Workshop က တရုတ်နိုင်ငံနဲ့ ပြည်ပနိုင်ငံတွေအကြား ယဉ်ကျေးမှုဖလှယ်ခြင်းနဲ့ အသက်မွေးဝမ်းကျောင်းဆိုင်ရာ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုတွေအတွက် နာမည်ကျော်အမှတ်တံဆိပ်တစ်ခုလည်းဖြစ်ပါတယ်။ BRI ရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို နောက်ခံထားပြီး နိုင်ငံတကာက ကျောင်းတွေနဲ့ပူးပေါင်းဆောင်ရွက်ပေးတဲ့ စက်မှုနဲ့ ပညာရေး ပေါင်းစပ်မှုကျောင်းလို့ ဆိုနိုင်ပါတယ်။

သမ္မတရှီကျင့်ဖျင်က ၂၀၁၈ ခုနှစ်မှာ ကျင်းပတဲ့ တရုတ်–အာဖရိက ထိပ်သီးအစည်းအဝေး တစ်ခုမှာ Luban Workshop ၁၀ ခု ဖွင့်လှစ်ပေးမယ်ဆိုပြီး စတင်မိတ်ဆက်ခဲ့တာပါ။ လက်ရှိမှာတော့ အာရှ၊ ဥရောပနဲ့ အာဖရိက နိုင်ငံပေါင်း ၃၀ မှာ အခွဲပေါင်း ၃၆ ခုကို ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ အာရှမှာ ၁၄ ခုနဲ့ ဥရောပမှာ ငါးခု၊ အာဖရိကမှာ ၁၇ ခုရှိလာပါပြီ။

**လူဘန်းကနေ ဆုလေးဆု ဆွတ်ခူး**

၂၀၂၄ ခုနှစ် နိုဝင်ဘာလမှာ ကျင်းပတဲ့ ကမ္ဘာ့အသက်မွေးဝမ်းကျောင်းနှင့် နည်းပညာဆိုင်ရာ ပညာရေးဖွံ့ဖြိုးတိုးတက်မှုညီလာခံကို တရုတ်နိုင်ငံ တီယန်ကျင်းမြို့မှာ ကျင်းပခဲ့ပြီး ကမ္ဘာ့နိုင်ငံပေါင်း ၁၀၀ ကျော်က လာရောက်ခဲ့ပြီး ကိုယ်စားလှယ် ၁၂၀၀ ကျော် တက်ရောက်ခဲ့ပါတယ်။ အဲဒီမှာ World Vocational College Skills Competition 2024 ကို နိုင်ငံပေါင်း ၇၄ နိုင်ငံက ကောလိပ်နဲ့ တက္ကသိုလ်ပေါင်း ၂၇၀၀ ကျော် ပါဝင်ယှဉ်ပြိုင်ခဲ့ကြပါတယ်။ အဲဒီမှာ လူဘန်းကနေ ဆုလေးဆု ဆွတ်ခူးခဲ့ပါတယ်။

စက်တင်ဘာလဆန်းမှာကျင်းပတဲ့ Shanghai Cooperation Organisation (SCO) ထိပ်သီး အစည်းအဝေးကာလအတွင်း ပြည်ပနိုင်ငံတွေက တက်ရောက် သတင်းယူခဲ့ကြတဲ့ သတင်းထောက်တွေကို Luban Workshop ရဲ့ Vocational Training အကြောင်း မိတ်ဆက်ပေးခဲ့ပြီး Tianjin Light Industry Vocational Technical College ရဲ့ ပြတိုက်နဲ့ အလုပ်ရုံတွေဆီကို လိုက်လံပြသခဲ့တာပါ။ အဲဒီမှာ သရီးဒီနည်းပညာ ပေါင်းစပ်ထားတဲ့ ထုတ်လုပ်မှုစက်ကိရိယာတွေကို လေ့လာခွင့်ရခဲ့သလို လက်တွေ့ဖန်တီးမှုတွေကိုလည်း တွေ့မြင်ခဲ့ရပါတယ်။ ဒါ့အပြင် စက်ရုပ်နည်းပညာနဲ့ နည်းပညာမြင့်မားတဲ့ စက်မှုထုတ်ကုန်တွေနဲ့ စက်ပစ္စည်းသစ်တွေကိုလည်း တွေ့ရှိခဲ့ရပါတယ်။

**ဘာသာရပ် ၃၈ မျိုးကို လေ့လာသင်ယူနိုင်**

**“ကျွန်မတို့က အခြားသော နိုင်ငံတွေနဲ့လည်း ပူးပေါင်းဆောင်ရွက်သွားဖို့ ရှိပါတယ်။ လက်ရှိမှာလည်း အရှေ့တောင်အာရှနိုင်ငံတွေအပြင် အာဖရိက နိုင်ငံတွေက သင်တန်းသားတွေနဲ့ ပြန်လည် အလုပ်ဝင်ရောက်နေတဲ့ နည်းပြနိုင်ငံခြားသား အများစုလည်းရှိပါတယ်။ Tianjin Light Industry Vocational Technical College မှာ ဘာသာရပ်ပေါင်း ၃၈ မျိုးကို လေ့လာသင်ယူနိုင်ပါတယ်။ မိုလ်ဒီဇိုင်းနည်းပညာ၊ CNC နည်းပညာ၊ အလိုလျောက် စက်ဒီဇိုင်းနည်းပညာ၊ ဉာဏ်ရည်တုစက်ရုပ် ထုတ်လုပ်မှုနည်းပညာ၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် ထုတ်လုပ်မှုနည်းပညာ၊ စက်မှုနည်းပညာ မျိုးစုံပြင် အထည်အလိပ်စက်မျိုးစုံ ထုတ်လုပ်မှုနည်းပညာ၊ အီလက်ထရောနစ်ပစ္စည်း ထုတ်လုပ်မှုနည်းပညာစတဲ့ ထုတ်လုပ်မှုအမျိုးမျိုးကို ဖွင့်လှစ်ထားပြီး Highter Vocational Education Program အနေနဲ့ ဒီပလိုမာတန်းတွေ ဖွင့်လှစ်ပေးနေပါတယ်”** လို့ Tianjin Light Industry Vocational Technical College မှ တာဝန်ရှိသူက ပြောပါတယ်။

စိတ်ပါဝင်စားသူတွေအနေနဲ့ ကျောင်းရဲ့ အီးမေးလ်လိပ်စာဖြစ်တဲ့ qggj2016@163.com ကနေ ကျောင်းနဲ့တိုက်ရိုက် ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရပါတယ်။ မြန်မာနိုင်ငံကလည်း Shanghai Cooperation Organisation (SCO) ရဲ့ ဆွေးနွေးဘက် နိုင်ငံတစ်ခုဖြစ်တာကြောင့် မကြာမီကာလအတွင်း မိမိတို့နိုင်ငံက အသက်မွေးဝမ်းကျောင်းကောလိပ်နဲ့ တက္ကသိုလ်တွေကိုလည်း ချိတ်ဆက်မှုတွေ ရှိလာမှာဖြစ်ပါတယ်လို့ တာဝန်ရှိသူက ပြောကြားခဲ့ပါတယ်။ ။



စက်ရုပ်ထုတ်လုပ်မှုလုပ်ငန်းစဉ်အား ပုံစံငယ်ပြသထားစဉ်။



လေဆာဖြင့် ပုံနှိပ်ခြင်းလုပ်ငန်းဆိုင်ရာများ လက်တွေ့သရုပ်ပြသစဉ်။

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ရွေးကောက်ပွဲဆိုင်ရာ သတင်းထုတ်ပြန်ရေးအစီအစဉ် ကျင်းပ



**နေပြည်တော် စက်တင်ဘာ ၁၁**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ရွေးကောက်ပွဲဆိုင်ရာသတင်းထုတ်ပြန်ရေးအစီအစဉ်ကို ယနေ့ မွန်းလွဲပိုင်းတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး တိုးချဲ့ရုံးအဆောက်အအုံ၌ ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးခင်မောင်ဦး၊ ဦးအောင်လွင်ဦးနှင့် ဦးမြင့်သိန်း၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ (၂) နှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးတာဝန်ရှိသူများ၊ ပြည်တွင်းမီဒီယာနှင့် ပြည်တွင်းအခြေစိုက်ပြည်ပမီဒီယာအဖွဲ့အစည်းများမှ သတင်းသမားများ တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်ဦးခင်မောင်ဦးက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ နိုင်ငံရေးပါတီဆိုင်ရာများ၊ ရွေးကောက်ပွဲစနစ် ပြောင်းလဲကျင့်သုံးခြင်းဆိုင်ရာကိစ္စရပ်များ၊ မဲပေးရာတွင် မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) အသုံးပြုခြင်းဆိုင်ရာကိစ္စရပ်များ၊ ရွေးကောက်ပွဲအား အပိုင်းလိုက် ဆောင်ရွက်သွားမည့်အခြေအနေများ၊ မဲဆန္ဒရှင်စာရင်းပြုစုခြင်းဆိုင်ရာ ကိစ္စရပ်များ၊ လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းခြင်းဆိုင်ရာကိစ္စရပ်များ၊ မဲဆွယ်စည်းရုံးရေးဆိုင်ရာ ကိစ္စရပ်များ၊ ရွေးကောက်ပွဲလုံခြုံရေးဆိုင်ရာ ကိစ္စရပ်များ၊ ပြည်တွင်းနှင့် နိုင်ငံတကာရွေးကောက်ပွဲ လေ့လာရေးအဖွဲ့များ ဖိတ်ခေါ်ခြင်းဆိုင်ရာ ကိစ္စရပ်များ၊ သတင်းမီဒီယာများ သတင်းရယူခြင်းဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့် သတင်းမီဒီယာများက သိရှိလိုသည်များကို မေးမြန်းကြရာ မေးမြန်းချက်များအပေါ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များက ပြန်လည်ဖြေကြားကာ ကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက နိဂုံးချုပ်စကားပြောကြား၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါအခမ်းအနားတွင် ပြည်တွင်းမီဒီယာအဖွဲ့အစည်း ၃၀ နှင့် ပြည်တွင်းအခြေစိုက် ပြည်ပမီဒီယာအဖွဲ့အစည်း ရှစ်ဖွဲ့တို့မှ သတင်းသမား စုစုပေါင်း ၇၈ ဦး တက်ရောက်သတင်းရယူခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ချောက်မြို့၌ အခွန်ဆိုင်ရာ အသိပညာပေးဆွေးနွေး

**ချောက် စက်တင်ဘာ ၁၁**

မြို့နယ်၌ အခွန်ထမ်းလုပ်ငန်းရှင်မကွေးတိုင်းဒေသကြီး ချောက် များအား တည်ဆဲအခွန်ဆိုင်ရာ



ဥပဒေများ၊ ပြေစာများပေါ်တွင် အခွန်အမှတ် တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် စပ်လျဉ်းသည့် အခွန်ဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကို ယမန်နေ့က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ပြည်သာယာခန်းမ၌ ကျင်းပသည်။

ဦးစွာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးဦးစစ်ငြိမ်းအေးက အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး ဒေါ်ညိုလှဲ့ဖြူက ပြည်တွင်းအခွန်များ ဦးစီးဌာန ရည်ရွယ်ချက်နှင့် လုပ်ငန်းတာဝန်များ၊ တည်ဆဲအခွန်ဆိုင်ရာဥပဒေများ၊ ကျသင့်ကုန်သွယ်လုပ်ငန်းခွန်၊ အခွန်အမှတ်တံဆိပ်သတ်မှတ်ချက်၊ ပြေစာများပေါ်တွင် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် အခွန်ပျက်ကွက်မှုများအတွက် ပြစ်ဒဏ်များအကြောင်းကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ကျော်မိုး(ပြန်/ဆက်)**

| ၁၁ - ၉ - ၂၀၂၅ | ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် | | | ဘီလီယံ- စုစည်းသည် |
|---|---|---|---|---|
| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး |
| FMI | ၇၃၀၀ | ၇၅၀၀ | ၁၃၂၄ | ၉၉၃၀၀၀၀ |
| MTSH | ၃၁၅၀ | ၃၁၅၀ | ၂၂၃ | ၇၀၂၄၅၀ |
| MCB | ၇၄၀၀ | ၇၄၀၀ | ၂၆ | ၁၉၂၄၀၀ |
| FPB | ၁၉၅၀ | ၂၀၀၀ | ၂၀၉၅ | ၄၀၈၆၀၀၀ |
| TMH | ၂၆၅၀ | ၂၆၀၀ | ၈၄၅ | ၂၂၃၀၀၀၀ |
| EFR | ၁၈၅၀ | ၁၈၅၀ | ၁၇၇၈ | ၃၂၆၉၃၀၀ |
| AMATA | ၃၃၀၀ | ၃၃၀၀ | ၇၅ | ၂၄၆၀၀၀ |
| MAEX | ၃၂၅၀ | ၃၂၅၀ | ၀ | ၀ |




စာအုပ်စာပေ လူ့မိတ်ဆွေ

## ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် စာဆိုဗိမာန်အဆောက်အအုံတွင် ထားရှိမည့် "Logo အမှတ်တံဆိပ်" များအတွက် ပါဝင်ယှဉ်ပြိုင်နိုင်ရန် ဖိတ်ခေါ်ခြင်း

၁။ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိပြီး အိန္ဒိယနိုင်ငံအစိုးရ၏ အကူအညီအထောက်အပံ့ဖြင့် တည်ဆောက်လျက်ရှိသော ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ဥယျာဉ်ရပ်ကွက် မြေတိုင်းရပ်ကွက် ၁၈-A၊ မြေကွက်အမှတ် (၂၉ ၏တစ်စိတ်တစ်ဒေသ)ရှိ မြေဧရိယာ ၂.၁၈ ဧကပေါ်တွင် စာဆိုဗိမာန်သုံးထပ်(RC) အဆောက်အအုံအား တည်ဆောက်လျက်ရှိပါသည်။

၂။ သို့ဖြစ်ပါ၍ အဆိုပါအဆောက်အအုံတွင် အထိမ်းအမှတ် Logo တံဆိပ်တပ်ဆင်နိုင်ရန်အတွက် လိုအပ်မည့်အမှတ်တံဆိပ်အား ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် ပြိုင်ပွဲဝင်များအား ဖိတ်ခေါ်ပါဝင်ယှဉ်ပြိုင်နိုင်ပါကြောင်းနှင့် ယှဉ်ပြိုင်ရာတွင် အောက်ဖော်ပြပါအချက်များ ပါဝင်အောင် ထည့်သွင်းစဉ်းစား ရေးဆွဲပေးရမည်ဖြစ်ပါသည်-

- စာဆိုဗိမာန်အမည်နာမနှင့် လိုက်ဖက်မှုရှိရန်
- စာဆိုတော်ကြီးများနှင့် သက်ဆိုင်သည့် အကြောင်းအရာများကို ရည်ညွှန်းနိုင်သည့် အချက်လက်များပါရှိစေရန်
- ခေတ်အဆက်ဆက် မြန်မာစာပေသမိုင်းတွင် ထင်ရှားကျော်ကြားခဲ့ကြသည့် စာဆိုတော်ကြီးများ ဖန်တီးရေးဖွဲ့ခဲ့ကြသည့် စာပေလက်ရာများနှင့် နီးနွှယ်မှုပါရှိစေရန်
- စာပေနှင့်ပတ်သက်သည့် ရေးအခေါ်အဝေါ်များပါရှိရန်

၃။ ဝင်ရောက်ယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင်များအတွက် စည်းကမ်းသတ်မှတ်ချက်များမှာ အောက်ဖော်ပြပါ အတိုင်းဖြစ်ပါသည်-

(က) မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။

(ခ) Logo ဒီဇိုင်းရေးဆွဲရာတွင် File Format အား AI (သို့မဟုတ်) .eps အဖြစ် ဒီဇိုင်းရေးဆွဲပေးရမည် ဖြစ်ပါသည်။

(ဂ) ဆုရ Logo တံဆိပ်အား မူပိုင်ခွင့်နှင့်ပတ်သက်၍ စာဆိုဗိမာန်က ပိုင်ဆိုင်မည်ဖြစ်ပါသည်။

(ဃ) ကိုယ်တိုင်ရေးဆွဲထားကြောင်း ဝန်ခံကတိလက်မှတ်ရေးထိုးရမည်။

(င) ဆုအဖြစ် ရွေးချယ်ခံရသည့် Logo တံဆိပ်ရေးဆွဲသူအား ဉာဏ်ပူဇော်ခအဖြစ် ပထမဆုလျှင် ငွေကျပ် ၂,၀၀၀,၀၀၀/- (ကျပ်နှစ်ဆယ်သိန်းတိတိ)၊ ဒုတိယဆုလျှင် ငွေကျပ် ၁,၀၀၀,၀၀၀/-(ကျပ်တစ်ဆယ်သိန်းတိတိ) နှင့် တတိယဆုလျှင် ငွေကျပ် ၅၀၀,၀၀၀/- (ကျပ်ငါးသိန်းတိတိ)ကို ချီးမြှင့်ပေးသွားမည်ဖြစ်ပါသည်။

၄။ ပြိုင်ပွဲဝင်၏ ယှဉ်ပြိုင်မှုများ ပေးပို့ရာတွင် (Hard Copy အဖြူ/အမည်း) နှစ်စုံ Soft Copy (CD) နှစ်စုံစီ၊ ပြိုင်ပွဲဝင် အမည်၊ မှတ်ပုံတင်/နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ကာလာဓာတ်ပုံ ၂ ပုံ (Passport Size)၊ ဆက်သွယ်ရန်လိပ်စာ၊ အမှန်တကယ်အသုံးပြုသည့် ဖုန်းနံပါတ်တို့နှင့်အတူ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ စာတည်းမှူးချုပ်၊ စာပေဗိမာန်ရုံး၊ ၃၇ လမ်းနှင့် ကုန်သည်လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်၊ ဖုန်း ၀၁-၃၈၁၄၄၉ သို့ ၂၀၂၅ ခုနှစ်၊ စက်ဘာလ ၂၃ ရက် နောက်ဆုံးထား၍ ဆက်သွယ်ပေးပို့ ယှဉ်ပြိုင်နိုင်ပြီး အသေးစိတ်ကို စာပေဗိမာန် Website (www.sarpaybeikman-pol.gov.mm) နှင့် Facebook Page များတွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ (သတ်မှတ်ရက်ကျော်လွန်ပြီး စည်းကမ်းချက်များနှင့် မပြည့်စုံသော Logo တံဆိပ်အား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၅။ စာဆိုဗိမာန်အဆောက်အအုံတွင် ထားရှိမည့် " Logo အမှတ်တံဆိပ်" ပြိုင်ပွဲတွင် ဆုရရှိသည့် ဒီဇိုင်းပညာရှင်ကို ဆုချီးမြှင့်နိုင်မည့်ရက်အား ထပ်မံကြေညာသွားမည်ဖြစ်ပါသည်။

**စာပေဗိမာန်**
**ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန**

❍ ကျောဖုံးမှ

ယင်းနောက် မိုးမောက်မြို့ရှိ တစ်ခုတည်းသော နယ်မြေခံလုံခြုံရေးတပ်ရင်းအား ၂၀၂၄ ခုနှစ် ဧပြီလ ၂၄ ရက်မှစ၍ အင်အားအလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့ရာ နယ်မြေခံတပ်ရင်းမှ အရာရှိ၊ စစ်သည်၊ ရဲမေများအနေဖြင့် ကြံ့ကြံ့ခိုင်ခိုင် ပြန်လည်ခုခံတိုက်ခိုက်ခဲ့သဖြင့် အကြမ်းဖက်သောင်းကျန်းသူများ အထိနာ၍ ဇွန်လ ၂၅ ရက်နေ့တွင် မိုးမောက်မြို့နှင့်အနီးဝန်းကျင်သို့ ပြန်လည်ဆုတ်ခွာသွားခဲ့သည်။

ထို့နောက် အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များသည် လူအင်အားထပ်မံ ဖြည့်တင်းခြင်း၊ မိုးမောက်မြို့တွင်းရှိ ပြည်သူလူထုနေအိမ်များအား ဖောက်ထွင်း၍ လိုအပ်သည့်ရိက္ခာ၊ ဆေးပစ္စည်းများအား အဓမ္မယူဆောင်ခြင်း၊ လူသစ်စုဆောင်းခြင်းများ ဆောင်ရွက်ခဲ့ပြီးနောက် ၂၀၂၄ ခုနှစ် ဇူလိုင်လ ၂၄ ရက်နေ့တွင် လက်နက်ကြီးများ၊ Drone များဖြင့် Drop Bomb များ ကြဲချတိုက်ခိုက်ခြင်းနှင့် လူအင်အား အမြောက်အမြား အသုံးပြု၍ မိုးမောက်မြို့ရှိ နယ်မြေခံတပ်ရင်းအား ထပ်မံဝင်ရောက်တိုက်ခိုက်ခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် မဆုတ်မနစ်သော စိတ်ဓာတ်များဖြင့် ကြံ့ကြံ့ခံ ခုခံတိုက်ခိုက်ခဲ့သော်လည်း အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ၏ သာလွန်အင်အားအသုံးပြု၍ တိုက်ခိုက်လာမှုများကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ ထိခိုက်ကျဆုံးမှုအနည်းဆုံးဖြစ်စေရေးအတွက် ဩဂုတ်လ ၁၈ ရက်တွင် ကြားခံစစ်အဆင့်ဆင့်ဖြင့် ဗန်းမော်မြို့သို့ စနစ်တကျဆုတ်ခွာ၍ ဗန်းမော်မြို့မှ လုံခြုံရေး တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းခဲ့ရသည်။

ယင်းနောက် တပ်မတော်စစ်ကြောင်းများသည် ဗန်းမော်မြို့၌ စနစ်တကျ ပြင်ဆင်စုဖွဲ့မှုများ ဆောင်ရွက်ခဲ့ပြီးနောက် ဩဂုတ် ၂၀ ရက်တွင် မိုးမောက်မြို့အား အင်အားအလုံးအရင်းဖြင့် ပြန်လည်ထိုးစစ်ဆင်တိုက်ခိုက်ခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ အထိနာခဲ့သည်။




အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ခေတ္တစိုးမိုးထားသည့် ဗန်းမော်မြို့အတွင်းရှိ နယ်မြေခံတပ်ရင်းဌာနချုပ်အား တပ်မတော်စစ်ကြောင်းများက ပြန်လည်သိမ်းပိုက်ရရှိမှုကို တွေ့ရစဉ်။

ဆက်လက်၍ တပ်မတော်စစ်ကြောင်းများ အနေဖြင့် မိုးမောက်မြို့ရှိ နယ်မြေခံတပ်ရင်းအား ပြန်လည်သိမ်းပိုက်ရရှိနိုင်ရေး အပြင်းအထန် ထိုးစစ်ဆင်တိုက်ခိုက်လျက်ရှိချိန်တွင် အထိနာလျက်ရှိသော အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များအနေဖြင့် စစ်မျက်နှာပြောင်းလဲ၍ မိုးမောက်မြို့သို့ ထိုးစစ်ဆင်တိုက်ခိုက်လျက်ရှိသော တပ်မတော်စစ်ကြောင်းများအား လက်နက်၊ ခဲယမ်း၊ ရိက္ခာများ အဓိကထောက်ပံ့ပေးလျက်ရှိသည့် ဗန်းမော်မြို့ရှိ လေယာဉ်ကွင်း၊ တပ်ရင်းဌာနချုပ်များအား ပိတ်ဆို့ဖြတ်တောက်နိုင်ရေးအတွက် ဗန်းမော်မြို့ဒေသခံပြည်သူလူထုအတွင်း ဒေသခံများအသွင် စိမ့်ဝင်နေထိုင်လျက်ရှိသည့် PDF အမည်ခံ အကြမ်းဖက်သမားများ၏ အကူအညီများ ရယူကာ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၄ ရက်နေ့မှစ၍ နှစ်လအတွင်း ဗန်းမော်မြို့အားအပြီးသိမ်းပိုက်ရန် ကြွေးကြော်လျက် ဗန်းမော်မြို့တွင်းသို့ တောင်ဘက်နှင့် မြောက်ဘက် နှစ်ဖက်ညှပ်၍ တပ်မဟာအလိုက်အင်အား အလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့ရာ ဗန်းမော်မြို့ရှိ ပြည်သူလူထုအချို့ အနေဖြင့် စိုးရိမ်ထိတ်လန့်ခဲ့ကြရပြီး နေရပ်စွန့်ခွာထွက်ပြေး၍ ဘေးလွတ်ရာသို့ တိမ်းရှောင်နေခဲ့ရသည်။

အလားတူ မံစီမြို့အား အင်အား အလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်၍ ခေတ္တစိုးမိုးထားသည့် အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များသည်လည်း မံစီ–ဗန်းမော်လမ်းကြောင်းအတိုင်း ထိုးစစ်ဆင်တိုက်ခိုက်လာခဲ့ရာ ဗန်းမော်မြို့ တောင်ဘက်ရှိ နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ထိတွေ့မှုများဖြစ်ပွားခဲ့သည်။



အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ခေတ္တစိုးမိုးထားသည့် ဗန်းမော်မြို့အတွင်းရှိ နယ်မြေခံတပ်ရင်းဌာနချုပ်အား တပ်မတော်စစ်ကြောင်းများက ပြန်လည်သိမ်းပိုက်ရရှိမှုကို တွေ့ရစဉ်။

ထို့အပြင် အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များအနေဖြင့် ဗန်းမော်မြို့၏ ဆက်သွယ်ရေးလမ်းကြောင်းများအား ဖြတ်တောက်ပိတ်ဆို့ခြင်းများကြောင့် ဒေသတွင်း ကုန်စည်စီးဆင်းမှု ခေတ္တရပ်တန့်သွားခဲ့ရသဖြင့် ဒေသအတွင်း ကျန်ရှိသည့် ဒေသခံများ၏ စားရေး၌ အခက်အခဲ၊ အကျပ်အတည်းများဖြင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်။ သို့ဖြစ်၍ အစိုးရနှင့် တပ်မတော်မှဒေသခံပြည်သူများ၏စားသောက်နေထိုင်ရေးအတွက် ဧရာဝတီမြစ်ကြောင်းအတိုင်း သင်္ဘောကြီးများဖြင့် လိုအပ်သည့် ထောက်ပံ့ပို့ဆောင်ရေးများ ဆောင်ရွက်ပေးခဲ့ရာတွင်လည်း အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ ဧရာဝတီမြစ်ကြောင်းဝဲ/ယာတစ်လျှောက်ရှိ ကျေးရွာအချို့တွင် အတင်းအဓမ္မခြိမ်းခြောက် ဝင်ရောက်နေရာယူလျက် သင်္ဘောများအား အဝေးမှ နှောင့်ယှက်ပစ်ခတ်ခြင်း၊ Drone ဖြင့် Drop Bomb ချတိုက်ခိုက်ခြင်းစသည့် အဖျက်အမှောင့်လုပ်ရပ်ကို လုပ်ဆောင်ခဲ့သည်။

ဗန်းမော်မြို့ အနီးဝန်းကျင်ရှိ တပ်ဌာနချုပ်များ၊ တပ်စခန်းများမှ လုံခြုံရေး တပ်ဖွဲ့ဝင်များအနေဖြင့် အင်အားအလုံးအရင်းဖြင့် ဝင်ရောက် တိုက်ခိုက်လာသည့် အကြမ်းဖက် သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များအား တန်ပြန်တိုက်ခိုက်မှုများ ဆောင်ရွက်ခဲ့ရာတွင်လည်း အကြမ်းဖက် သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များသည် ပြည်သူလူထုအား လူသားတံတိုင်းသဖွယ် အသုံးပြုတိုက်ခိုက်ခြင်း၊ ပြည်သူလူထု နေအိမ်များအတွင်း ဝင်ရောက်၍ အကာအကွယ်ယူ တိုက်ခိုက်ခြင်းများ ဆောင်ရွက်ခဲ့သဖြင့် ပြည်သူလူထုနှင့် ၎င်းတို့၏ နေအိမ်အဆောက်အအုံများ ထိခိုက်မှုမရှိစေရေး အတွက် ပစ်ခတ်မှုများကို ကန့်သတ်ချက်များကြားမှ အထူးဂရုပြုဆောင်ရွက်ခဲ့ရသည်။ သို့ရာတွင် အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များအနေဖြင့် သာသနိကအဆောက်အအုံများ၊ ပြည်သူလူထု၏ ကွန်ကရစ် အမိုးပါအထပ်မြင့် အဆောက်အအုံများနှင့် ဆေးရုံ၊ ဆေးခန်းနေရာများ၌ အခြေပြု၍ တိုက်ခိုက်ခြင်းများအဆက်မပြတ် လုပ်ဆောင်လာခဲ့သဖြင့် ဗန်းမော်မြို့ အရှေ့မြောက်ဘက်ရှိ တပ်ဌာနချုပ်များ၊ လုံခြုံရေးတပ်စခန်းများနှင့် ဗန်းမော်လေဆိပ်တို့ရှိ လုံခြုံရေး စာမျက်နှာ ၁၃ သို့



တပ်မတော်ရေယာဉ်များအား အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များက ဖြတ်တောက်ပစ်ခတ်တိုက်ခိုက်မှုကို တွေ့ရစဉ်။



တပ်မတော်မှရေယာဉ်များ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ၏ ပိတ်ဆို့ဖြတ်တောက်မှုများကြားမှ ဗန်းမော်ဆိပ်ကမ်းသို့ ရောက်ရှိမှုကို တွေ့ရစဉ်။

*စာမျက်နှာ ၁၂ မှ*

တပ်ဖွဲ့ဝင်များအနေဖြင့် ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၂၅ ရက်မှ ဖေဖော်ဝါရီလ ၂၀ ရက်အတွင်း အဆင့်ဆင့်ကြားခံစစ်များ ရယူကာ ဗန်းမော်မြို့တွင်းရှိ နယ်မြေခံတပ်ဌာနချုပ်နေရာသို့ ဗျူဟာအရ ခေတ္တခွာ စစ်ဆင်ပူးပေါင်းခဲ့ပြီး အင်အား အလုံးအရင်းဖြင့် ဆက်လက်ထိုးစစ်ဆင် တိုက်ခိုက်လာသည့် အကြမ်းဖက် သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များအား ဆက်လက် ခုခံတိုက်ခိုက်ခဲ့သည်။

ထို့နောက် အကြမ်းဖက် သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ အနေဖြင့် ဗန်းမော်မြို့အား အလုံးစုံသိမ်းပိုက်ရရှိနိုင်ရေး အင်အား အလုံးအရင်းဖြင့် စဉ်ဆက်မပြတ် ထိုးစစ်ဆင် တိုက်ခိုက်ခဲ့သော်လည်း တပ်ရင်း/တပ်ဖွဲ့များရှိ အရာရှိ/စစ်သည်၊ မိသားစုဝင်များ၊ အစိုးရဝန်ထမ်းများ အနေဖြင့် ဗန်းမော်မြို့အား အကြမ်းဖက် သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ လက်ဝယ်သို့ အလုံးစုံကျရောက်မှု မရှိစေရေး ၂၀၂၄ ခုနှစ် ဒီဇင်ဘာလမှ ၂၀၂၅ ခုနှစ် ဇူလိုင်လအထိ ရှစ်လတိုင်တိုင် လှေ့ခွက်ချည်းကျန် အလံမလဲသည့် စိတ်ဓာတ်၊ တုံးတိုက်တိုက်၊ ကျားကိုက်ကိုက် စိတ်ဓာတ်တို့ဖြင့် အပြင်းအထန် ဟန့်စစ်ဆင် ခုခံမှုများကြောင့် အကြမ်းဖက် သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ၏ ဗန်းမော်မြို့အား အလုံးစုံရရှိနိုင်ရေး စစ်ရေးအိပ်မက်မှာ ရပ်တန့်သွားခဲ့ရသည်။

ယင်းနောက် ၂၀၂၅ ခုနှစ် ဩဂုတ်လအတွင်း အင်အားဖြည့် စစ်ကြောင်းများ လိုက်ပါလာသည့် တပ်မတော်ရေယာဉ်များ အနေဖြင့် ဗန်းမော်မြို့သို့ ချီတက်ခဲ့ရာတွင် လမ်းခရီးတစ်လျှောက် တွန်းသဘော်ာ နှစ်စင်း ပျက်စီးဆုံးရှုံးရသည်အထိ အခက်အခဲမျိုးစုံနှင့် အကြမ်းဖက်သောင်းကျန်းသူတို့၏ ဖြတ်တောက်ပိတ်ဆို့မှုမျိုးစုံတို့ကြားမှ အောင်မြင်စွာရောက်ရှိ ဆိုက်ကပ်နိုင်ခဲ့ပြီး ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၄ ရက်နေ့မှစ၍ စစ်ကြောင်း ခုနစ်ကြောင်းဖြင့် စုဖွဲ့ချီတက်ခဲ့သည်။ ထိုသို့ဆောင်ရွက်ခဲ့ရာတွင် ဗန်းမော်မြို့ အရှေ့မြောက်ဘက်ရှိဗန်းမော်တက္ကသိုလ် နေရာမှတစ်ဆင့် နမ့်ဖားကျေးရွာရှိ စခန်းအား စစ်ကြောင်း တစ်ကြောင်းဖြင့် ချီတက်သိမ်းပိုက်ခဲ့ပြီး ၎င်းစစ်ကြောင်းသည် ဗန်းမော်မြို့သို့ ဆက်လက်ဦးတည်ချီတက်၍လည်းကောင်း၊ ဗန်းမော်မြို့ မြောက်ဘက်ရှိ နောင်ခိုရပ်ကွက်၊ မင်းလှရပ်ကွက်တို့အား စစ်ကြောင်း တစ်ကြောင်းဖြင့် ချီတက်၍ လည်းကောင်း၊ ဗန်းမော်မြို့ မြောက်ဘက်ရှိ အကြမ်းဖက်သမားများ ခေတ္တစိုးမိုးထားသည့် နယ်မြေခံတပ်ဌာနချုပ် လေးခု၊ တပ်စခန်းတစ်ခုနှင့် လေဆိပ်နေရာတို့အား အရှေ့ဘက်မှ စစ်ကြောင်း သုံးကြောင်းနှင့် နမ်းဖားစခန်းအား သိမ်းပိုက်ပြီး ဗန်းမော်မြို့သို့ ဦးတည်လာသည့် စစ်ကြောင်း တစ်ကြောင်း တို့မှ နှစ်ဖက်ညှပ်၍ လည်းကောင်း၊ ပင်စင်ကုန်းရပ်ကွက်၊ ညောင်ပင်ရပ်ကွက်၊ ခွန်သာရပ်ကွက်နှင့် သာစည်ရပ်ကွက်အတွင်းရှိ ဒေသအခေါ် ကချင်စုနေရာတို့အား စစ်ကြောင်း နှစ်ကြောင်းဖြင့် လည်းကောင်း တန်ပြန်တိုက်စစ်များ အရှိန်အဟုန်မြှင့်၍ အဆင့်ဆင့် ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ခဲ့ရာတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ အနေဖြင့် ယာယီနေရပ်စွန့်ခွာ ဒေသခံပြည်သူများ၏ အပြည့်အဝအားပေးထောက်ခံမှု၊ တပ်အင်အား ဖြည့်တင်းရရှိမှု၊ တိုက်ပွဲဝင်အရာရှိ၊ စစ်သည်များ၏ စိတ်ဓာတ်ခွန်အားတက်ကြွမှု၊ တိုက်လိုခိုက်လိုစိတ် ပြင်းပြမှု၊ စစ်နည်းဗျူဟာမြောက် ချီတက်တိုက်ခိုက်နိုင်မှု၊ ဖွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် အဆင့်ဆင့်တိုက်ခိုက်ချေမှုန်းနိုင်ခဲ့သဖြင့် ၂၀၂၅ ခုနှစ် ဩဂုတ်လ ၄ ရက်မှ စက်တင်ဘာ ၁၁ ရက်အတွင်း အကြမ်းဖက် သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ခေတ္တစိုးမိုးထားသည့် ဗန်းမော်မြို့ အနီးဝန်းကျင်ရှိ တပ်ဌာနချုပ် နေရာများ၊ ရပ်ကွက်၊ ကျေးရွာနှင့် စခန်းကုန်း နေရာအသီးသီးတို့အား အလုံးစုံပြန်လည်ထိန်းချုပ် နိုင်ခဲ့ကာ အကြမ်းဖက်သမားများ ထိခိုက်ကျဆုံးမှု များစွာဖြင့် ဗန်းမော်မြို့၏ အရှေ့မြောက်ဘက်နှင့် ပင်မတပ်များရှိရာ

တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများပူးပေါင်းအဖွဲ့ ယာယီထိန်းချုပ်ထားသည့် ဗန်းမော်မြို့အနီးရှိ တပ်ဌာနချုပ်များ၊ တပ်စခန်းများနှင့် ရပ်ကွက်ကျေးရွာအချို့အား ပြန်လည်ထိန်းချုပ်ရရှိမှု








အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များက ဗန်းမော်မြို့အနီးရှိ ရပ်ကွက်၊ ကျေးရွာများမှ ဆောက်လုပ်ဆဲ သာသနိကအဆောက်အအုံများ၊ ဒေသခံများ၏နေအိမ်များအတွင်း အခိုင်အမာနေရာပြင်ဆင်ထားရှိမှုကို တွေ့ရစဉ်။

မိုးမောက်မြို့ဘက်သို့ ကစဉ့်ကလျား ဆုတ်ခွာ ထွက်ပြေးလျက်ရှိသည်။


တပ်မတော် စစ်ကြောင်းများက ဗန်းမော်မြို့အား ရန်သူ့လက်ဝယ်သို့ ကျရောက်မှုမရှိစေရေးနှင့် တပ်ဌာနချုပ်များအား ပြန်လည်သိမ်းပိုက်ရရှိရေး မိမိတို့၏ အသက်ကို ပဓာနမထားဘဲ ရင်ကိုမြေကတုတ်လုပ်ကာ ရှုပ်ရှုပ်ချုံချုံ တိုက်ခိုက်ချေမှုန်းခဲ့သောကြောင့် စစ်ဆင်ရေးကာလ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၄ ရက်မှ ၂၀၂၅ ခုနှစ် စက်တင်ဘာလ ၁၁ ရက်အတွင်း အကြမ်းဖက် သောင်းကျန်းသူများနှင့် တိုက်ပွဲကြီး ၁၆ ကြိမ်၊ ထိတွေ့မှုပေါင်း အကြိမ် ၄၉၀ ဖြစ်ပွားခဲ့ပြီး ရန်သူ့ထံမှ အလောင်း ၁၆၃ လောင်း၊ လက်နက်မျိုးစုံ ၁၇၈ လက်နှင့် ဆက်စပ်ပစ္စည်းများ သိမ်းပိုက်ရရှိခဲ့သည်။ အဆိုပါ တိုက်ပွဲများတွင် မိမိဘက်မှ ရှုပ်ရှုပ်ချုံချုံ ပြန်လည်တိုက်ခိုက်မှုများကြောင့် အကြမ်းဖက် သောင်းကျန်းသူပူးပေါင်းအဖွဲ့များ အနေဖြင့် သေဆုံးသူ ၄၆၁၆ ဦးခန့် နှင့် ဒဏ်ရာရရှိသူ ၄၉၈၃ ဦးခန့် ရှိခဲ့ကြောင်း သီးခြားသတင်းရင်းမြစ်များအရသိရှိရပြီး မိမိဘက်မှ အရာရှိ/စစ်သည် အချို့ နိုင်ငံတော်နှင့် တပ်မတော်အတွက် မြင့်မြတ်စွာ အသက်ပေးလှူခဲ့ရသည်။

အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် အထိအခိုက် အကျအဆုံး များပြားလာသည့်အတွက် လက်နက်ခဲယမ်း၊ ဆက်စပ်ပစ္စည်းများနှင့်အတူ တပ်မတော်စစ်ကြောင်းများထံသို့ အလင်းဝင်ရောက်မှုများလည်းရှိကြောင်းနှင့် တပ်မတော်စစ်ကြောင်းများ အနေဖြင့် ဗန်းမော်မြို့အတွင်း ကျန်ရှိနေသည့် အကြမ်းဖက် သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များအား ဆက်လက်နယ်မြေရှင်းလင်းသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**







အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ၏ ရုပ်အလောင်းများကို တွေ့ရစဉ်။

အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များထံမှ သိမ်းဆည်းရမိသည့် လက်နက်ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။







# အင်္ဂါဂြိုဟ်ပေါ်တွင် ရှေးခေတ်အဏုဇီဝ သက်ရှိဟု ယူဆရသည့်လက္ခဏာ တွေ့ရှိကြောင်း နာဆာကြေညာ

ဝါရှင်တန်ဒီစီ စက်တင်ဘာ ၁၁


**အင်္ဂါဂြိုဟ်ပေါ်မှ ဂြိုဟ်ဆင်းယာဉ်ဖြင့် စုဆောင်းရရှိသည့် ကျောက်တုံးနမူနာတစ်ခုကို ခွဲခြမ်းစိတ်ဖြာလေ့လာရာ ရှေးခေတ်အဏုဇီဝသက်ရှိများ၏ သက်သေအထောက်အထားများဟု ယူဆရသည့် လက္ခဏာများကို တွေ့ရှိခဲ့သည်ဟု အမေရိကန်အာကာသအေဂျင်စီ(နာဆာ)က စက်တင်ဘာ ၁၀ ရက်တွင်သတင်းထုတ်ပြန်ခဲ့သည်။**

နာဆာနှင့် အခြားသောအဖွဲ့အစည်းမှ သုတေသနပညာရှင်များပါဝင်သည့် အဖွဲ့သည် ၂၀၂၄ ခုနှစ် ဇူလိုင်လအတွင်းက ဂြိုဟ်ဆင်းယာဉ် စုဆောင်းရရှိခဲ့သည့် ကျောက်တုံးပေါ်၌ မီလီမီတာအရွယ်အစားရှိ အစက်အပြောက်များကိုတွေ့ရှိခဲ့ပြီး တစ်ချိန်က ရေရှိသည်ဟု ယူဆရသောနေရာတွင် စူးစမ်းရှာဖွေခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

X –ray နှင့် UV– light ကိရိယာများကို အသုံးပြု၍ ခွဲခြမ်းစိတ်ဖြာကြည့်ရာ သံနှင့် ဆာလဖိုက်ဒြပ်ပေါင်းနှင့် အော်ဂဲနစ်ဒြပ်စင်များဟု ယူဆရသည့် အစက်အပြောက်များကို တွေ့ရှိခဲ့သည်ဟု အဆိုပါအဖွဲ့က ပြောသည်။

အဆိုပါဒြပ်ပေါင်းများကို အာဟာရအရင်းအမြစ်အဖြစ် အော်ဂဲနစ်ဒြပ်စင်များကို အသုံးပြုသည့် ကမ္ဘာပေါ်ရှိအချို့သော အဏုဇီဝရုပ်များက ထုတ်လုပ်နိုင်သောကြောင့် အဏုဇီဝသက်ရှိများအတွက် အလားအလာရှိသော အမှတ်အသားဖြစ်ကြောင်း အဆိုပါအဖွဲ့က ပြောသည်။ ယင်းတွေ့ရှိချက်ကို သုတေသနပညာရှင်များက ဗြိတိန်သိပ္ပံဂျာနယ်တွင် ဖော်ပြခဲ့သည်။ အင်္ဂါဂြိုဟ်ပေါ်တွင် တွေ့ရှိဖူးသမျှထဲတွင် အထင်ရှားဆုံး သက်ရှိလက္ခဏာဖြစ်ကြောင်း နာဆာမှ ယာယီအုပ်ချုပ်ရေးမှူး ရှောင်ဒက်ဖီက ပြောသည်။

ယင်းနမူနာကို ကမ္ဘာမြေပေါ်သို့ ပြန်ယူဆောင်လာပြီး မားစ်ဂြိုဟ်ပေါ်တွင် တစ်ချိန်က သက်ရှိရှိ မရှိ အတည်ပြုရန် အဆင့်မြင့်ခွဲခြမ်းစိတ်ဖြာမှုပြုလုပ်ရန် လိုအပ်သည်ဟု သုတေသီများက ပြောသည်။ **အင်န်အိတ်ချ်ကေ**



# မက္ကဆီကိုနိုင်ငံ၌ လောင်စာဆီသယ်ယာဉ်ပေါက်ကွဲ၊ ၅၇ ဦး ဒဏ်ရာရရှိ

**မက္ကဆီကိုစီးတီး စက်တင်ဘာ ၁၁**
မက္ကဆီကိုနိုင်ငံ မက္ကဆီကိုစီးတီး၌ စက်တင်ဘာ ၁၀ ရက်က ဓာတ်ငွေ့သယ်ထရပ်ကားတစ်စီး ပေါက်ကွဲမှု ဖြစ်ပွားခြင်းကြောင့် ၅၇ ဦး ဒဏ်ရာရရှိပြီး ၎င်းတို့အနက် ၁၉ ဦးမှာ ပြင်းထန်ဒဏ်ရာရရှိကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက ပြောကြားသည်။



ပေါက်ကွဲမှုမှာ ကွန်ကော်ဒီယာ တံတားအောက်ရှိ ဇာရာဂိုဇာ လမ်းပေါ်၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း မက္ကဆီကိုမြို့တော် အစိုးရ အကြီးအကဲဖြစ်သူ ကလဲရာ ဘရူဂါဒါ မိုလီနာက လူမှုကွန်ရက်မီဒီယာပလက်ဖောင်း X တွင် ပြောကြားသည်။

လီတာ ၄၉၅၀၀ ဆံ့ လောင်စာဆီသယ်ယာဉ်တစ်စီးမှာ ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီ မိနစ် ၂၀ ဝန်းကျင်က တိမ်းမှောက်ခဲ့ရာ ဒဏ်ရာရရှိသူများကို ဆေးရုံများသို့ ပို့ဆောင်ပေးခဲ့ကြောင်း ၎င်းက ဒေသတွင်း မီဒီယာများကို ပြောကြားသည်။

အဆိုပါ ပေါက်ကွဲမှုကြောင့် အခြားယာဉ် ၁၈ စီးလည်း ထိခိုက်ခဲ့ကြောင်း အာဏာပိုင်များက ပြောကြားသည်။ **ဆင်ဟွာ**

# တူကီယဲနိုင်ငံတစ်ဝန်း လူမှောင်ခိုဂိုဏ်းဖြိုခွင်း လူမှောင်ခိုသမား ၅၂ ဦးကိုဖမ်းဆီး

**အန်ကာရာ စက်တင်ဘာ ၁၁**
တူကီယဲနိုင်ငံ၌ ပြည်နယ်ပေါင်း ၈၁ ခုတွင် စစ်ဆင်ရေးအသွင်ဖြင့် လူမှောင်ခိုမှုများ ဖြိုခွင်းရာ နိုင်ငံခြားသား ၁၄ ဦးအပါအဝင် ရွှေ့ပြောင်းနေထိုင်သူများကို မှောင်ခိုကူးသည့် လူမှောင်ခိုသမား ၅၂ ဦးကို ဖမ်းဆီးနိုင်ခဲ့သည်ဟု ပြည်ထဲရေးဝန်ကြီး အလီယာလီကာယာက စက်တင်ဘာ ၁၁ ရက်တွင် ပြောသည်။

ရဲတပ်ဖွဲ့သည် ပုံမှန်မဟုတ်သည့် ရွှေ့ပြောင်းသွားလာမှုများနှင့် ရွှေ့ပြောင်းလူမှောင်ခိုလုပ်ငန်းစီစဉ်သူများကိုပစ်မှတ်ထားကာ စက်တင်ဘာ ၇ ရက်က စစ်ဆေးမှုများ ပြုလုပ်ခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးက လူမှုကွန်ရက်တွင် ပြောကြားခဲ့သည်။ နိုင်ငံတစ်ဝန်း စစ်ဆေးမှုပေါင်း ၄၀၂၀၉၈ ခုပြုလုပ်ခဲ့ပြီး ပုံမှန်မဟုတ်သည့် ရွှေ့ပြောင်းနေထိုင်သူ ၆၆၆ ဦးကို ဖမ်းဆီးထားသည်ဟု ၎င်းကဆက်လက်ပြောကြားခဲ့သည်။ အာဏာပိုင်များသည် အများပြည်သူ သွားလာလှုပ်ရှားရာနေရာ ၇၈၈၃ ခု၊ ဂိတ်ပေါင်း ၄၈၃ ခုနှင့် အခြားနေရာ ၆၇၄၆ ခု တို့ကို စစ်ဆေးခဲ့ပြီး ပုံမှန်မဟုတ်သည့် ရွှေ့ပြောင်းနေထိုင်သူများကို ၎င်းတို့၏နိုင်ငံများသို့ ပြန်လည်ပို့ဆောင်ရန် လုပ်ထုံးလုပ်နည်းများ စတင်လုပ်ဆောင်ခဲ့ကြောင်း ၎င်းက ဆက်ပြောသည်။

တူကီယဲနိုင်ငံသည် ဥရောပသို့ဝင်ရောက်ရန် ကြိုးပမ်းကြသည့် ပဋိပက္ခဖြစ်ပွားရာနိုင်ငံများမှ ရွှေ့ပြောင်းနေထိုင်သူများအတွက် အဓိကလမ်းကြောင်းတစ်ခုဖြစ်သည်။ မကြာသေးမီ နှစ်များအတွင်း တူကီယဲနိုင်ငံသည် နယ်စပ်လုံခြုံရေးကို တင်းကျပ်ခဲ့ပြီး လူမှောင်ခိုလုပ်ငန်းများကို တိုက်ဖျက်ရန်အတွက် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုများကို အရှိန်အဟုန်မြှင့်လုပ်ဆောင်ခဲ့သည်။ **ဆင်ဟွာ**

# အင်ဒိုနီးရှားနိုင်ငံတစ်ဝန်း ဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုကြောင့် လူ ၁၉ ဦးခန့်သေဆုံး

**ဂျကာတာ စက်တင်ဘာ ၁၁**
အင်ဒိုနီးရှားနိုင်ငံတစ်ဝန်း မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့သောကြောင့် အနည်းဆုံး လူ ၁၉ ဦးခန့် သေဆုံးခဲ့သည်ဟု အာဏာပိုင်များက စက်တင်ဘာ ၁၁ ရက်တွင် ပြောကြားလိုက်သည်။



အမျိုးသား သဘာဝဘေး အန္တရာယ်စီမံခန့်ခွဲရေး အေဂျင်စီက အင်ဒိုနီးရှားနိုင်ငံ ဘာလီ အပန်းဖြေကျွန်းတွင် ရေကြီးမှုကြောင့် မကြုံစဖူး လူ ၁၄ ဦးခန့် သေဆုံးခဲ့ကြောင်းနှင့် အခြားနှစ်ဦးမှာ ပျောက်ဆုံးလျက်ရှိကြောင်း စက်တင်ဘာ ၁၁ ရက်က ပြောကြားလိုက်သည်။

အင်ဒိုနီးရှားနိုင်ငံ ဘာလီ အပန်းဖြေကျွန်းတွင် စက်တင်ဘာ ၉ ရက်ကတည်းက မိုးသည်းထန်စွာ ရွာသွန်းခဲ့သောကြောင့် မြစ်ရေ စိုးရိမ်ရေမှတ်ထက် ကျော်လွန်ရောက်ရှိခဲ့ပြီး ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့သည်။

ရေကြီး ရေလျှံ၊ မြေပြိုမှုများကြောင့် လူ ၅၀၀ ကျော်ခန့် အရေးပေါ်ရေဘေးကယ်ဆယ်ရေးစခန်းများတွင် နေထိုင်နေရသည်။

တချို့ဒေသများတွင် ရေကြီးမှုကြောင့် တင်ကျန်ခဲ့သော ရွှံ့ညွန်များနှင့် အပျက်အစီးများကို ရှင်းလင်းမှုများ လုပ်ဆောင်လျက်ရှိသည်။

အလားတူ အင်ဒိုနီးရှားနိုင်ငံ အရှေ့ပိုင်း နူဆာတန်ဂါရာ ပြည်နယ်၌ ရုတ်တရက် ရေကြီးရေလျှံမှု ဖြစ်ပွားခဲ့သောကြောင့် အနည်းဆုံး လူငါးဦးခန့် သေဆုံးခဲ့သည်ဟု အာဏာပိုင်များက ပြောကြားသည်။ **အင်န်အိတ်ချ်ကေ**

# ဇမ်ဘီယာနိုင်ငံ၌ မျောက်ကျောက်ရောဂါ ဖြစ်ပွားသူ ၂၃၁ ဦးရှိ

**လူဆာကာ စက်တင်ဘာ ၁၁**
ပြီးခဲ့သည့်နှစ် အောက်တိုဘာလမှစကာ ဇမ်ဘီယာ၌ ပထမဆုံးမျောက်ကျောက်ရောဂါ စတင်ဖြစ်ပွားသည်ဟု ကြေညာချိန်မှစကာ ရောဂါဖြစ်ပွားသူပေါင်း ၂၃၁ ဦးရှိပြီဖြစ်ကြောင်း ဇမ်ဘီယာအမျိုးသားကျန်းမာရေးအင်စတီကျု(ဇက်အင်န်ပီအိတ်ချ်အိုင်)က စက်တင်ဘာ ၉ ရက် ညနေပိုင်းက ထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။

ဩဂုတ် ၂၈ ရက်မှ စက်တင်ဘာ ၄ ရက်အတွင်း မျောက်ကျောက်ရောဂါဖြစ်ပွားသူအသစ် ခုနစ်ဦးရှိကြောင်း၊ ယင်းကာလအတွင်း မျောက်ကျောက်ရောဂါ သံသယရှိသူ ၇၄ ဦးရှိရာ ရောဂါသံသယရှိသူပေါင်း ၁၂၂၅ ဦးရှိပြီဖြစ်ကြောင်း၊ သို့သော် ယင်းကာလအတွင်း ထပ်မံသေဆုံးသူမရှိကြောင်း ဇက်အင်န်ပီအိတ်ချ်အိုင်က ထုတ်ပြန်ထားသည်။

ဇက်အင်န်ပီအိတ်ချ်အိုင်၏ ထုတ်ပြန်ချက်အရ ယခုအခါ ဇမ်ဘီယာနိုင်ငံ၏ ပြည်နယ် ၁၀ ခုတွင် မျောက်ကျောက်ရောဂါ ပျံ့နှံ့လျက်ရှိကြောင်း သိရသည်။ **ဆင်ဟွာ**

# နေပြည်တော် လူငယ်ကိုယ်စားလှယ်များက ဆွေးနွေးပွဲအတွေ့အကြုံများ ပြန်လည်ဝေမျှခြင်း စကားဝိုင်းဆွေးနွေးပွဲကျင်းပ



**နေပြည်တော် စက်တင်ဘာ ၁၁**

မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ်-၂၀၂၅ တက်ရောက်ခဲ့သည့် နေပြည်တော်လူငယ်ကိုယ်စားလှယ်များက ဆွေးနွေးပွဲအတွေ့အကြုံ ပြန်လည်ဝေမျှခြင်း စကားဝိုင်းဆွေးနွေးပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက Naypyitaw State Polytechnic University (NSPU)၌ကျင်းပရာ (ယာပုံ) အခမ်းအနားသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်၊ နေပြည်တော်ကောင်စီဝင်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ တက္ကသိုလ်အသီးသီးမှ ပါမောက္ခချုပ်များနှင့် ဒုတိယပါမောက္ခချုပ်များ၊ ဌာနဆိုင်ရာများ၊ တက္ကသိုလ်အသီးသီးနှင့် အခြေခံပညာကျောင်းမှ ကျောင်းသားကျောင်းသူများ တက်ရောက်သည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့် ဒုတိယဝန်ကြီးတို့က အမှာစကားပြောကြားပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌထံသို့ နေပြည်တော်လူငယ် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးက လူငယ်ဖိုရမ် အမှတ်တံဆိပ်အားပေးအပ်၍ ဒုတိယဝန်ကြီးက Naypyitaw State Polytechnic University အတွက် အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းရာ ပါမောက္ခချုပ် ဒေါက်တာ စိုးလင်းအောင်က လက်ခံရယူသည်။

ယင်းနောက် ဖိုရမ်တက်ရောက်ခဲ့သည့် အတွေ့အကြုံအား အဖွဲ့ခေါင်းဆောင်က ရှင်းလင်းပြောကြားပြီး ဖိုရမ်အမှတ်တရ Video Clip ကို ပြသသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌ သည် လယ်ဝေးမြို့ သီရိရတနာ ခန်းမတွင် ကျင်းပပြုလုပ်သော ပြည်ပပို့ကုန်သီးနှံများတွင် ပိုးသတ်ဆေးဓာတ်ကြွင်း ကင်းစင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာပေးဆွေးနွေးပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က ပြည်ပပို့ကုန်သီးနှံထုတ်ကုန်များတွင် ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးမှာကြားပြီး စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်) မှ ညွှန်ကြားရေးမှူးချုပ်က ဆွေးနွေးပွဲဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် လယ်ဝေးမြို့ ဖောင်တော်ချက်မစေတီတော်မြတ်ကြီးသို့ သွားရောက်ပြီး စေတီတော်ကြီးပြန်လည်ပြုပြင်နေမှု အခြေအနေများကို ကြည့်ရှုကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ညနေပိုင်းတွင် နေပြည်တော် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးသို့သွားရောက်ပြီး လမ်းနယ်ပြင်ပတွင် ကြိုးဝိုင်းတော၊ ကြိုးပြင်ကာကွယ်တောများနှင့် မြေကွက်လပ်၊ မြေလွတ်/ မြေရိုင်း နေရာများတွင် ငါးကေ၊ ၁၀ ကေခန့်ရှိသစ်တောငယ်များ တည်ထောင်နိုင်ရေးအတွက် သစ်ပင်များစိုက်ပျိုးရန် လျာထားသတ်မှတ်ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မန္တလေးတိုင်းဒေသကြီး မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ၊ တိုင်းဒေသကြီးကိုယ်စားပြုအဖွဲ့ထံ အောင်နိုင်ရေးအလံပေးအပ်



**မန္တလေး စက်တင်ဘာ ၁၁**

မန္တလေးတိုင်းဒေသကြီး ၂၀၂၅ ခုနှစ် (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲနှင့် (ဗဟို)အဆင့်သို့ သွားရောက်ယှဉ်ပြိုင်မည့် တိုင်းဒေသကြီးကိုယ်စားပြုအဖွဲ့ထံ အောင်နိုင်ရေးအလံပေးအပ်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ တိုင်းဒေသကြီးအဆင့် ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ပြိုင်ပွဲကျင်းပရေးကော်မတီ၊ ဆပ်ကော်မတီတို့မှ တာဝန်ရှိသူများ၊ အကဲဖြတ်ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပြိုင်ပွဲဝင်များအနေဖြင့် ဗဟိုအဆင့်ပြိုင်ပွဲများတွင် တိုင်းဒေသကြီးဂုဏ်ကိုဆောင်ပြီး ဆုတံဆိပ်များစွာ ဆွတ်ခူးနိုင်အောင် စခန်းသွင်းလေ့ကျင့်သည့်အချိန်တွင် ဘာသာရပ်အလိုက် အနုပညာအရည်အသွေး ပိုမိုတိုးတက်ကောင်းမွန်အောင် ထိရောက်မှန်ကန်စွာဖြင့် စနစ်တကျ လေ့ကျင့်ကြိုးစားသွားကြရန် ပြောကြားပြီး အဆို၊ အက၊ အရေး၊ အတီး အကဲဖြတ်ဒိုင်အဖွဲ့ဝင် ပညာရှင်များအား ဂုဏ်ပြုလက်မှတ်နှင့် ဂုဏ်ပြုငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အဆို၊ အက၊ အရေးနှင့် အတီး ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများအား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ပြီး ဆုရရှိသူများ၏ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က (ဗဟို)အဆင့်သို့ သွားရောက်ယှဉ်ပြိုင်မည့် တိုင်းဒေသကြီး ကိုယ်စားပြုအဖွဲ့ အုပ်ချုပ်သူထံ အောင်နိုင်ရေးအလံ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(ဝဲပုံ)**

**သတင်းစဉ်**

# ကယားပြည်နယ်၌ အခြေခံပညာကျောင်းဆောင်သစ်များ ဆောက်လုပ်လျက်ရှိ

**လွိုင်ကော် စက်တင်ဘာ ၁၁**

ကယားပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မျိုးတင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်က လွိုင်ကော်မြို့ အနိမ့်ပိုင်းရပ်ကွက်များတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေဝင်ရောက်မှုမှ ကာကွယ်နိုင်ရန် ကွန်ကရစ်ကျောက်စီရေနုတ်မြောင်း တည်ဆောက်နေမှုနှင့် အခြေခံပညာကျောင်းဆောင်သစ်များ ဆောက်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လွိုင်ကော်မြို့ မင်းစုရပ်ကွက်နှင့် ဒေါနိုးကူးရပ်ကွက်များတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေဝင်ရောက်မှုမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် မင်းစုရပ်ကွက် မြဝတီလမ်းနှင့် ဒေါနိုးကူးရပ်ကွက် ဒေါနိုးကူး လမ်းမကြီးတစ်လျှောက် ကွန်ကရစ်ကျောက်စီ ရေနုတ်မြောင်း ပလက်ဖောင်းအဖုံးပါ အရှည်ပေ ၄၂၅၀ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။

ထို့နောက် လွိုင်ကော်မြို့နယ် နမ့်ဘော်ဝမ် (ခ)ရပ်ကွက် နမ့်ဘော်ဝမ်(ခ) အခြေခံပညာ မူလတန်းလွန်ကျောင်းသို့ ရောက်ရှိကာ ပြည်နယ်အစိုးရအဖွဲ့၏ ပံ့ပိုးကူညီမှုဖြင့် ကိုယ်ထူကိုယ်ထ ဆောက်လုပ်ခဲ့သော ပေ(၆၀ x ၂၅) အုတ်ညှပ်တစ်ထပ် မိဘမေတ္တာ ကျောင်းဆောင်သစ်၊ ကလေးကစားကွင်း ဆောက်လုပ်ပြီးစီးမှုနှင့် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောက်လုပ်လျက်ရှိသော ပေ(၉၀x၃၀) RC တစ်ထပ် ကျောင်းဆောင်သစ် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။ **ပြည်နယ်(ပြန်/ဆက်)**






# ကျောက်ဆည်၌ တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်

**ကျောက်ဆည် စက်တင်ဘာ ၁၁**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထောက်ပံ့ပေးအပ်သည့် ကျောက်ဆည်ခရိုင်၌ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျောက်ဆည်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ဦးစွာ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက ပြည်မြန်မာသီချင်းဖြင့် သီဆိုဖွင့်လှစ်ခဲ့ပြီး ကျောက်ဆည်ခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်ဟိန်းအောင်က ဂုဏ်ပြုအမှာစကားပြောကြားသည်။

ဆက်လက်ပြီး ကျောက်ဆည်ခရိုင်၌ လေးဘာသာဂုဏ်ထူးရှင် ၂၁ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၁၂၁ ဦးတို့အား ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်ပညာရေးမှူး ဒေါက်တာဥမ္မာကြည်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**တင်တင်ထွေး (ပြန်/ဆက်)**

# တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၁၁**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ကချင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၄ ရက်တွင် မိုးညှင်းမြို့နယ်နှင့် ဟိုပင်မြို့နယ်တို့၌ လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၂၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ မိုးညှင်းမြို့ သိမ်အင်းရပ်ကွက်၌ တရားမဝင်စက်သုံးဆီ ဒီဇယ်ဆီ (၃၂) ဂါလန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၄၀၀၀၀)ကို ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေအရလည်းကောင်း စုစုပေါင်း **ခန့်မှန်းတန်ဖိုးငွေကျပ်** ၁၀၈၄၀၀၀၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၆ ရက်တွင် ဘားအံမြို့ သာယာကုန်းကျေးရွာအနီး၌ မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၉ မျိုး ၊ လူသုံးကုန်ပစ္စည်း ၁၇ မျိုး၊ စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၇၅၂၇၇၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Tractor Head တစ်စီး၊ Cheng Long Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်နှစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀၀) စုစုပေါင်း **ခန့်မှန်းတန်ဖိုးငွေကျပ်** ၆၂၅၂၇၇၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၉ ရက်တွင် ဟိုပုံးမြို့နယ်အတွင်း၌ မော်တော်ယာဉ်ခြောက်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၃၀၊ စားသောက်ကုန်ပစ္စည်း ငါးမျိုး၊ လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၈၄၃၁၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan AD Van နှစ်စီး၊ Nissan UD Truck တစ်စီး၊ Mitsubishi Truck တစ်စီး၊ MitsubishiFusoTruck တစ်စီး၊ Mitsubishi Canter Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၀၀၀၀၀၀၀) စုစုပေါင်း **ခန့်မှန်းတန်ဖိုးငွေကျပ်** ၆၂၈၄၁၁၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။




ကရင်ပြည်နယ်၌ ဖမ်းဆီးရမိမှု။

ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၉ ရက်တွင် တကောင်းမြို့ ရတနာပုံပူးပေါင်းစစ်ဆေးရေးဂိတ်နှင့် ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်တို့၌ လိုင်စင်မဲ့မော်တော်ယာဉ်နှစ်စီး စုစုပေါင်း **ခန့်မှန်းတန်ဖိုးငွေကျပ်** ၃၆၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၇ ရက်နှင့် ၈ ရက်တို့တွင် မင်းဘူးမြို့နယ်နှင့် ကံမမြို့နယ်တို့အတွင်း၌ တရားမဝင် အခြားသစ် ၂ ဒသမ ၈၂၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၂၄၀၀၀) ကို သစ်တောဥပဒေအရလည်းကောင်း၊ မကွေးမြို့နယ်၊ မင်းလှမြို့နယ်၊ ရေနံချောင်းမြို့နယ်၊ ပွင့်ဖြူမြို့နယ်နှင့် အောင်လံမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်ခုနစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ အောင်လံမြို့နယ် မအူခုံကျေးရွာ၌ တရားမဝင်လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် လက်ကိုင်ဖုန်းတစ်လုံးနှင့် ငွေစက္ကူရောရာ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၂၆၉၀၀)ကိုလောင်းကစားဥပဒေအရလည်းကောင်း စုစုပေါင်း **ခန့်မှန်းတန်ဖိုးငွေကျပ်** ၁၇၄၅၀၉၀၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၂ ရက်နှင့် ၉ ရက်တို့တွင် ရွှင်ခရိုင် မြို့ကြီးအနီး၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၉၆၀၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Higer Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀၀) ကို လည်းကောင်း၊ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ခြောက်မျိုး၊ စားသောက်ကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၃၈၀၇၉၈) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့်Jin Bei Mini Bus တစ်စီး၊ Scania Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀၀) ကိုလည်းကောင်း၊ ကျွဲတပ်ဆုံစစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ်သုံးစီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၂၂ မျိုး၊ လုပ်ငန်းသုံးပစ္စည်း ၁၀ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၄၀၃၅၄၄၈) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Profia Truck နှစ်စီး၊ Toyota Hiace တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၅၀၀၀၀၀၀)ကို လည်းကောင်း၊ အမရပူရမြို့နယ် ရတနာပုံတံတား (နှာပေါက်) စစ်ဆေးရေးဂိတ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းခြောက်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၁၂၀၀၀၀) စုစုပေါင်း **ခန့်မှန်းတန်ဖိုးငွေကျပ်** ၄၁၄၇၄၅၈၄၆ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၆ ရက်တွင် ပုသိမ်ခရိုင် ငပုတောမြို့နယ် အတွင်း၌ တရားမဝင်အခြားသစ် ၀ ဒသမ ၃၉၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၉၃၆) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၉ ရက်တွင် အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စိုက်ပျိုးရေးသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၅၀၀၀၀၀၀) ကိုလည်းကောင်း၊ မူဆယ်မြို့ ဆင်ဖြူစစ်ဆေးရေးဂိတ်အနီး၌ မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ကျောက်စိမ်းဟု ယူဆရသော ကျောက်စိမ်းအရိုင်းတုံးနှင့် ကျောက်စိမ်းပုတီးကုံးများ ၃၂၅ ဒသမ ၇၀၀ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၂၃၀၀၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် လိုင်စင်မဲ့ Mitsubishi Pajero တစ်စီးနှင့် ToyotaCrown တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၀၀၀၀၀၀) စုစုပေါင်း **ခန့်မှန်းတန်ဖိုးငွေကျပ်** ၁၂၂၂၃၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

စက်တင်ဘာ ၂ ရက်မှ ၉ ရက်အထိ ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၅၈ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၅၄၉၈၃၆၈၂)ကို ဖမ်းဆီးရမိခဲ့သည်။ ထိုကဲ့သို့ တရားမဝင်တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအား ကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများဖြစ်ပေါ်နိုင်ပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်၍ တရားမဝင်ကုန်စည်တင်သွင်းမှုများကို သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက် ပိုမိုတားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

## နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ တရားမဝင်သစ်များ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၁၁**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးကို ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System–CMRS) အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၁ ရက်မှ ၇ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင်ကျွန်း



၂၁ ဒသမ ၄၈၀၂ တန်၊ သစ်မာ ၁၃ ဒသမ ၃၀၂၂ တန်၊ အခြား ၂၉ ဒသမ ၁၆၅၀ တန် စုစုပေါင်း ၆၃ ဒသမ ၉၄၇၄ တန်၊ ယာဉ်/ယန္တရား ကိုးစီး၊ တရားခံ ၁၆ ဦး ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

သတင်းစဉ်

## စစ်တောင်းမြစ်ရေ မဒေါက်မြို့တွင် စိုးရိမ်ရေမှတ်အထက်ကျော်လွန်နေ

**နေပြည်တော် စက်တင်ဘာ ၁၁**

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခန့် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ မိုး/ဇလ

❑ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်း အသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် လားရှိုးမြို့၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်



**လားရှိုး စက်တင်ဘာ ၁၁**

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်သည် ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့က ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ရိပ်သာကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့သည်။

ထို့နောက် လားရှိုးမြို့နယ် ဟူးမွန်ကျေးရွာအုပ်စု ကောင်းခါးကျေးရွာ ရေပူစမ်း၌ စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာစံပြကွက်များ ဆောင်ရွက်ထားရှိမှုနှင့် မြေဩဇာကြဲပက်ခြင်းအခမ်းအနားသို့ တက်ရောက်ကြည့်ရှုပြီး တောင်သူများအား ပိုးသတ်ဆေးဖျန်း အကာအကွယ်ပစ္စည်းများ ထောက်ပံ့ပေးအပ်ကာ ကောင်းခါးကျေးရွာ ရေပူစမ်းစံပြကွက်ဘေးရှိ ပြုပြင်ပေးရန် လိုအပ်လျက်ရှိသည့် ရေနုတ်မြောင်းတာပေါင်များကို သွားရောက်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ပြည်နယ်ဝန်ကြီးချုပ်က သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် လားရှိုးမြို့ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးရုံး၌ ကျင်းပသည့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ အစီအစဉ်ဖြင့် မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် သွင်းအားစုထောက်ပံ့ပေးအပ်ပွဲနှင့် နည်းပညာပေးဆွေးနွေးပွဲ အခမ်းအနားသို့ တက်ရောက်ပြီး ပြည်နယ်ဝန်ကြီးချုပ်က အမှာစကား ပြောကြား၍ တောင်သူများအား သွင်းအားစုများ ပေးအပ်ကာ စိုက်ပျိုးရေးဦးစီးဌာနက ခင်းကျင်းပြသထားသည့် ပြခန်းများနှင့် ပြည်နယ်အစိုးရအဖွဲ့က တောင်သူများအား သက်သာသည့်ဈေးနှုန်းဖြင့် စားအုန်းဆီ ရောင်းချပေးနေမှုကို လှည့်လည်ကြည့်ရှုသည်။

ဆက်လက်၍ လားရှိုးမြို့ ပြည်သူ့ဆေးရုံရှိ ခွဲခန်း၊ သွေးဌာနဘဏ်သွေးလှူခန်း၊ ခွဲမှန်ခန်းနှင့် လားရှိုးဆေးရုံ၌ လားရှိုးရွှေကံကုမ္ပဏီလီမိတက်က တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ၅၀ ကီလိုဝပ် နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အား ပေးစနစ် ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ဆေးကုသမှုခံယူနေကြသည့် ပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးစကားပြောကြားကာ အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် သူနာပြုသင်တန်းကျောင်းရှိ သူနာပြုသင်တန်းသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ပြီး သင်တန်းခန်းမနှင့် လက်တွေ့ခန်းမတို့ကိုလည်းကောင်း၊ လားရှိုးမြို့ မြန်မာ့စီးပွားရေးဘဏ်၌ ဆိုလာမီးစနစ်တပ်ဆင်ထားရှိမှု၊ မြန်မာ့စီးပွားရေးဘဏ်တွင် ပြည်သူများ ငွေလာရောက်ထုတ်ယူနေမှုကိုလည်းကောင်း ကြည့်ရှုပြီး သူနာပြုသင်တန်းကျောင်းနှင့် မြန်မာ့စီးပွားရေးဘဏ်အတွက် ချီးမြှင့်ငွေများ ပေးအပ်သည်။

ယင်းနောက် လားရှိုးမြို့ မြို့တော်ခန်းမ ပြန်လည်ပြုပြင်နေမှု၊ လားရှိုးမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသားကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ စာသင်ကြားနေမှု၊ သီရိမင်္ဂလာမာန်ဆူ ရှမ်းဘုန်းတော်ကြီးကျောင်းဓမ္မရုံ၌ လားရှိုးမြို့ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ဒေသခံပြည်သူများအား မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုအားပေးပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လားရှိုးမြို့ သီရိမင်္ဂလာမာန်ဆူရှမ်းကျောင်းတိုက်ရှိ ဆရာတော် ဒေါက်တာ ပုညနန္ဒအား လှူဖွယ်ဝတ္ထုပစ္စည်းများ၊ နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ လားရှိုးမြို့ ရှမ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ခန်းမ၌ ပြည်နယ်အစိုးရအဖွဲ့က တိုက်ပွဲရှောင်ပြည်သူများအား ဆန်၊ ဆီနှင့် စားသောက်ကုန်ပစ္စည်းများပေးအပ်ခြင်းအခမ်းအနားသို့ တက်ရောက်၍ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုက်ပွဲရှောင်ပြည်သူများအတွက် ဆန်၊ ဆီနှင့် စားသောက်ကုန်ပစ္စည်းများ ပေးအပ်ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် လားရှိုးမြို့ လေယာဉ်ကွင်းပြန်လည်ပြုပြင်ဆောင်ရွက်နေမှု ၊ အမှတ် (၉) တပ်မတော်ဆေးရုံ ခုတင်(၁၀၀)၊ လူမှုဝန်ထမ်းဦးစီးဌာန၊ လူငယ်သင်တန်းကျောင်း၊ အမှတ်(၁) အခြေခံပညာ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် လားရှိုးမြို့ ဒုတိယပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်ဝန်ကြီးချုပ်က တွဲဖက်ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် တွေ့ဆုံပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လားရှိုးမြို့ မဟာဗောဓိရုံကျောင်းတိုက်ရှိ နိုင်ငံတော်သြဝါဒါစရိယ ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တနာရဒအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **မောင်မောင်သန်း(တောင်ကြီး)**

# (၃၃)ကြိမ်မြောက် SEA Games ပြိုင်ပွဲတွင် မြန်မာနိုင်ငံ ကိုယ်စားပြုအဖြစ် Team Zanaka အသင်းမှ ESport အားကစားနည်းအမျိုးအစားသုံးမျိုး ဝင်ရောက်ယှဉ်ပြိုင်မည်

**ရန်ကုန် စက်တင်ဘာ ၁၁**

(၃၃) ကြိမ်မြောက် SEA Games ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုအဖြစ် Team Zanaka အသင်းမှ ESport အားကစားနည်းအမျိုးအစားသုံးမျိုး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံ အီလက်ထရောနစ် အားကစားအဖွဲ့ချုပ်မှ သိရသည်။

၂၀၂၅ ခုနှစ် ဒီဇင်ဘာလတွင် ထိုင်းနိုင်ငံ၌ ကျင်းပမည့် (၃၃) ကြိမ်မြောက် SEA Games ပြိုင်ပွဲ၏ ESport အားကစားနည်းကဏ္ဍတွင် မြန်မာနိုင်ငံကိုယ်စားပြုအဖြစ် ပါဝင်ယှဉ်ပြိုင်မည့်အသင်းများကို ရွေးချယ်သည့် National Esports Championship 2025 ပြိုင်ပွဲကြီးကို ၂၀၂၅ ခုနှစ် ဩဂုတ် ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် ရန်ကုန်မြို့ သုဝဏ္ဏအမျိုးသားမိုးလုံလေလုံအားကစားကွင်း(၁)၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပြီး ပြိုင်ပွဲဝင်အသင်းပေါင်း တစ်ရာကျော်၊ ကစားသမားပေါင်း ငါးရာကျော် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

ပြိုင်ပွဲ၌ အမျိုးသား Mobile Legends: Bang Bang (MLBB) Open Division ပြိုင်ပွဲတွင် Falcon Esports အသင်း၊ အမျိုးသမီး Mobile Legends: Bang Bang (MLBB) Women Division ပြိုင်ပွဲတွင် Falcon Daisies အသင်း၊ EA Sports FC Online ပြိုင်ပွဲတွင် Wai Min Shein တို့က ချန်ပီယံဆုရရှိခဲ့ကြပြီး မြန်မာနိုင်ငံကိုယ်စားပြု Team Zanaka အသင်းအဖြစ် ရွေးချယ်ခဲ့ကာ (၃၃) ကြိမ်မြောက် SEA Games ပြိုင်ပွဲကြီးတွင် နိုင်ငံကိုယ်စားပြုအဖြစ် သွားရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ထိုကဲ့သို့ ပြိုင်ပွဲဝင်အသင်းများ ယှဉ်ပြိုင်မှုကို ပရိသတ် တစ်သောင်းကျော် လာရောက်ကြည့်ရှုအားပေးခဲ့ပြီး တိုက်ရိုက် (Live) ထုတ်လွှင့်ပြသမှုတွင် ပရိသတ် ငါးသောင်းကျော် ဝင်ရောက်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

"အီလက်ထရောနစ်အားကစားအဖွဲ့ချုပ်အနေနဲ့ မြန်မာနိုင်ငံ ESport အားကစားကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်ပြီး လူငယ်တွေအတွက်အခွင့်အလမ်းကောင်းတွေ ဖန်တီးပေးနိုင်ဖို့ နိုင်ငံအဆင့် အကြီးမားဆုံး ပြိုင်ပွဲဖြစ်တဲ့ National Esports Champion–ship 2025 ပြိုင်ပွဲကြီးကို ကျင်းပခဲ့ပါတယ်။ နိုင်ငံအဆင့် ပြိုင်ပွဲနဲ့ တက္ကသိုလ်အဆင့် ပြိုင်ပွဲတို့ကို ဆက်လက်ကျင်းပသွားဖို့ ရှိပါတယ်။ နိုင်ငံတကာပြိုင်ပွဲတွေမှာ နိုင်ငံကိုယ်စားပြု ယှဉ်ပြိုင်နိုင်ဖို့ လိုအပ်တဲ့ အထောက်အကူတွေ ဆက်လက်ပံ့ပိုးကူညီပေးသွားမှာဖြစ်ပြီး နိုင်ငံအတွက် ESport အားကစားကဏ္ဍမှာ ရွှေတံဆိပ်ဆုဆွတ်ခူးရရှိနိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားဖို့ ရည်မှန်းချက်ထားရှိပါတယ်" ဟု မြန်မာနိုင်ငံ အီလက်ထရောနစ် အားကစားအဖွဲ့ချုပ်မှ ဒုတိယဥက္ကဋ္ဌ ဦးကျော်ထက်လင်းက ပြောကြားသည်။

ယခုနှစ် MLBB Open Divi–sion တွင်အနိုင်ရရှိခဲ့သော Falcon Esports သည် ပြီးခဲ့သည့် (၃၂) ကြိမ်မြောက် SEA Games –Men's Tournament တွင် မြန်မာနိုင်ငံအတွက် ကြေးတံဆိပ်ရယူပေးခဲ့ကြောင်း သိရသည်။ **သစ္စာ(MNA)**

# ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးသင်တန်းဖွင့်

**ရန်ကုန် စက်တင်ဘာ ၁၁**

မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း(ဗဟို) က ကြီးမှူးဖွင့်လှစ်သည့် အပတ်စဉ် (၅၁/၂၀၂၅) အတတ်ပညာဆိုင်ရာ အိမ်ခြံမြေဝန်ဆောင်မှုသင်တန်း(အခမဲ့)နှင့် ငွေကြေးခဝါချမှုအကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာမြှင့်တင်ရေးဆွေးနွေးပွဲ




ကို ယမန်နေ့က ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ယုဇနဟိုတယ်၌ ဖွင့်လှစ်သင်ကြားပို့ချသည်။

အဆိုပါသင်တန်းတွင် မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း (ဗဟို)၏ နာယကဆရာကြီးများက သင်ကြားပို့ချဆွေးနွေးပေးပြီး သင်တန်းကို ဗဟိုဥက္ကဋ္ဌ ဦးခင်မောင်သန်းနှင့် ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ ဗဟိုအလုပ်အမှုဆောင်များ၊ အမှုဆောင်များနှင့် မြို့နယ်ဥက္ကဋ္ဌများက ကြီးကြပ်ပေးကြသည်။

ထိုသို့ ဖွင့်လှစ်သင်ကြားရာတွင် အိမ်ခြံမြေအခြေခံသင်တန်းသို့ သင်တန်းသားဦးရေ ၂၇၄ ဦးနှင့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးသင်တန်းသို့ သင်တန်းသားဦးရေ ၄၈၉ ဦးတို့ တက်ရောက်သင်ကြားခဲ့ပြီး သင်တန်းသားများအား ဗဟိုဥက္ကဋ္ဌ ဦးခင်မောင်သန်းက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်သည်။ **မျိုးမင်းသူရ**



# စေတုတ္တရာမြို့နယ်၌ ကိုယ်ဝန်ဆောင်များအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းများဆောင်ရွက်

**စေတုတ္တရာ စက်တင်ဘာ ၁၁**

စေတုတ္တရာမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန မိခင်ကလေးကျန်းမာရေးဌာနမှ ကိုယ်ဝန်ဆောင်များအား "ကိုယ်ဝန်ဆောင်ကာလ အာဟာရပြည့်ပြည့်ဝဝစားကြစို့" အသိပညာပေးဗီဒီယိုပြသခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းကို ယနေ့နံနက်ပိုင်းက မိခင်ကလေးကျန်းမာရေးဌာနရုံး၌ ဆောင်ရွက်သည်။ **(အပေါ်ပုံ)**

အဆိုပါ ကိုယ်ဝန်ဆောင်များအား ကလေးငယ်များ ကျန်းမာပျော်ရွှင်ရောဂါကင်းစင်စေရန်အတွက် မိခင်များ ကိုယ်ဝန်ဆောင်ကာလနှင့် မီးဖွားပြီး နို့တိုက်မိခင်ကာလတို့မှာပါ အာဟာရပြည့်ဝရန် လိုအပ်သည်။ အာဟာရပြည့်ဝစွာရရှိစေရန်အတွက် အစားအစာအုပ်စုသုံးစုကို နေ့စဉ်မျှတစွာ စားသုံးနိုင်ရန်နှင့် မိမိတို့ဝင်ငွေနှင့် ကိုက်ညီသော အာဟာရပြည့် အစားအစာများကို ကျန်းမာရေးအသိဗဟုသုတဖြင့် စားသောက်ကြစေရန် ရည်ရွယ်၍ "ကိုယ်ဝန်ဆောင်ကာလ အာဟာရပြည့်ပြည့်ဝဝစားကြစို့" အသိပညာပေးဗီဒီယိုပြသသည်။

ထို့နောက် ပြည်သူ့ကျန်းမာရေးဦးစီးဌာန မိခင်ကလေးကျန်းမာရေးဌာန ဝန်ထမ်းများက ကိုယ်ဝန်ဆောင်များအား ကျန်းမာရေးစောင့်ရှောက်မှုများ စစ်ဆေးပေးခြင်းနှင့် ကိုယ်ဝန်ဆောင်အားဆေးများ ထောက်ပံ့ပေးကြောင်း သိရသည်။ **ဆန်းကိုကို(ပြန်/ဆက်)**

# နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် စက်တင်ဘာ ၁၁**

မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ **မိုး/ဇလ**

# တရုတ်နိုင်ငံတကာဝန်ဆောင်မှုကူးသန်းရောင်းဝယ်ရေးပြပွဲ တရုတ်နိုင်ငံမြို့တော် ပေကျင်း၌ ကျင်းပ

ပေကျင်း စက်တင်ဘာ ၁၁

**၂၀၂၅ ခုနှစ် တရုတ်-နိုင်ငံတကာ ဝန်ဆောင်မှုကူးသန်းရောင်းဝယ်ရေးပြပွဲ (China International Fair for Trade in Services – CIFTIS) ကို စက်တင်ဘာ ၁၀ ရက်မှ ၁၄ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ Shaunang ပန်းခြံ၌ ကျင်းပလျက်ရှိပြီး ယခုနှစ်တွင် နိုင်ငံတကာအဖွဲ့အစည်း ၇၀ ကျော်မှ ပြပွဲများနှင့် တရုတ်နိုင်ငံအတွင်း ကုမ္ပဏီရာနှင့်ချီတို့က ထုတ်ကုန်အသစ်များနှင့် တီထွင်ဖန်တီးမှု ၂၀၀ နီးပါးကို တင်ဆက်ပြသထားသည်။**

ယခုနှစ်တွင် ကမ္ဘာ့ဝန်ဆောင်မှုကုန်သွယ်မှုဆိုင်ရာထိပ်သီးညီလာခံများ၊ ပြပွဲများ၊ ဖိုရမ်များ စသည်ဖြင့် လှုပ်ရှားမှုများ ထည့်သွင်းထားသည်။ ဆက်သွယ်ရေးဝန်ဆောင်မှု၊ ဒစ်ဂျစ်တယ်နည်းပညာ၊ ဉာဏ်ရည်တုနည်းပညာ၊ နက်ဝေ့ခ်နည်းပညာ၊ စက်ရုပ်တီထွင်မှုနှင့် စက်မှုလုပ်ငန်းသုံးစက်ကိရိယာ၊ အပြည်ပြည်ဆိုင်ရာစွန့်ဦးတီထွင်မှုများကို အများဆုံးမြင်တွေ့ရသည်။ ထို့အပြင် ကဏ္ဍအလိုက် တီထွင်ဆန်းသစ်မှုများဖြစ်သည့် ဆောက်လုပ်ရေးကဏ္ဍတွင် ဉာဏ်ရည်တုစက်မှုနည်းပညာအသုံးချခြင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းခြင်းနှင့် စုပေါင်းအဆောက်အအုံများတည်ဆောက်ခြင်းဆိုင်ရာ၊ မြို့ပြတည်ဆောက်ရေး စီမံကိန်းစသည်တို့ကို တရုတ်နှင့် နိုင်ငံတကာ ဆောက်လုပ်ရေးလုပ်ငန်းများက ဆန်းသစ်ဖော်ထုတ်ထားသည့်ပြခန်းများပါဝင်သည်။

ထို့အတူ ငွေကြေးနှင့် ဘဏ္ဍာလုပ်ငန်းဝန်ဆောင်မှုပြခန်းများ၌ ဘဏ္ဍာလုပ်ငန်းဆိုင်ရာနည်းပညာ၊ လူထုအကျိုးစီးပွား စောင့်ရှောက်ခြင်းစီမံကိန်းများ၊ ဒစ်ဂျစ်တယ်ဘဏ္ဍာစနစ်များကို အဓိကပြသထားသကဲ့သို့ ယဉ်ကျေးမှုပြခန်းများ၌ နိုင်ငံတကာယဉ်ကျေးမှုစင်တာများ တည်ဆောက်ခြင်းဆိုင်ရာစီမံကိန်းများကို မြင်တွေ့ရသည်။ ပြပွဲ၌ ပညာရေးဆိုင်ရာဝန်ဆောင်မှုများကိုလည်း မြင်တွေ့ရပြီး တရုတ်နှင့် နိုင်ငံတကာတက္ကသိုလ်များ၏ နည်းပညာနှင့် သုတေသနအောင်မြင်မှုများ၊ သက်မွေးပညာကျောင်းများ ပေါင်းစပ်ဖွံ့ဖြိုးနိုင်မှုနည်းလမ်းများနှင့် ပညာရေးအခွင့်အလမ်းအချို့ ထုတ်ဖော်ပြသထားသည်။ ကျန်းမာရေး၊ အားကစားနှင့် သယ်ယူပို့ဆောင်ရေး၊ စီးပွားရေး၊ လူထုအကျိုးပြုလုပ်ငန်းများအပြင် တရုတ်နိုင်ငံ၏ ယဉ်ကျေးမှုလက်ရာများ



ဖော်ထုတ်ခြင်း စသည့် ဝန်ဆောင်မှုပြခန်းများစွာကိုလည်း ပြသထားသည်။

ပြပွဲရက်များအတွင်း နိုင်ငံတကာအဖွဲ့အစည်းများ၊ နိုင်ငံများနှင့်ချိတ်ဆက်၍ တရုတ်နိုင်ငံမှ စီးပွားရေးမဟာဗျူဟာများကို ပေါင်းစပ်ကာ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှု တိုးချဲ့နိုင်ရေးဆန္ဒရှိကြောင်း၊ တရုတ်နိုင်ငံမှ ပြည်နယ်မြို့တော်များနှင့် ဟောင်ကောင်၊ မကာအို၊ တရုတ်(တိုင်ပေ)တို့မှ လုပ်ငန်းရှင်များလည်း ပူးပေါင်းပါဝင်ကြကြောင်း ဟောင်ကောင် တိုးတက်မှုပြခန်းတာဝန်ရှိသူက ပြောပြသည်။

အဆိုပါပြပွဲကို ၂၀၁၂ ခုနှစ်တွင် ပထမအကြိမ် ကျင်းပခဲ့ပြီး ယခုအချိန်အထိ နိုင်ငံပေါင်း ၁၉၈ နိုင်ငံမှ အပြည်ပြည်ဆိုင်ရာ စက်မှုလုပ်ငန်းများနှင့် လုပ်ငန်းရှင် ၁ ဒသမ ၁၉ သန်းခန့်ကို ပူးပေါင်းရန် ဆွဲဆောင်နိုင်ခဲ့ကြောင်း သိရှိရသည်။

**ခင်ရတနာ**

# အွန်လိုင်းလိမ်လည်မှု(Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၃၆ ဦးကို မြန်မာ-ထိုင်းအမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံလွှဲပြောင်းပေးအပ်

**နေပြည်တော် စက်တင်ဘာ ၁၁**

နိုင်ငံတော် အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှု(Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများကို အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ပြတ်ပြတ်သားသား စုံစမ်း ဖော်ထုတ်တိုက်ဖျက်လျက်ရှိပြီး အဆိုပါလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ စနစ်တကျ လွှဲပြောင်းပေးလျက်ရှိသည်။



ထိုသို့ လွှဲပြောင်းပေးလျက်ရှိရာ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ် လမ်းကြောင်းများမှ တစ်ဆင့် တရားမဝင်ဝင်ရောက်နေထိုင်ပြီး ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ်၊ မဲ့ထော်သလေး (KK Park) နှင့် ကျောက်ခတ်နယ်မြေများတွင် တရားမဝင် Online လောင်းကစားမှုများ၊ Online လိမ်လည်မှုများနှင့် ဒုစရိုက်မှုများ လုပ်ဆောင်ခဲ့ကြသည့် ဖိလစ်ပိုင်နိုင်ငံသား ၃၃ ဦးနှင့် တောင်အာဖရိက နိုင်ငံသား သုံးဦး စုစုပေါင်းပြည်ပနိုင်ငံသား ၃၆ ဦးကို လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်းချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ယနေ့တွင် ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံး လုပ်နည်းများနှင့်အညီ စနစ်တကျလွှဲပြောင်းပေးသည်။

ပြည်နှင့် လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များနှင့်တွေ့ဆုံ၍ ပြည်ပနိုင်ငံသားများအား ပြည်နှင့်လွှဲပြောင်းပေးရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှု၊ စာရင်းဇယား၊ အချက်အလက်များ ပြည့်စုံမှန်ကန်မှုရှိရေး ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထို့နောက် ပြည်နှင့်လွှဲပြောင်းပေးအပ်ပွဲကို ဆက်လက်ကျင်းပခဲ့ရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်နိုင်ငံ သံရုံးမှ Attache and Assistance to Nationals Officer Ms. Musetar C. Moso နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ တောင်အာဖရိကနိုင်ငံ သံရုံးမှ First Secretary Mr.Hendrik Albertus Fourie နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာ နိုင်ငံများမှ တာဝန်ရှိသူများထံသို့ ပြည်နှင့်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ စက်တင်ဘာ ၁၁ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၃၈၅ ဦး စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၉၃၀၅ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင့်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၈၀ ကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင် ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင့်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၁**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ခွင့်ပြုချက်ဖြင့် EV Power Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် BYD ATTO 2 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Asia Pacific Automaker Corporation Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Dongfeng Voyah Courage အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ The Great Merger Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် AVATR 11A အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် PMPG EV Myanmar Trading Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် GAC Toyota BZ4X အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာပါသဖြင့် ၂၀၂၅ ခုနှစ် စက်တင်ဘာ ၁၁ ရက်တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ပါကြောင်း သတင်းရရှိသည်။



**သတင်းစဉ်**

❖ *ကျောဖုံးမှ*

ကြောင့် ပရိသတ်အားပေးမှုမြင့်တက်ခဲ့သလို ပွဲကောင်းတစ်ပွဲဖြစ်ခဲ့သည်။

၄၃ မိနစ်တွင် ဖြူဖွေးက ပယ်နယ်တီမှတစ်ဆင့် ရန်ကုန်ယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့ခြင်းဖြစ်သည်။ ဒုတိယပိုင်း ၈၂ မိနစ်တွင် ဖြူဖြူဝင်းက ရောဝတီအသင်းအတွက် ချေပဂိုးပြန်သွင်းခဲ့သည်။

ပဒုမ္မာကွင်း၌ ကျင်းပသည့်ပွဲတွင် ရှမ်းယူနိုက်တက်အသင်းက မြဝတီအသင်းကို ငါးဂိုးပြတ်အနိုင်ရခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးများကို ၂၂ မိနစ်တွင် ဂျူလိုင်ကျော်၊ ၆၈၊ ၈၃၊ ၈၅ မိနစ်တွင် ခိုင်သဇင်က ဟက်ထရစ်၊ ၇၇ မိနစ်တွင် နန်းဘရေးက သွင်းယူခဲ့သည်။

ပွဲစဉ် (၆) နောက်ဆုံးနေ့ကို စက်တင်ဘာ ၁၂ ရက်တွင် ပဒုမ္မာကွင်း၌ ကျင်းပမည်ဖြစ်ပြီး သစ္စာအားမာန်အသင်းနှင့် YREO အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သော်လေး**

# ဗိုလ်လောင်းဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲစစ်ဆေးမည့် နေ့ရက်၊ နေရာနှင့်အချိန်တို့အား အသိပေးခြင်း

၁။ စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းတို့အတွက် ဗိုလ်လောင်းလျှောက်လွှာတင်သွင်းသူများသည် ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို အောက်ပါအတိုင်း ဖြေဆိုကြရမည်-

(က) တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်နေ့တွင် အောက်ပါအတိုင်း ဖြေဆိုရမည်-

| | | | | |
|---|---|---|---|---|
| (၁) အင်္ဂလိပ်စာ | ၀၉၀၀ | နာရီမှ | ၁၁၀၀ | နာရီအထိ။ |
| (၂) ဇီဝဗေဒနှင့် ဓာတုဗေဒ | ၁၃၀၀ | နာရီမှ | ၁၅၀၀ | နာရီအထိ။ |

(ခ) တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်နေ့တွင် အောက်ပါအတိုင်း ဖြေဆိုရမည်-

| | | | | |
|---|---|---|---|---|
| (၁) အင်္ဂလိပ်စာ | ၀၉၀၀ | နာရီမှ | ၁၁၀၀ | နာရီအထိ။ |
| (၂) သင်္ချာ | ၁၃၀၀ | နာရီမှ | ၁၅၀၀ | နာရီအထိ။ |

(ဂ) စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်နေ့တွင် အောက်ပါအတိုင်း ဖြေဆိုရမည်-

| | | | | |
|---|---|---|---|---|
| (၁) အင်္ဂလိပ်စာ | ၀၉၀၀ | နာရီမှ | ၁၁၀၀ | နာရီအထိ။ |
| (၂) သင်္ချာ | ၁၃၀၀ | နာရီမှ | ၁၅၀၀ | နာရီအထိ။ |

၂။ စာမေးပွဲများကို မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်အလိုက် အောက်ဖော်ပြပါနေရာများတွင် ဖြေဆိုကြရမည်-

| | |
|---|---|
| (က) နေပြည်တော် | အမှတ်(၃)စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၊ ဆင်ဖြူရှင်ခန်းမ။ |
| (ခ) မြစ်ကြီးနားမြို့ | တိုင်းစစ်ဌာနချုပ်၊ ဗလမင်းထင်ခန်းမ။ |
| (ဂ) လားရှိုးမြို့ | အထက(၅)၊ လားရှိုးမြို့။ |
| (ဃ) တောင်ကြီးမြို့ | တိုင်းစစ်ဌာနချုပ်၊ သံလွင်ခန်းမ။ |
| (င) ခိုလမ်မြို့ | တိုင်းစစ်ဌာနချုပ်၊ အောင်ဇေယျခန်းမ။ |
| (စ) ကျိုင်းတုံမြို့ | တိုင်းစစ်ဌာနချုပ်၊ ပြည်ငြိမ်းအေးခန်းမ။ |
| (ဆ) မော်လမြိုင်မြို့ | တိုင်းစစ်ဌာနချုပ်၊ အောင်ဆန်းခန်းမ။ |
| (ဇ) မြိတ်မြို့ | တိုင်းစစ်ဌာနချုပ်၊ တိုင်းရန်အောင်ခန်းမ။ |
| (ဈ) ရန်ကုန်မြို့ | တပ်မတော်ဆေးတက္ကသိုလ်(ပင်မစာသင်ဆောင်)။ |
| (ည) ပုသိမ်မြို့ | တိုင်းစစ်ဌာနချုပ်၊ ဧရာဝတီခန်းမ။ |
| (ဋ) မုံရွာမြို့ | အထက(၂)၊ အလုံတပ်မြို့။ |
| (ဌ) မန္တလေးမြို့ | တိုင်းစစ်ဌာနချုပ်၊ ရန်အောင်မြင်ခန်းမ။ |
| (ဍ) တောင်ငူမြို့ | အမှတ်(၁၀)တိုက်ပွဲဝင်စည်းရုံးရေးသင်တန်းကျောင်း။ |

၃။ ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုရန်အတွက် သတ်မှတ်ချက်နှင့်ပြည့်စုံပြီး ဖြေဆိုခွင့်ရသူများအား သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အကြောင်းကြားပေးမည်။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင် ဖော်ပြထားသည့် ခုံအမှတ်ဖြစ်သည်။ မိမိတို့လျှောက်လွှာထုတ်ယူရာ တိုင်းစစ်ဌာနချုပ်များတွင် ဖြေဆိုရမည့်ခုံအမှတ်နှင့် ဖြေဆိုရမည့်နေရာများကို သွားရောက်ကြည့်ရှုနိုင်သည်။

၄။ စာမေးပွဲဖြေဆိုရန်လာရောက်သည့်အခါ နိုင်ငံသားစိစစ်ရေးကတ်ကို တစ်ပါတည်းယူဆောင်လာရမည်။ နိုင်ငံသားစိစစ်ရေးကတ် တင်ပြနိုင်ခြင်းမရှိသူများအား ဖြေဆိုခွင့်မပြုပါ။

၅။ အသေးစိတ်သိရှိလိုပါက သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်၊ စာစစ်ဌာနများတွင် စုံစမ်းမေးမြန်းနိုင်သည်။

စစ်ရာထူးခန့်ချုပ်ရုံး
ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

## (တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ -၂၂)

## မြောက်ဥက္ကလာပမြို့နယ်တရားရုံးတော်

## ၂၀၂၅ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၉နှင့် ဆက်နွှယ်သည့် ၂၀၂၅ခုနှစ်၊ တရားမဇာရီမှုအမှတ်-၄၃

ဦးအောင်ကိုဦး နှင့် ဦးမောင်မောင်စိုး
(၎င်း၏အခွင့်ရကိုယ်စားလှယ်စာရသူ
ဦးလှဝင်းစိန်)
(ဒီကရီအနိုင်ရသူ) (တရားရှုံး)

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းခရိုင်၊ မြောက်ဥက္ကလာပမြို့နယ်၊ အမှတ်-၅၅၉၊ ဣန္ဒာ(၂)လမ်း၊ (၈)ရပ်ကွက်နေ တရားရှုံး ဦးမောင်မောင်စိုး (ယခုနေရပ်လိပ်စာ မသိသူ) သိစေရမည်။

၂၀၂၅ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၉ တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဦးအောင်ကိုဦး(၎င်း၏အခွင့်ရကိုယ်စားလှယ်စာရသူ ဦးလှဝင်းစိန်)က လျှောက်ထားလာသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေသို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက် (၁၃၈၇ခုနှစ်၊ တော်သလင်းလဆုတ် ၁၃ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်သို့ လာရောက်ရမည်။

၂၀၂၅ခုနှစ်၊ စက်တင်ဘာလ ၅ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ထက်ထက်ပိုးဥ)
တွဲဖက်မြို့နယ်တရားသူကြီး(၁)
မြောက်ဥက္ကလာပမြို့နယ်တရားရုံး

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက် အမှတ် ၅၁၄/၆၊ ဦးပိုင်အမှတ် ၇၇-က/၅၈လမ်း၊ ၃၀x၃၁ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးဝင်းကျော်အောင် ၉/မရမ(နိုင်)၀၃၅၅၅၀၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၄၃၂၆/၂၀၁၀)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်မိုမို ၅/မရန(နိုင်) ၁၃၂၇၀၅၊ ဒေါ်ကြေးမုံဝင်း ၉/မကန(နိုင်)၀၈၆၃၁၀တို့က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ဟေမမာလာမြောက်ရပ်ကွက်၊ အကွက်အမှတ် (၆၄၇)၊ ဦးပိုင်အမှတ်(၄၁-က)၊ ၇၈လမ်း၊ ၃၆x၃၇လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဒေါ်ဖြူဖြူသန်း ထံမှ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်အမှတ်(၂၀၄၅/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဦးဟိန်းမင်းဇော် ၅/ရဘန(နိုင်)၂၀၂၈၅၇က အမှုတွဲအမှတ် (၀၂၉၉/ဘ(ပြောင်း)/၂၀၂၅-၂၀၂၆)ဖြင့် ဘိုးဘ/ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5E/9581 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ဟသ်ာတ)

## ပတ်စ်ပို့ပျောက်

အရှင်ကောဝိဒ ၇/ပခန(သ) ၀၀၂၉၃၇၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၃၀၂၄၇၇

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြနန္ဒာလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၆၈)၊ မြေကွက်အမှတ်(၇၅၄)ဟုခေါ်တွင်သော ဧရိယာ အကျယ်အဝန်း(၄၀x၆၀)ပေရှိသော မြေကွက်နှင့် မြေပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း ကတိပြုဝန်ခံပြောဆိုသူ ဒေါ်သန်းသန်းဌေး ၁၂/လမတ(နိုင်)၀၁၆၆၇၈ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်မည့်သူရှိပါက ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ဒေါ်ကြူမွှေး ၁၄/မမန(နိုင်) ၁၆၈၀၂၄၏လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်လှဲ့လှဲ့ကြည်(LL.B) ဒေါ်နီနီဇော်(LL.B,DBL)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၅၅၂) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၇၁၇)
အမှတ်(၃၉)၊ မာန်ပြေ(၆)လမ်းအရှေ့၊ (၃)ရပ်ကွက်၊ သာကေတမြို့နယ်၊
ရန်ကုန် တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၉၆၈၁၄၄၈၉၊ ၀၉-၄၄၃၁၃၄၀၁၀

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ ပဲနွယ်ကုန်းမြို့၊ သံမဏိရပ်ကွက်နေ(ဘ) ဦးသောင်းတင်၏သားဖြစ်သူ ဦးကျော်ကျော်ဦး ၇/ကတခ(နိုင်)၀၅၃၀၂၅ နှင့် ဦးကျော်ဦးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးကျော်ဦး(ခ)ဦးကျော်ကျော်ဦး

## ဖခင်အမည်မှန်

လားရှိုးမြို့၊ အထက(ခွဲ) လ(၉)ကျောင်း Grade(5)မှမ နန်းသိင်္ဂီထွေး Grade(3)မှ မောင်ဖိုးလမင်းနှင့် KG မှမ ယမင်းသူဇာတို့၏ ဖခင်အမည်မှာ ဦးအောင်ထွေး ၉/ဝတန(နိုင်)၂၆၈၈၇၄ ဖြစ်ပါကြောင်း။ ဦးအောင်ထွေး

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် SHN/39848, Honda Scoopyi-110 ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းစိုးမင်းထိုက် ၁၃/တကန (နိုင်) ၂၂၂၄၄၅ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ရှမ်းပြည်နယ်ရုံး (တောင်ကြီး)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် SHN/25399, Tricumph 900 ယာဉ်လက်ဝယ်ရှိသူ ဦးစည်သူမျိုးဟန် ၁၃/တကန(နိုင်) ၁၃၅၃၀၇ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ရှမ်းပြည်နယ်ရုံး (တောင်ကြီး)

## မွေးသက္ကရာဇ်အမှန်

ဦးဇိုမှုန် ၁/မညန(နိုင်)၀၈၀၃၉၁၏သား ဇန်လုထောင် အမှတ်(၇) အထက(ခွဲ) ဒဂုံမြို့သစ် (တောင်ပိုင်း) ရန်ကုန်မြို့၏ မွေးသက္ကရာဇ် အမှန်မှာ ၂၄-၁၁-၂၀၀၆ ဖြစ်ပါကြောင်း။

ဇန်လုထောင်

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ် လ-၈၊ ဦးပိုင်အမှတ် ၅၅/၆၇x၆၈လမ်းကြား၊ ၁၁၃x၁၁၄လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်အေးစံ ၉/မရမ(နိုင်)၀၃၀၀၉၄ ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၂၁၈/၂၀၂၁)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးထွန်းလင်းနိုင် ၁၃/တယန(ဧည့်)၀၀၀၂၃၄က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## ငြင်းချက်ထုတ်ရန်ဆင့်စာ

## (တရားမကျင့်ထုံးဥပဒေအမိန့် - ၅ ၊ နည်းဥပဒေ - ၂၀ )

## ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်

## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် -၁၈၈

ဒေါ်မော်မော်ဝင်း နှင့် ဦးစိုးသိမ်း
(တရားလို) (တရားပြိုင်)

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၅၀)ရပ်ကွက်၊ ပိတောက်ဝါလမ်း၊ အမှတ်(၈၈၀/က)နေ ဦးစိုးသိမ်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက "ပဋိညာဉ်အတိုင်း အရောင်းအဝယ်မှတ်ပုံတင် စာချုပ်ချုပ်ပေးစေလိုမှု"လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက် (၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၂ ရက်) မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ် ၊ စက်တင်ဘာလ ၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ချိုကေရီဆွေ)
တွဲဖက်မြို့နယ်တရားသူကြီး
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ် ဖဖ-၆၊ ဦးပိုင်အမှတ် ၉၀/၄၈x၄၉ လမ်းကြား၊ ၁၁၀x၁၁၁ လမ်းကြားရှိ ဦးခင်မောင်ဦး အမည်ပေါက် တောဂရန် မြေကွက်အား တရားလို ဦးအောင်ဝင်းက တရားပြိုင် ဦးခင်မောင်ဦးအပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုမှုဖြင့် ချမ်းမြသာစည်မြို့နယ်၊ တရားရုံးတော်၊ တရားမကြီးမှုအမှတ် (၂၄/၂၀၂၅)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏အနိုင်ဒီကရီရရှိသူ ဦးအောင်ဝင်း (၁၃/လရန (နိုင်)၁၈၅၈၃၀)က တောဂရန်၊ တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက် အမှတ် ဓဓ-၄၊ ဦးပိုင်အမှတ် ၅၀/၆၅x၆၆လမ်းကြား၊ ၁၃၀x၁၃၁ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ရင်ခေါဖိန်း ၉/ခအဇ (နိုင်)၀၅၆၃၁၅က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများ၊မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၇ယ/၂၇၁၃၄, Haojue-110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဝေလွင် ၁၂/ကတန (နိုင်)၀၈၄၅၅၈ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(ရန်ကုန်တောင်ပိုင်း) သန်လျင်မြို့

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ သစ္စာနွယ်လမ်း၊ အမှတ် (၃၁၃)နေ ကျွန်တော် ဦးဟာမိတ်တူဆောင် ၁၂/ဒပန(နိုင်)၀၆၉၅၀၄ နှင့် ကျွန်မ ဒေါ်ဆိုလေမာခါတူ ၁၂/ဒပန(နိုင်)၀၆၉၁၉၈ တို့၏ လွှဲအပ်ညွှန်ကြားချက်အတိုင်း အောက်ပါအတိုင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်-

ကျွန်တော်/ကျွန်မတို့၏ သားကြီးဖြစ်သူ ကိုဇင်မင်းထွန်း (DBN-၀၁၅၀၂၉) သည် မိဘနှစ်ပါးကို ကိုယ်စိတ်နှလုံးစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုမူပြောဆိုပြီး မိမိရသင့်သည့် ငွေပမာဏကိုတောင်းခံကာ မိဘများနေအိမ်မှ သူ့သဘောအတိုင်း ဆင်းသွားပြီး မိဘ၊ မောင်နှမများနှင့်လာရောက်ပတ်သက်မည်မဟုတ်ကြောင်း ပြောဆိုခဲ့သောကြောင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမဆို မိဘမောင်နှမများမှ တာဝန်ယူမည်မဟုတ်ကြောင်းနှင့် နောက်နောင်လုံးဝပတ်သက် ဆက်နွှယ်မှု မရှိတော့ပါကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်အေးအေးချို
တရားလွှတ်တော်ရှေ့နေ (၇၈၂၈/၁၈-၅-၂၀၁၀)
အမှတ်-၁၁(ပထမထပ်)၊ ၁၅၇ လမ်း၊ တာမွေကြီး(က+ဂ)ရပ်ကွက်၊
တာမွေမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၅၂၇၈၃၉၄

**ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (၁၆/၄)ရပ်ကွက်၊ ပြည်သာယာလမ်း၊ အမှတ် ၆၅၇ တွင်တည်ရှိသော (၈)ထပ်ခွဲအဆောက်အအုံပေါ်၌ (၆-ထပ်)(၇လွှာ) ခေါ်တွင်သည့် ဧရိယာ (၃၈x၅၂)ပေရှိ 1975 Sq-ft အကျယ်အဝန်းရှိ ကွန်ဒိုမီနီယံ တိုက်ခန်းနှင့် ယင်းတွင်တွယ်ကပ်တပ်ဆင်ထားပြီးဖြစ်သော ရေ၊ မီး၊ မီတာ၊ Air-con များ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း**

အထက်ပါ ကွန်ဒိုမီနီယံတိုက်ခန်း(၆ထပ်/၇လွှာ) အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို တရားဝင်ပိုင်ဆိုင်၍ အရှုပ်အရှင်းကင်းစွာဖြင့်ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံပြောဆိုသူ ဒေါ်စောမြင့် ၁၂/မဂတ(နိုင်)၀၀၁၀၇၁ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သက်သက်ထွန်း ၁၁/တကန(နိုင်)၀၀၀၄၁၆ မှ ဥပဒေနှင့်အညီ တရားဝင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏စရန်ငွေပေးချေထားပါသည်။ ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ သတင်းစာကြေညာချက်ပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်ခဲ့ခြင်းမရှိပါက အရောင်းအဝယ် ပြီးမြောက်အောင်မြင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမောင်မောင်စိုး(LL.B)၊ တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၂၇၄)
အခန်းအမှတ်(၉၀၄/C) ၊MAC Tower ၊ ကုန်သည်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဖုန်း-၀၉-၄၂၁၇၂၆၄၁၂၊ ၀၉-၇၈၈၂၁၁၃၂၆

## အများသိစေရန်အသိပေးကြေညာခြင်း

ဒေါ်နန်းမေသဇင်ချို ၃/ကကရ(နိုင်)၂၀၁၃၁၆ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည် -

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၄) ရပ်ကွက်၊ သီလ (၉)လမ်း၊ အမှတ်(၂၇၂/A) နေ ဦးမင်းနိုင် ၁၂/ဥကတ(နိုင်) ၂၁၁၃၈၄ နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ ဗိုလ်ချိန် (၆) လမ်း၊ အမှတ် (၄၆၃) နေ ဒေါ်နန်းမေသဇင်ချို ၃/ကကရ(နိုင်)၂၀၁၃၁၆ တို့သည် ဗုဒ္ဓဘာသာဝင်များဖြစ်ကြပြီး (၃-၃-၂၀၂၀) ရက်တွင် တရားဝင် လက်ထပ်ထိမ်းမြားခဲ့သော်လည်း ယခုအခါ တစ်ဦးနှင့်တစ်ဦး သဘောထားခြင်း မတိုက်ဆိုင်တော့သဖြင့် (၂၂-၄-၂၀၂၃) ရက်တွင် အသိသက်သေများ ရှေ့မှောက်၌ နှစ်ဦးသဘောတူအကြင်လင်မယားအဖြစ်မှနှစ်ဦးသဘောတူလက်မှတ်ရေးထိုး ကွာရှင်းပြတ်စဲခဲ့ပါသည်။

သို့အတွက် ကျွန်ုပ်၏အမှုသည် ဒေါ်နန်းမေသဇင်ချိုသည် ဦးမင်းနိုင်နှင့် အကြင်လင်မယားအဖြစ်မှ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ နှစ်ဦးသဘောတူ ကွာရှင်းပြီးစီးကြောင်းနှင့် ထိုနေ့မှစ၍ တစ်ဦးနှင့်တစ်ဦး ပတ်သက် ဆက်နွှယ်မှု အလျဉ်းမရှိတော့ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်အေးမြတ်သူ (LL.B)(DCBL)
အထက်တန်းရှေ့နေ (စဉ် - ၅၃၀၃၁)
ဖုန်း-၀၉-၄၂၃၆၈၂၀၇၇

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6E/4832, Mitsubishi Colt 221A, H/3 ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းမြင့် ၁၂/ဥကတ(နိုင်)၁၉၆၄၂၅ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(ရန်ကုန်တောင်ပိုင်း) သန်လျင်မြို့

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 71W/34419, Honda- 100 ယာဉ်လက်ဝယ်ရှိသူ Auto Ry Co;ltd က ကမ-၃ ပျောက်မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင် လုံ သော အ ထော က် အ ထား များဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀)အတွင်း အောက်ဖော်ပြပါ ရုံးသို့ လာရောက်ဆက်သွယ် ဆောင်ရွက်ပါရန်။

ကညန၊ ခရိုင်ရုံး(မင်းဘူး)

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 46W/78418, Dayang- 125 ယာဉ်လက်ဝယ်ရှိသူ Hla Taw Thar Co;ltd က (ကမ-၃) ပျောက်မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက် ဆက်သွယ် ဆောင်ရွက်ပါရန် ။

ကညန၊ ခရိုင်ရုံး(မင်းဘူး)

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ အောင်စေတနာ/ မင်းကံကြီးအုပ်စု၊ အောင်စေတနာ(ဂ)ရပ်ကွက်၊ ဗိုလ်လက်ျာလမ်း၊ မြေကွက်အမှတ်(၅၂၅) (အနောက်ဘက်အခြမ်း)ဟုခေါ်တွင်သော တပ်ကြပ်ကြီးကျော်စန်း အမည်ပေါက် အလျား(၆၅)ပေxအနံ(၂၀)ပေအကျယ်အဝန်းရှိ အိမ်ဝိုင်းမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား လက်ဝယ်ထားပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူများထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏ မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ပိုင်ရေးဆိုင်ခွင့်ရှိ၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာပါသည့်ရက်မှစတင်ပြီး (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဦးရဲထိုက်အောင် (LL.B,LL.M)၊ တရားလွှတ်တော်ရှေ့နေ၊ စဉ်-၁၇၁၅၅/၂၁)
အမှတ်(၆၄၅)၊ အဝေရာလမ်း၊ အောင်မေတ္တာ(ဃ)ရပ်၊ မကွေးမြို့
ဖုန်း-၀၉-၉၅၄၃၄၅၅၅၆

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၃ယ/၁၉၇၇၆ ယာဉ်လက်ဝယ်ရှိသူ ဦးစိုးနိုင်ဝင်း ၁၀/မဒန(နိုင်)၂၁၄၁၅၂ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး
(မော်လမြိုင်မြို့)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၆ယ/၈၀၄၀၀ ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းထင် ၁၀/ရမန(နိုင်)၁၂၀၈၃၄ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး
(မော်လမြိုင်မြို့)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9F/1654, Toyota Belta SCP92, S/L(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကျော်ထက် ၈/မဘန(နိုင်)၀၈၈၇၆၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး
(ရန်ကုန်အနောက်ပိုင်း)

## မိခင်အမည်မှန်

ပန်းတနော်မြို့နယ်၊ အထက ဇရပ်လှကြီး Grade-12 မှ စကောင်းခန့်ကျော်၏ မိခင်အမည်မှန်မှာ နန့်စေးခလိန် ၁၄/ပတန(နိုင်)၁၃၅၁၉၉ဖြစ်ပါကြောင်း။

## မိခင်အမည်မှန်

ပန်းတနော်မြို့နယ်၊ အထက ဇရပ်လှကြီး Grade-12 မှ မောင်မိုးဝေ၏ မိခင်အမည်မှန်မှာ ဒေါ်ရင်ရင်ဌေး ၁၄/ပတန(နိုင်)၂၈၄၄၃၂ ဖြစ်ပါကြောင်း။

## မိခင်အမည်မှန်

ပန်းတနော်မြို့နယ်၊ အထက ဇရပ်လှကြီး Grade-12 မှ စထက်လင်းအောင်၏ မိခင်အမည်မှန်မှာ ဒေါ်မချူအောင် ၁၄/ပတန(နိုင်) ၁၅၄၅၅၅ဖြစ်ပါကြောင်း။

## အကြောင်းပြရန်ပေးသည့်အကြောင်းကြားစာ
## အောင်လံခရိုင်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် ၄

ဒေါ်သင်းမာအောင် **နှင့်** ၁။ ဒေါ်ခင်ဝေ
၂။ ဦးထွန်းထွန်း

**(လျှောက်ထားသူ)** **(လျှောက်ထားခံရသူများ)**

မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နယ်၊ ညောင်အိုင်ကျေးရွာနေ လျှောက်ထားခံရသူ(၂)ဦးထွန်းထွန်း (ယခုနေ ရပ်လိပ်စာမသိ) သိစေရမည်။

အထက်အမည်ပါ လျှောက်ထားသူက "မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့၊ စမ်းချောင်းရပ်ကွက်၊ ကွင်း/ကွင်းအမည် (၅-စမ်းချောင်း)၊ ဦးပိုင်အမှတ်(၂၂၂)၊ မြေချိန်ဧရိယာ(၀.၀၁၀)ဧကနှင့် ဦးပိုင်အမှတ်(က/၂၂၃)၊ ဧရိယာ (၀.၀၂၄)ဧက၊ အရှေ့လားသော်-ဦးပိုင်အမှတ်(က/၂၁၈)အထိ၊ အနောက်လားသော်-လမ်းမတော်လမ်းအထိ၊ တောင်လားသော်-ဦးပိုင်အမှတ်(၂၂၄)အထိ၊ မြောက်လားသော် ဦးပိုင်အမှတ် (၂၂၁)အထိ ၎င်းနယ်မြေလေးရပ်အတွင်းရှိ ဂရန်မြေပေါ်က်မြေကွက်နှင့်ပတ်သက်၍ တရားမကျင့်ထုံးဥပဒေ အမိန့်-၂၁၊ နည်းဥပဒေ-၅၄ အရ မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းကို ဝရမ်းကပ်သည့် ပညတ်အမိန့်ထုတ်ဆင့်ခဲ့ပါသဖြင့် ၎င်းမြေကွက်အား တရားမကျင့်ထုံးဥပဒေ အမိန့်-၂၁၊ နည်းဥပဒေ-၅၈ အရ ဝရမ်းခွာပေးပါရန် လျှောက်ထားချက်" အကြောင်းနှင့် လျှောက်ထားသည်ဖြစ်၍ သင်ကဤလျှောက်လွှာအတိုင်း အမိန့်မချသင့်ကြောင်း အကြောင်းပြရန် ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ (၂)ရက် မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ ဤရုံးသို့ လာရောက်ရမည်။ မလာရောက်ခဲ့လျှင် အဆိုပါလျှောက်ထားချက်ကို သင့်မျက်ကွယ်တွင် တစ်ဖက်သတ်ကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၉ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဒေါ်ရွှေသင်)**
**ခရိုင်တရားသူကြီး**
**အောင်လံခရိုင်တရားရုံး**

## အကြောင်းပြရန်ပေးသည့်အကြောင်းကြားစာ
## သန်လျင်ခရိုင်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမဇာရီမှုအမှတ် - ၁၆

ဒေါ်မြင့်စပါယ်အောင် **နှင့်** ဦးအာစာရပါ -၅၆
(ကွယ်လွန်သူ ဦးဝမ်ပိုင်၊ ဒေါ်ကျင်ဝမ်၊ ဒေါ်လှ
တို့၏ အမွေထိန်းလက်မှတ်စာရသူ) (၎င်း၏
အခွင့်ရ ကိုယ်စားလှယ်ရသူဒေါ်သင်းသင်းနိုင်)

**တရားနိုင်** **တရားရှုံးများ**

မေတ္တာဝါဒီဓမ္မဝိဟာရကျောင်း (ယခင်မြဝတီကျောင်း)၊ မြို့ဟောင်းအနောက်ရပ်ကွက်၊ သန်လျင်မြို့ရပ်နေ ဒေါ်နန္ဒထေရီ (ဘ) ဦးအောင်သိန်း၊ ဒေါ်သုစာရီ (ဘ) ဦးလှသာထွန်း၊ ဒေါ်ခေမေသီ (ဘ) ဦးညီ၊ ဒေါ်ဓမ္မစာရီ (ဘ) ဦးမောင်ငွေ၊ ဒေါ်သုစာရီ (ဘ) ဦးကျော်စိန်၊ ဒေါ်မာလာရီ (ဘ) ဦးကျော်မြိုင်၊ ဒေါ်သေီဂီ (ဘ) ဦးကြီးငွေ၊ ဒေါ်ကုသလစာရီ(ဘ) ဦးအောင်ဒင်၊ ဒေါ်ခယဂါမီ (ဘ) ဦးသာဟန်၊ ဒေါ်ဝဏ္ဏစာရီ (ဘ) ဦးကျော်ခွေး၊ ဒေါ်ဝေဠုဝတီ (ဘ) ဦးပါ၊ ဒေါ်ဥတ္တမသိင်္ဂီ (ဘ) ဦးရေသာထွန်း၊ ဒေါ်ဥတ္တရသိင်္ဂီ (ဘ) ဦးခင်ထွန်းနွယ်၊ ဒေါ်သုဓမ္မာ (ဘ) ဦးရွက်ငင်း၊ ဒေါ်ဝဏ္ဏသိင်္ဂီ(ဘ)ဦးအိုက်ညွန့်၊ မကေသာရီ (ဘ) ဦးအိုက်ဒီ၊ မယုနန္ဒာ (ဘ) ဦးရန်နိုင်၊ မရူပဝတီ (ဘ) ဦးစံခိုင်၊ ဒေါ်ဉာဏစာရီ (ဘ) ဦးဘကြိုင်၊ ဒေါ်သီရိစန္ဒာ (ဘ) ဦးကာဘိ၊ ဒေါ်သုစာရီ (ဘ) ဦးသာအင်း၊ ဒေါ်ဝိမလနန္ဒီ (ဘ) ဦးလှရှိန်၊ မရူပဝတီ (ဘ) ဦးစံခိုင်၊ ဒေါ်သုဓမ္မစာရ (ဘ) ဦးထွန်းဆိုင်၊ ဒေါ်စန္ဒသိရီ (ဘ) ဦးထွန်းဆိုင်၊ ဒေါ်ပညာနန္ဒီ (ဘ) ဦးစံမွှေ၊ ဒေါ်ဓမ္မစာရီ (ဘ) ဦးမူ၊ ဒေါ်သုန္ဒရီ (ဘ) ဦးထွန်းကြည်၊ ဒေါ်ပညာစာရီ (ဘ) ဦးမောင်ဝင်း (ယခု နေရပ်လိပ်စာမသိသူ) သိစေရမည်။

အထက်အမည်ပါ တရားနိုင် ဒေါ်မြင့်စပါယ်အောင်က တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ၃၅ (၁) အရ အပ်ဝရမ်းထုတ်ဆင့်ပေးပါရန် လျှောက်ထားသည့်အကြောင်းနှင့် လျှောက်ထားသည်ဖြစ်၍ သင်က ဤလျှောက်လွှာအတိုင်း အမိန့်မချသင့်ကြောင်း အကြောင်းပြရန် ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက် (၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၃ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ ဤရုံးသို့လာရောက်ရမည်။ မလာရောက်ခဲ့လျှင် အဆိုပါလျှောက်ထားချက်ကို သင့်မျက်ကွယ်တွင် တစ်ဖက်သတ် ကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အောင်ကိုကို)**
**ဒုတိယခရိုင်တရားသူကြီး (၄)**
**သန်လျင်ခရိုင်တရားရုံး**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
## (တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ -၂၂)
## ကလေးမြို့နယ်တရားရုံးတော်
## ၂၀၂၅ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၂နှင့် ဆက်နွယ်သည့်
## ၂၀၂၅ခုနှစ်၊ တရားမဇာရီမှုအမှတ်-၁၀

ဦးဇော်ဝင်း **နှင့်** ဒေါ်သန်းသန်းဌေး

**(တရားနိုင်)** **(တရားရှုံး)**

ကလေးမြို့၊ အမှတ်(၁)ရပ်ကွက်၊ ရွှေမြောင်တောင်ကြားရပ်နေ ဒေါ်သန်းသန်းဌေး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၂တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဦးဇော်ဝင်းက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၂ရက်(၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁ရက်)မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်တွင် ဤရုံးတော် တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(လင်းကိုကိုဟိန်း)
ဒုတိယမြို့နယ်တရားသူကြီး(၁)
ကလေးမြို့နယ်တရားရုံး

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၂၀)
## ပဲခူးမြို့နယ်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၄၂

ဒေါ်စမ်း (ခ) ဒေါ်သီတာ **နှင့်** ဒေါ်အေးအေးစန်း

**(တရားလို)** **(တရားပြိုင်)**

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ရှင်စောပုရပ်ကွက်၊ ဆိုရှယ်လစ် (၁၄)လမ်းနေ ဒေါ်အေးအေးစန်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်စမ်း (ခ) ဒေါ်သီတာက "ခေတ္တခဏ မေတ္တာဖြင့် ချေးငွေ- ၁၅၀၀၀၀၀၀/-(ကျပ်သိန်းတစ်ရာ့ငါးဆယ်တိတိ)ရလိုမှု" စွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ခုနှစ်၊ စက်တင်ဘာလ(၂၉)ရက်၊ (၁၃၈၇ခုနှစ်၊ သီတင်းကျွတ်လဆန်း ၈ ရက်) မွန်းမတည့်မီ (၁၀) နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ခုနှစ်၊ စက်တင်ဘာ(၈)ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ချမ်းသာဌေး)
ဒုတိယမြို့နယ်တရားသူကြီး (၂)
ပဲခူးမြို့နယ်တရားရုံး

**တစ်ဦးတည်း ဖြစ်ပါကြောင်း**

တောင်ငူမြို့နယ်၊ အထက(ခွဲ) ဇီးပင်သာမှ ဒု-အလယ်တန်းပြ ဆရာမ ဒေါ်နန်းကေလိုင် (၇/ဒဥန(နိုင်)၁၅၄၄၄၀) နှင့် ဒေါ်ကျော့ကေခိုင် (၇/ဒဥန(နိုင်)၁၂၁၉၀၁)တို့၏ ဖခင်အမည်မှာ ဦးအုံး(ခ)ဦးအုန်း (၇/ဒဥန(နိုင်)၀၁၀၃၂၆)သည် တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးအုံး(ခ)ဦးအုန်း**

## အမည်မှန်နှင့် ဖခင်အမည်မှန်

ပန်းတနော်မြို့နယ်၊ အထက မရမ်း Grade-12မှ နမ့်ယူပါဝင်း၏ အမည်မှန်မှာ နမ့်ရှုပါဝင်း ဖြစ်ပြီး ဖခင်အမည်မှန်မှာ စသန့်ဇော်ဝင်း ၁၄/ပတန (နိုင်) ၁၈၇၄၄၄ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့၊ အထက (၁) Grade-12 မှ မခင်ပပနိုင်၏ ဖခင် ဦးဟံဝင်း၏ အမည်မှန်မှာ ဦးဟန်ဝင်း ၁၂/မဘန(နိုင်)၁၅၆၁၀၉ ဖြစ်ပါကြောင်း။

**ဦးဟန်ဝင်း**

## ဒေါ်ဝင့်မို့မို့ကျော်(၁၂/သဃက(နိုင်)၁၇၃၈၆၅)(ဘ-ဦးအောင်ကျော်ဦး)နှင့် အများသိစေရန်အသိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အေးသစ္စာရပ်ကွက်၊ အမှတ် (၇၅၉) ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်(အောင်ချမ်းသာတိုးချဲ့) ၊မြေကွက်အမှတ်(၇၅၉)၊ ဧရိယာ(၄၀ပေx၆၀ပေ)ရှိ (ဦးမြင့်လှိုင်) (၁၂/သလန(နိုင်)၀၃၀၀၇၄)အမည်ပေါက် ပါမစ်မြေအမျိုးအစား မြေကွက်နှင့်အိမ်အပါအဝင် ဆက်နွယ်တွယ်ကပ်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဆုမြတ်သီရိ(၁၄/လပတ(နိုင်)၂၃၂၃၁၁)မှ အမည်ပေါက် ဦးမြင့်လှိုင်ထံမှ အရောင်းအဝယ်အရပ်ကတိစာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူခဲ့ပြီး ယနေ့ထိ လက်ဝယ်ထားပိုင်ဆိုင်လျက်ရှိပါသည်။ ကျွန်ုပ်၏မိတ်ဆွေ ဝယ်ယူပိုင်ဆိုင်လျက်ရှိသော အထက်ပါမြေကွက်၏ ပါမစ်မူရင်းနှင့်စာချုပ်စာတမ်းမူရင်းများအား ဒေါ်ဝင့်မို့မို့ကျော်မှ မြို့ပြနှင့်အိုးအိမ်ဌာနရှိ မြေယာဌာနတွင် တိုက်ဆိုင်စစ်ဆေးပေးရန် လိုအပ်ကြောင်းယုံကြည်အောင်ပြောဆိုပြီး (၈-၉-၂၀၂၅)ရက်က ကျွန်ုပ်၏မိတ်ဆွေထံမှ ယူဆောင်သွားခဲ့ပါသည်။ ၎င်းအား ဖုန်းအကြိမ်ကြိမ်ဆက်သွယ်သော်လည်း ဖုန်းစက်ပိတ်ထားပါသဖြင့် ယနေ့ထိ ၎င်းယူဆောင်သွားသော စာရွက်စာတမ်းမူရင်းများပိုင်ရှင်ထံသို့ လာရောက်ပေးအပ်ခြင်း မရှိခဲ့ပါ။ သို့ဖြစ်ပါ၍ အထက်ပါ မြေကွက်နှင့်အိမ်အား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ မည်သူတစ်ဦး တစ်ယောက်အား ရောင်းချထားခြင်း၊ပေးကမ်းထားခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများလုံးဝမရှိပါကြောင်းနှင့် ပါမစ်မူရင်းနှင့် စာချုပ်စာတမ်း မူရင်းများ၊ စာရွက်စာတမ်းမူရင်းများအား လက်ဝယ်ထားသူများအား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ ဒေါ်ဝင့်မို့မို့ကျော်နှင့်အတူ ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝေဝေအောင် (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၄၆၈)**
**အမှတ်၁၂၉၇ /အေ၊ ဇာတိဂုဏ်လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း – ၀၉ – ၄၂၀၀၅၇၄၉၈**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၅)၊ မြေကွက်အမှတ်(၁၁၂၆) ဟုခေါ်တွင်သော မြေအလျား x အနံ (၄၀x၆၀)ပေရှိ မြေချပါမစ်မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မူလအမည်ပေါက်ပိုင်ဆိုင်သူ ဦးစိုးဝင်း (၁၂/ဒဂန(နိုင်)၀၂၆၆၇၁)ထံမှ အရောင်းအဝယ်စာချုပ်စာတမ်းအဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးနီလာထွန်း (၉/ပမန(နိုင်)၁၂၂၂၈၄)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဦးစွန်သို့(စ်)ကူမာရ် (၇/ဖမန(နိုင်)၁၇၈၄၇၂)က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက် လိုသူများရှိပါက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင် စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ယင်း နေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးဝင်းသူရဇော်(LL.B)** | **ဒေါ်ယမင်းထွေး(LL.B)** | **ဦးရဲသီဟ(LL.B)** |
| **အထက်တန်းရှေ့နေ (စဉ်-၄၂၀၆၆)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၃၆၅)** | **အထက်တန်းရှေ့နေ (စဉ်-၅၆၃၆၆)** |

**အမှတ်(၁၀၁)၊ ကံ့ကော်မြိုင်(၂)လမ်း၊ (၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ဖုန်း-၀၉-၇၇၂၇၇၇၇၁၂၊ ၀၉-၄၅၆၉၉၆၇၇၆၊ ၀၉-၉၇၃၀၀၂၁၁၇**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇၉)၊ မြေကွက်အမှတ် (၁၅၄၇/M) ဟုခေါ်တွင်သော မြေအလျား x အနံ (၄၀x၆၀)ပေရှိ နှစ်(၆၀)မြေငှားဂရန် မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်အမည်ပေါက်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန် ခံကတိပြုသူ ဒေါ်ဇင်နှင်းအေး (၁၂/တမန(နိုင်)၁၀၅၇၀၅)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးမင်းသူအောင် (၁၂/ဒဂတ(နိုင်)၀၅၁၄၅၄)က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင် စာချုပ်စာတမ်း များနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးဝင်းသူရဇော်(LL.B)** | **ဒေါ်ယမင်းထွေး(LL.B)** | **ဦးရဲသီဟ(LL.B)** |
| **အထက်တန်းရှေ့နေ (စဉ်-၄၂၀၆၆)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၃၆၅)** | **အထက်တန်းရှေ့နေ (စဉ်-၅၆၃၆၆)** |

**အမှတ်(၁၀၁)၊ ကံ့ကော်မြိုင်(၂)လမ်း၊ (၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ဖုန်း-၀၉-၇၇၂၇၇၇၇၁၂၊ ၀၉-၄၅၆၉၉၆၇၇၆၊ ၀၉-၉၇၃၀၀၂၁၁၇**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၀)၊ မြေကွက်အမှတ် (၄၇၃)ဟုခေါ်တွင်သော မြေအလျား x အနံ (၄၀x၆၀)ပေရှိ နှစ်(၆၀)မြေငှားဂရန် မြေကွက်နှင့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အား မူလအမည်ပေါက်ပိုင်ဆိုင်သူ ဦးသောင်းရွှေ (N/OKA- ၀၃၆၄၃၇) (၁၂/ဥကမ(နိုင်)၀၆၄၈၆၈)ထံမှ အရောင်းအဝယ် စာချုပ်စာတမ်းအဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ခိုင်ဇာလွင် (၁၂/ဒဂတ(နိုင်)၀၃၅၃၆၃)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဒေါ်ရွှေစင် (၁၃/လရန(နိုင်)၀၅၃၉၇၅)က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင် စာချုပ်စာတမ်း များနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးဝင်းသူရဇော်(LL.B)** | **ဒေါ်ယမင်းထွေး(LL.B)** | **ဦးရဲသီဟ(LL.B)** |
| **အထက်တန်းရှေ့နေ (စဉ်-၄၂၀၆၆)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၃၆၅)** | **အထက်တန်းရှေ့နေ (စဉ်-၅၆၃၆၆)** |

**အမှတ်(၁၀၁)၊ ကံ့ကော်မြိုင်(၂)လမ်း၊ (၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ဖုန်း-၀၉-၇၇၂၇၇၇၇၁၂၊ ၀၉-၄၅၆၉၉၆၇၇၆၊ ၀၉-၉၇၃၀၀၂၁၁၇**

## မွေးသက္ကရာဇ်မှန်

ကရင်ပြည်နယ်၊ ဘားအံမြို့၊ ယူရီကိုယ်ပိုင် အထက်တန်းကျောင်း G-12 မှ မစိုးပြည့်ဝေသျှန်၏ မွေးသက္ကရာဇ်အမှန်မှာ ၂-၁၀-၂၀၀၇ အစား ၁၂-၁၀-၂၀၀၇ ဖြစ်ပါကြောင်း။

**မစိုးပြည့်ဝေသျှန်**

## အမည်ပြောင်းလဲခေါ်ဝေါ်ပါရန်

ကန်ကြီးထောင့်မြို့နယ်၊ ကုလားကွင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း Grade-3 တွင် ပညာသင်ကြားနေသော (ဘ) ဦးလင်းထိုက်စိုး၏သား မောင်စွမ်းပြည့်စုံအား မောင်စွမ်းသစ်အောင်ဟု ပြောင်းလဲခေါ်ဝေါ်ပါရန်။

**မောင်စွမ်းသစ်အောင်**
**အထက -ကုလားကွင်း**

## ဖခင်အမည်မှန်

သာယာဝတီမြို့နယ်၊ သုံးဆယ်မြို့၊ အခြေခံပညာအထက်တန်းကျောင်း Grade-12 မှ မောင်ရှိုင်းမြင့်မြတ်အောင်၏ ဖခင်အမည်မှန်မှာ ဦးမန်းစိန် ၇/သဝတ(နိုင်)၀၀၉၂၅၂ ဖြစ်ပါကြောင်း။

**ဦးမန်းစိန်**

## အမည်မှန်နှင့် ဖခင်အမည်မှန်

မြောင်းမြမြို့၊ အထက (၁)၊ G-10 (STEAMS-1)မှ ကျောင်းဝင်အမှတ် (၂၇၂၅၅) ကျောင်းသူ မယွန်းနေခြည်၏ အမည်မှန်မှာ မရွှေစင်ထွန်း ဖြစ်ပြီး ဖခင်အမည်မှန်မှာ ဦးဌေးဝင်း ၁၄/မမန(နိုင်)၀၇၆၉၁၆ ဖြစ်ပါကြောင်း။

**မရွှေစင်ထွန်း(ဖခင်) ဦးဌေးဝင်း**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၅)၊ မြေကွက်အမှတ် (၅၁)၊ မြေကွက်တည်နေရာ – အမှတ် (၅၁)၊ ဗန္ဓုလလမ်း၊ (၄၅)ရပ်ကွက်၊ ဒဂုံမြောက် (ဦးသိန်းစိုးဝင်း) အမည်ပေါက် နှစ်(၆၀) မြေငှားစာချုပ် ဂရန်မြေအား MBU – ၀၇၅၆၄၅၊ ဂရန်အမည်ပေါက် ဦးသိန်းစိုးဝင်း (ခင်ပွန်း) ကွယ်လွန်သဖြင့် ၎င်း၏တရားဝင်ဇနီးတော်စပ်သူ နော်စဲလ်ဒါ ( ၁၂/မရက(နိုင်)၀၁၉၉၅၅)မှ ဇနီးတော်စပ်ကြောင်း၊ အခြားဇနီးမယား တစ်ဦးတစ်ယောက်မျှမရှိကြောင်း၊ ခင်ပွန်းဖြစ်သူမှာ ဗုဒ္ဓဘာသာဝင်ဖြစ်သည့်အားလျော်စွာ အထက်ပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား ကျန်ရစ်သူမိမိသာလျှင် တရားဝင်အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကတိသစ္စာပြုလွှာ၊ ထပ်ဆင့်ကျမ်းကျိန်လွှာ (၂)စောင်၊ ခင်ပွန်းသေစာရင်း၊ အိမ်ထောင်စုစာရင်း၊ ဂရန်၊ နိုင်ကတ်တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ညောင်လေးပင်မြို့၊ မြို့မ(၃)ရပ်ကွက်၊ ရပ်(၉)ဈေးပိုင်းရပ်၊ ဦးပိုင်အမှတ်(၉က)၊ မြေကွက်အမှတ်(၃၄$^{A}$)၊ဧရိယာ(၀ဒသမ၀၆၇)ဧကအား မိတ္ထီလာမြို့နေ ဦးကျော်စွာလင်း ပါ(၂)ဦး အမည်ဖြင့် ခွဲစိတ်အမည်ပြောင်း သက်တမ်းတိုး မြေငှားဂရန် မြေ အရှေ့ဘက်၌ မြေလပ်၊ အနောက်ဘက်၌ ဈေးအနောက်လမ်း၊ တောင်ဘက်၌ မြေကွက်အမှတ် (၃၄$^{B}$)၊ မြောက်ဘက်၌ လမ်းကြား တို့တည်ရှိပြီး ကန့်ကွက်လိုပါက ၁၈-၉-၂၀၂၅ရက် မတိုင်မီ ဆိုင်ရာအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက(ခွဲစိတ်အမည်ပြောင်း သက်တမ်းတိုး မြေငှားဂရန် ခွင့်ပြုပေးမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။)

**ညောင်လေးပင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## တစ်ဦးတည်းဖြစ်ကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ဥတိုမှ ဒုတိယ အလယ်တန်းပြ ဒေါ်မာမာစမ်း ၁၂/တကန(နိုင်)၁၁၁၅၆၁ နှင့် ဒေါ်မာမာစန်းမှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဒေါ်မာမာစမ်း(ခ)ဒေါ်မာမာစန်း**

## အမည်မှန်

ပန်းတောင်းမြို့နယ်၊ ဆင်တဲကျေးရွာနေ ဦးဝင်းသွင် ၅/ကလထ(နိုင်)၁၅၃၈၂၁နှင့် ဒေါ်မြင့်မြင့်သန်း ၅/ကလထ(နိုင်) ၁၉၉၈၈၉တို့၏သား မောင်စိုးမိုးသွင် ၅/ကလထ(နိုင်) ၁၉၉၈၅၃၏ အမည်မှန်မှာ မောင်အောင်စိုးမိုးသွင် ဖြစ်ပါကြောင်း။

**မောင်အောင်စိုးမိုးသွင်**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရန်အောင်(၁)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၆/ရုံးရပ်၊ ဦးပိုင်အမှတ်(၁၁ဆ)၊ ဧရိယာ (၀.၀၁၄)ဧကရှိ ဦးဘသန်း (ပါ) ၂ ဦး အမည်ပေါက်ဘိုးဘပိုင်မြေကွက်အား ဒေါ်ခင်ခင်နွယ် (ဘိလစ်) ၁၄/လပတ(နိုင်)၁၈၀၆၂၅ မှ ပျဉ်းမနားခရိုင်တရားရုံး၏ တရားမကြီးမှုအမှတ် (၂၄၀/၂၀၂၂)၊ တရားမဇာရီမှုအမှတ် (၁၉/၂၀၂၄)၊ နိုင်ငံသား စိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး ဦးတင်ရှိန်း ၉/မလန(နိုင်)၀၀၁၅၃၇ နှင့် မှတ်ပုံတင်အရောင်း အဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင် သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## သားများအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ သရက်မြို့နယ်၊ ရေတွက်အုပ်စု တောကျောင်း ကျေးရွာနေ (ဦးကျန်စိုး)-ဒေါ်သောင်းကြည်တို့၏ သားများဖြစ်ကြသော ဦးသန်းထွန်းလတ် ၈/သရန(နိုင်) ၀၅၂၆၁၄နှင့်ဦးကျော်မိုးသူ ၈/သရန (နိုင်) ၀၇၁၂၁၃တို့သည် မိခင်၏ ဆိုဆုံးမမှုကို နားမထောင်၊ မိခင်အိုအား ထောက်ပံ့ပြုစုခြင်းမရှိဘဲ ၎င်းတို့၏ ဆန္ဒအလျောက် ပြုမူဆောင်ရွက်နေပါသဖြင့် ယနေ့မှစ၍ သားများဖြစ်မှု အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သောင်းကြည်**
**၈/သရန(နိုင်)၀၃၅၂၄၁**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## စစ်ကိုင်းပညာရေးတက္ကသိုလ်
## မဟာပညာရေးဘွဲ့(MEd) သင်တန်းဝင်ခွင့်စာမေးပွဲလျှောက်လွှာခေါ်ယူခြင်း

၁။ စစ်ကိုင်းပညာရေးတက္ကသိုလ်တွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် မဟာပညာရေးဘွဲ့(MEd) သင်တန်းကို အောက်ဖော်ပြပါ အထူးပြုဘာသာရပ်များအလိုက် သတ်မှတ်ဦးရေ ကန့်သတ်ဖွင့်လှစ်သင်ကြားမည်ဖြစ်ပါသည်-
(က) ပညာရေးသဘောတရားနှင့်ပညာရေးစီမံခန့်ခွဲမှု
(ခ) ပညာရေးစိတ်ပညာ
(ဂ) သင်ရိုးညွှန်းတမ်းနှင့်သင်ပြနည်း
(ဃ) ကာယပညာနှင့်ကျောင်းကျန်းမာရေး

၂။ လျှောက်ထားသူများသည် စစ်ကိုင်းပညာရေးတက္ကသိုလ်တွင် မဟာပညာရေးဘွဲ့ (MEd) သင်တန်း ဝင်ခွင့်စာမေးပွဲကို အောက်ပါအတိုင်းဖြေဆိုရမည်-

| | | |
|---|---|---|
| (က) (၆-၁၁-၂၀၂၅)ရက်နေ့ | ဝ၉:ဝဝ နာရီ မှ ၁၂:ဝဝနာရီထိ | သက်ဆိုင်ရာအထူးပြု ပညာရေးဘာသာရပ် |
| (ခ) (၇-၁၁-၂၀၂၅)ရက်နေ့ | ဝ၉:ဝဝနာရီ မှ ၁၂:ဝဝနာရီထိ | အင်္ဂလိပ်စာဘာသာရပ် |

၃။ ရေးဖြေစာမေးပွဲအောင်မြင်သူများကို (၁၃-၁၁-၂၀၂၅)ရက် ကြာသပတေးနေ့တွင် လူတွေ့စစ်ဆေးမည်။

၄။ မဟာပညာရေးဘွဲ့(MEd) သင်တန်းဝင်ခွင့်စာမေးပွဲကို အောက်ပါအရည်အချင်းနှင့် ပြည့်စုံသူများ ဖြေဆိုခွင့် လျှောက်ထားနိုင်သည် -
(က) မဟာပညာရေးဘွဲ့ (MEd)သင်တန်းတက်ရောက်ခွင့်လျှောက်ထားသူသည် ပြည်ထောင်စု မြန်မာနိုင်ငံသား ဖြစ်ရမည်။
(ခ) ပညာရေးဘွဲ့ရရှိ၍ မဟာပညာရေးဘွဲ့ သင်တန်းတက်ရောက်ရန် အဆင့်မီသူဖြစ်ရမည်။
(ဂ) ကာယပညာနှင့်ကျောင်းကျန်းမာရေးဘာသာရပ်လျှောက်ထားသူများသည် ကာယပညာနှင့် ကျောင်းကျန်းမာရေး အထူးပြုဖြင့် ပညာရေးဘွဲ့ရရှိပြီး ပညာရေးတက္ကသိုလ်များတွင် ကာယပညာနှင့်ကျောင်းကျန်းမာရေးဌာနၥ် နည်းပြအဖြစ် တာဝန်ထမ်းဆောင်နေသူ (သို့မဟုတ်) ကာယပညာနှင့်ကျောင်းကျန်းမာရေးအထူးပြုဖြင့် ပညာရေးဘွဲ့ရရှိပြီး မဟာပညာရေးဘွဲ့သင်တန်း တက်ရောက်ရန် အဆင့်မီသူဖြစ်ရမည်။
(ဃ) သင်ကြားရေးနှင့် သုတေသနဆိုင်ရာလုပ်ငန်း ဆောင်ရွက်နေသူများဖြစ်ပြီး (၂-၁၂-၂၀၂၅) ရက်နေ့တွင် တစ်ဆက်တည်းလုပ်သက်အနည်းဆုံး (၂)နှစ်ရှိသော လက်ရှိတာဝန်ထမ်းဆောင်နေသူ ဖြစ်ရမည်။
(င) ပညာရေးဘာသာရပ်ဆိုင်ရာ (သို့မဟုတ်) ကာယပညာနှင့်ကျောင်းကျန်းမာရေးဘာသာရပ်ဆိုင်ရာ (၃)နာရီ မေးခွန်းနှင့် အင်္ဂလိပ်စာ(၃)နာရီ မေးခွန်းတို့ကို ရေးဖြေဖြေဆိုရမည် ဖြစ်ပြီး ဖြေဆိုအောင်မြင်ပါက လူတွေ့နှုတ်ဖြေစစ်ဆေးဖြေဆိုရမည်။
(စ) ပညာရေးတက္ကသိုလ် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာနမှ ဖွင့်လှစ်သော မဟာဒသသန (ပညာရေး)ဘွဲ့ရရှိပြီး ပညာရေးဝန်ကြီးဌာနတွင် ပညာရေးဝန်ထမ်းအဖြစ် လက်ရှိတာဝန် ထမ်းဆောင်နေသူဖြစ်ပါက ဝင်ခွင့်စာမေးပွဲ ဖြေဆိုရန်မလိုဘဲ လူတွေ့နှုတ်ဖြေစစ်ဆေးခြင်း ပြုလုပ်မည်ဖြစ်ပါသည်။
(ဆ) ပညာရေးတက္ကသိုလ်မှ ဖွင့်လှစ်သော မဟာပညာရေးဘွဲ့(အရည်အချင်းစစ်) သင်တန်း ပြီးမြောက်အောင်မြင်သူဖြစ်ပါက ဝင်ခွင့်ရေးဖြေစာမေးပွဲဖြေဆိုရန်မလိုဘဲ လူတွေ့နှုတ်ဖြေ စစ်ဆေးခြင်းပြုလုပ်မည်ဖြစ်ပါသည်။

၅။ စစ်ကိုင်းပညာရေးတက္ကသိုလ် ၊ ပြည်နယ်/တိုင်းဒေသကြီး ပညာရေးမှူးရုံးများတွင် (ပူးတွဲ)သတ်မှတ်ထားသည့် လျှောက်လွှာပုံစံရယူပြီး စစ်ကိုင်းပညာရေးတက္ကသိုလ် သင်တန်းရေးရာဌာနတွင် (၂၆-၉-၂၀၂၅) ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားရမည်။

၆။ လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ အထောက်အထားများ တင်ပြရမည် -
(က) အမှတ်စာရင်း မူရင်းနှင့် မိတ္တူမှန်
(ခ) ဝန်ထမ်းဖြစ်ကြောင်းနှင့် လုပ်သက်မှန်ကန်ကြောင်း သက်ဆိုင်ရာကျောင်းအုပ်ကြီး၏ ထောက်ခံချက်
(ဂ) ပတ်စပို့ဓါတ်ပုံ (၂) ပုံ
(ဃ) မဟာပညာရေးဘွဲ့(MEd)သင်တန်း ဝင်ခွင့်စာမေးပွဲကို ဖြေဆိုခွင့်ပြုကြောင်းနှင့် ဝင်ခွင့် စာမေးပွဲဖြေဆိုအောင်မြင်ပါက အချိန်ပြည့်တက်ရောက်ခွင့်ပြုကြောင်း သက်ဆိုင်ရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(သို့မဟုတ်) ညွှန်ကြားရေးမှူးချုပ်ကိုယ်စား တာဝန်ပေးအပ် ထားသော အရာရှိများ၊ ကျောင်းအုပ်ကြီးတို့၏ ထောက်ခံချက်
(င) ပညာရေးတက္ကသိုလ် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာနမှ ဖွင့်လှစ်သော မဟာဒသသန (ပညာရေး)ဘွဲ့ရရှိသူများနှင့် မဟာပညာရေးဘွဲ့ (အရည်အချင်းစစ်)သင်တန်း ပြီးမြောက်အောင်မြင်ပြီး မဟာပညာရေးဘွဲ့(MEd) သင်တန်း ဆက်လက်တက်ရောက်ခွင့်ရရှိသူများသည် အချိန်ပြည့် တက်ရောက်ခွင့်ပြုကြောင်း၊ သက်ဆိုင်ရာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် (သို့မဟုတ်) ညွှန်ကြားရေးမှူးချုပ်ကိုယ်စား တာဝန်ပေးအပ်ထားသော အရာရှိများ၊ ကျောင်းအုပ်ကြီးတို့၏ ထောက်ခံချက်

၇။ အသေးစိတ်အချက်အလက်များကို ဘာသာရပ်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာပညာရေးဘာသာရပ် ပါမောက္ခ(ဌာနမှူး) များထံတွင် လည်းကောင်း၊ စစ်ကိုင်းပညာရေးတက္ကသိုလ်သင်တန်းရေးရာဌာနတွင်လည်းကောင်း စုံစမ်းနိုင်ပါသည်။

**ဒုဌာနမှူး(သင်တန်း)**
**စစ်ကိုင်းပညာရေးတက္ကသိုလ်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## စစ်ကိုင်းပညာရေးတက္ကသိုလ်
## မဟာပညာရေးဘွဲ့(အရည်အချင်းစစ်)MEd(Q)သင်တန်းဝင်ခွင့်စာမေးပွဲလျှောက်လွှာ ခေါ်ယူခြင်း

စစ်ကိုင်းပညာရေးတက္ကသိုလ်တွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် မဟာပညာရေးဘွဲ့ (အရည်အချင်းစစ်)MEd(Q) သင်တန်းကို အောက်ဖော်ပြပါသတ်မှတ်ချက်များအတိုင်း သင်တန်းသား ဦးရေ ကန့်သတ်ဖွင့်လှစ် သင်ကြားမည်ဖြစ်ပါသည်-

၁။ **အထူးပြုဘာသာရပ်**
ပညာရေးသဘောတရားနှင့်ပညာရေးစီမံခန့်ခွဲမှု (သို့မဟုတ်) ပညာရေးစိတ်ပညာ (သို့မဟုတ်) သင်ရိုးညွှန်းတမ်းနှင့်သင်ပြနည်း(သို့မဟုတ်) ကာယပညာနှင့်ကျောင်းကျန်းမာရေး(တစ်ခုကို သာရွေးချယ်လျှောက်ထားရမည်။ တစ်ခုထက်ပိုလျှောက်ပါက လုံးဝစဉ်းစားမည်မဟုတ်ပါ။)

၂။ **သင်တန်းကာလ**
၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဒီဇင်ဘာလ(၂)ရက်နေ့မှ စက်တင်ဘာလ(၃၀)ရက်နေ့အထိ ပညာသင်နှစ်(၁)နှစ် သတ်မှတ်ပါသည်။

၃။ **စစ်ကိုင်းပညာရေးတက္ကသိုလ်တွင် တက်ရောက်ခွင့်ရှိသူများ**
ဆရာအတတ်ပညာဦးစီးဌာနအောက်ရှိ ပညာရေးဒီဂရီကောလိပ်များ (မြစ်ကြီးနား၊ တောင်ကြီး၊ လားရှိုး၊ လှိုင်ကော်၊ မန္တလေး၊ မိတ္ထီလာ၊ စစ်ကိုင်း၊ မုံရွာ၊ဟားခါး၊ကျိုင်းတုံ၊ကသာ၊မကွေး၊ပခုက္ကူ) အခြေခံပညာဦးစီးဌာန၊ ပညာရေးသုတေသန စီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ ကျောင်းပြင်ပ နှင့်တစ်သက်တာပညာရေးဦးစီးဌာနများတွင် တာဝန်ထမ်းဆောင်နေပြီး ပညာရေးဘွဲ့ရ ဆရာ၊ ဆရာမ၊ ဝန်ထမ်းများသည် စစ်ကိုင်းပညာရေးတက္ကသိုလ်တွင် တက်ရောက်ခွင့်ရှိပါသည်။

၄။ **လိုအပ်သည့်ပညာအရည်အချင်း**
ပညာရေးဘွဲ့(BEd)ရရှိသူဖြစ်ပြီး အရည်အချင်းစစ်ရေးဖြေနှင့် နှုတ်ဖြေစာမေးပွဲကို အောင်မြင်သူ ဖြစ်ရပါမည်။

၅။ **အသက်ကန့်သတ်ချက်**
အသက်ကန့်သတ်ချက်မရှိပါ။

၆။ **လုပ်သက်သတ်မှတ်ချက်**
ပညာရေးဝန်ကြီးဌာနအောက်ရှိ ဆရာအတတ်ပညာဦးစီးဌာန၊ အခြေခံပညာဦးစီးဌာန၊ ပညာရေး သုတေသနစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ကျောင်းပြင်ပနှင့်တစ်သက်တာပညာရေးဦးစီးဌာနများတွင် တာဝန်ထမ်းဆောင်နေပြီး သင်တန်း စတင်ဖွင့်လှစ်မည့်နေ့၌ လုပ်သက်(၅)နှစ်ပြည့်သူပညာရေးဘွဲ့ရ ဆရာ၊ဆရာမ၊ ဝန်ထမ်းဖြစ်ရမည်။

၇။ **လိုအပ်သောအထောက်အထားများ**
လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ အထောက်အထားများတင်ပြရမည်-
(က) အမှတ်စာရင်းမူရင်းနှင့်မိတ္တူမှန်
(ခ) ပတ်စပို့အရွယ်ဓာတ်ပုံ(၂)ပုံ
(ဂ) ဝန်ထမ်းဖြစ်ကြောင်းနှင့် လုပ်သက်မှန်ကန်ကြောင်း၊ မဟာပညာရေးဘွဲ့ (အရည်အချင်းစစ်) MEd(Q)သင်တန်း ဝင်ခွင့်စာမေးပွဲကို ဖြေဆိုခွင့်ပြုကြောင်းနှင့် ဝင်ခွင့်စာမေးပွဲ ဖြေဆိုအောင်မြင်ပါက အချိန်ပြည့် တက်ရောက်ခွင့်ပြုကြောင်း သက်ဆိုင်ရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(သို့မဟုတ်) ညွှန်ကြားရေးမှူးချုပ် (ကိုယ်စား) တာဝန်ပေးအပ်ထားသော အရာရှိများ၊ ကျောင်းအုပ်ကြီးတို့၏ ထောက်ခံချက် တင်ပြရမည်။

၈။ **လျှောက်လွှာပိတ်မည့်ရက်**
လျှောက်လွှာများကို (၂၆-၉-၂၀၂၅) ရက် (သောကြာနေ့)တွင် နောက်ဆုံးလက်ခံမည်ဖြစ်ပါသည်။

၉။ **လျှောက်လွှာလက်ခံမည့်နေရာ**
လျှောက်လွှာများကို စစ်ကိုင်းပညာရေးတက္ကသိုလ်၊ သင်တန်းရေးရာဌာနတွင် တိုက်ရိုက် လျှောက်ထား နိုင်ပါသည်။

၁၀။ **ဝင်ခွင့်စာမေးပွဲ ကျင်းပမည့် နေရာ၊ ရက်၊ အချိန်နှင့် ဘာသာရပ်**
ဝင်ခွင့်စာမေးပွဲကို စစ်ကိုင်းပညာရေးတက္ကသိုလ်တွင် (၆-၁၁-၂၀၂၅)ရက်(ကြာသပတေးနေ့)၊ နံနက်(၉:ဝဝ)နာရီမှ (၁၁:ဝဝ)နာရီထိ၊ သက်ဆိုင်ရာအထူးပြု ပညာရေးဘာသာရပ် (မေးခွန်းလွှာတစ်ခု -၂နာရီမေးခွန်း) ဖြေဆိုရမည်။

၁၁။ **လူတွေ့နှုတ်ဖြေ ဖြေဆိုရမည့် နေ့ရက်**
လူတွေ့နှုတ်ဖြေကို (၁၂-၁၁-၂၀၂၅)ရက် (ဗုဒ္ဓဟူးနေ့)တွင် ဖြေဆိုရပါမည်။

၁၂။ **သင်တန်းစတင်ဖွင့်လှစ်မည့်ရက်**
မဟာပညာရေးဘွဲ့(အရည်အချင်းစစ်) MEd(Q)သင်တန်းကို (၂-၁၂-၂၀၂၅)ရက် (အင်္ဂါနေ့)တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပါသည်။

၁၃။ **စုံစမ်းရန်**
အသေးစိတ်အချက်အလက်များကို ဘာသာရပ်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဘာသာရပ် ပါမောက္ခ (ဌာနမှူး)များထံတွင် လည်းကောင်း၊ စစ်ကိုင်းပညာရေးတက္ကသိုလ် သင်တန်းရေးရာဌာနတွင်လည်းကောင်း စုံစမ်းနိုင်ပါသည်။

